# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကိုမြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက် | ၂၀၂၁ ခုနှစ်၊ မတ် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၆၁)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများဆွေးနွေး

**နေပြည်တော် မတ် ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် Head of the European Union Military Staff (EUMS) ဖြစ်သူ Vice Admiral Herve Blejean နှင့် ယနေ့ မွန်းလွဲပိုင်းတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများ၊ ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်းပါ ပြဋ္ဌာန်းဥပဒေများနှင့်အညီ ဖြေရှင်း ဆောင်ရွက်နေသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ Covid-19 ကပ်ရောဂါ ကာကွယ်ဆေးရရှိရေး ဆောင်ရွက်မှုနှင့် ဆေးထိုးပေးနိုင်မှု အခြေအနေများအား အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် Head of the European Union Military Staff (EUMS) တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

# သတင်းဌာန ၅ ခုအား ထုတ်ဝေခြင်းလုပ်ငန်းများ ပိတ်သိမ်းကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက အမိန့်ထုတ်ပြန်

**နေပြည်တော် မတ် ၉**

ပြန်ကြားရေးဝန်ကြီးဌာနက အမိန့်အမှတ်(၁/၂၀၂၁)ကို ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအမိန့်တွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခြင်း သို့မဟုတ် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကျူးလွန်နေသူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခြင်းကို ပြုလုပ်လျက်ရှိသည့် သတင်းဌာနများအား ထုတ်ဝေခွင့်ပိတ်သိမ်းရန် အခွင့်အာဏာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ နှင့် ပုဒ်မ ၄၂၀ တို့အရ ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာနအား အပ်နှင်းခဲ့ကြောင်း၊ သို့ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများ ပြစ်မှုကျူးလွန်သူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့် ဖော်ပြနေကြသည့် ယခင်က ထုတ်ဝေခွင့်ပြုပေးခဲ့သော မဇ္ဈိမ၊ DVB၊ ခေတ်သစ်မီဒီယာ၊ Myanmar Now နှင့် 7 Day သတင်းဌာနတို့၏ ထုတ်ဝေခြင်းလုပ်ငန်းအသီးသီးကို ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်ကြောင်း၊ ယင်းသတင်းဌာနများသည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ခြင်း မပြုကြရန် ဖော်ပြပါရှိပါသည်။

**သတင်းစဉ်**

## အငြိမ်းစားလစာ ထုတ်ယူကြသည့် ပင်စင်စား မိဘပြည်သူများ အဆင်ပြေချောမွေ့စေရေး


ဆောင်းပါး စာ ၆


## အမေရိကန် ပြည်နယ်များတွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေးလိုက်သည့်အတွက် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု များပြားလာမည်ကို စိုးရိမ်နေကြ


နိုင်ငံတကာရေးရာ စာ ၁၄

# တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ကို တာဝန်ယူထားစဉ်ကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် " တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်သွားမည်" ဆိုသည့် လုပ်ငန်းစဉ်ကို ထည့်သွင်းချမှတ်ထားသည်။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင်လည်း "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါအတိုင်း အလေးထားဆောင်ရွက်သွားရေး"ဆိုသည့် နိုင်ငံရေးဦးတည်ချက်တစ်ရပ်ကို ထည့်သွင်းချမှတ်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးချိန်မှစ၍ ပထမဆုံးအကြိမ် ကျင်းပသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၁) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "အမှန်တကယ်တွင် NCA သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှတစ်ဆင့် တိုင်းရင်းသားပြည်သူအားလုံးအလိုရှိနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်သောအခင်းအကျင်းများကို အုတ်မြစ်ချထားခြင်းဖြစ်ကြောင်း၊ ယင်းအပေါ်တွင် မိမိတို့အနေဖြင့် ညှိနှိုင်းဆွေးနွေးအဖြေရှာပြီး သဘောတူညီချက်များအရ ဆက်လက်အကောင်အထည်ဖော်တည်ဆောက်သွားနိုင်မှသာ ပြီးပြည့်စုံသည့် ပြည်ထောင်စုပုံသဏ္ဍာန် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း" အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။ ထို့အပြင် "ယင်းနေရာတွင် တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းဆိုသည့် ဒီမိုကရေစီယဉ်ကျေးမှုကို လိုက်နာရန် အလွန်အရေးကြီးကြောင်း၊ မည်သို့ပင် ကြီးမားသည့် ပြဿနာများဖြစ်ပါစေ နှစ်ဖက်တွေ့ဆုံညှိနှိုင်းမည်ဆိုပါက အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း"ကိုလည်း အလေးအနက် ပြောကြားခဲ့သည်။

တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းသည် ဒီမိုကရေစီယဉ်ကျေးမှုဖြစ်သည်။ ညှိနှိုင်းအဖြေရှာခြင်းက ပုဆိန်နှင့် ခုတ်ရမည့်နေရာတွင် အပ်နှင့် ထွင်းနိုင်ရန်ဖြစ်သည်။ ပြဿနာအစိုင်အခဲကြီးကြီးကို သေးငယ်သွားစေရန်နှင့် ပပျောက်သွားစေရန်လည်းဖြစ်သည်။ မိမိလိုလားမှုနှင့် တစ်ဖက်မှလိုလားမှုတို့ အကျိုးစီးပွားချင်း ဆန့်ကျင်နေပါက အပေးအယူ အလျှော့အတင်းတို့ ပြုလုပ်ရသည်။ တင်းမာသည့် သဘောထားရပ်တည်ချက်ကို တရားသေဆုပ်ကိုင်ထားမှုများသည် ဒီမိုကရေစီယဉ်ကျေးမှုမဟုတ်။ အပြန်အလှန် နားလည်စာနာမှု၊ လေးစားမှုတို့ဖြင့် ဆွေးနွေးညှိနှိုင်းမှုကို ရှင်သန်နေစေရသည်။

ငြိမ်းချမ်းရေးကဗျာစာဆို ဆရာကြီး ဒဂုန်တာရာက တွေ့ဆုံညှိနှိုင်းအဖြေရှာခဲ့သည့် အတွေ့အကြုံတစ်ခုကို ဆောင်းပါးတစ်ပုဒ်တွင် ဤသို့ ရေးသားခဲ့သည်။ "မူလအဆိုကြမ်းရေးဆွဲသော ဆပ်ကော်မတီကတင်ပြသည့် စာတမ်းမှာ စာကြောင်း ၁၅ ကြောင်းလောက် ရှိသည်။ ဤ ၁၅ ကြောင်းမျှသော စာတမ်းကို ၄-၅ ည ဆက်၍ငြင်းကြခုံကြသည်။ ကော်မရှင်တက်သူများမှာ စာတတ်၊ စကားတတ်ပညာရှင်များဖြစ်ရာ စကားလုံးတစ်လုံးလေးနှင့် တစ်ညကြာသည်လည်းရှိသည်။ သို့ဖြင့် အငြင်းအခုံ၊ အချေအတင်ဖြင့် ဆွေးနွေးကာ ဟိုကဖြုတ်၊ ဒီကဖြုတ်နှင့် လာခဲ့ရာ မူလ ၁၅ ကြောင်းမျှသော စာသားမှာ နောက်ဆုံး၌ ၈-၉ ကြောင်းလောက်သာ ကျန်လေတော့သည်။ ထိုအခါ ကန့်ကွက်သူ တစ်ယောက်မျှမရှိတော့ဘဲ အားလုံးတညီတညွတ်တည်း သဘောတူချက်ရလေသည်။" ဟူ၍ ဖြစ်သည်။

အငြင်းအခုံပြုကြခြင်းသည် အကျေအလည်ဖြစ်စေရန်ဖြစ်ပြီး အလျှော့အတင်း၊ အတိုးအဆုတ်၊ အပေးအယူပြုကြခြင်းမှာ တွေ့ဆုံညှိနှိုင်းခြင်း၏သဘောသဘာဝတစ်ရပ်သာဖြစ်သည်။ ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ပဋိပက္ခဆီသို့ ဦးမတည်စေဘဲ သူလည်းဝမ်းသာ၊ ငါလည်းရွှင်ပြုံးနိုင်သည့် (Win-Win) ရလဒ်ဆီသို့ ရောက်ရှိနိုင်ရန်မှာ နိုင်ငံရေးယဉ်ကျေးမှု မြင့်မားကြရမည် ဖြစ်ပါကြောင်း။ ။

# (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁) ရက် သောကြာနေ့မှ (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့အထိ နေ့စဉ်နံနက် (၉:၀၀) နာရီမှ မွန်းလွဲ (၁၆: ၀၀)နာရီအတွင်း (ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁၆: ၀၀) နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထား ပြန်လည်တင်သွင်းရန် နေ့စဉ်ထုတ် သတင်းစာများတွင် ဖိတ်ခေါ်ထားပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ လျှောက်ထားလိုသူ ကိုယ်စားလှယ်လောင်းများ ပိုမိုအဆင်ပြေစေရေးအတွက် ယင်းအဆိုပြုလွှာပုံစံများ နောက်ဆုံးထား ပြန်လည်တင်သွင်းရမည့် နေ့ရက်ကို (၂၇-၃-၂၀၂၁) ရက် (စနေနေ့) မွန်းလွဲ (၁၆: ၀၀) နာရီ မတိုင်မီအချိန်အထိ တင်သွင်းနိုင်ရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်
ရွေးချယ်တင်မြှောက်ရေးအဖွဲ့
အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

# အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော် မတ် ၉

COVID-19 ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများအား ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့၊ အမ်းမြို့နှင့် မြောက်ဦးမြို့တို့ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းများ၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ကျောင်းဝင်းများအတွင်းအပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် စာသင်ဆောင်များ အတွင်းအပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၂/ ၂၀၂၁) ကျင်းပမည်

နေပြည်တော် မတ် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၂/၂၀၂၁) ကို မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

# အများပြည်သူကို စိတ်ဓာတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်လို

CDM လှုပ်ရှားဆောင်ရွက်ထားသည့် ဝန်ထမ်းများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ထမ်းဆောင်မှုမရှိဘဲ အကြောင်းအမျိုးမျိုးပြ၍ လစာထုတ်နေကြသည်များကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအလိုက် စနစ်တကျစစ်ဆေးအရေးယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်မညီသည့် အကြောင်းအရာများနှင့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနှင့် မလျော်ညီစွာ ဝတ်စားဆင်ထားသည့် ဓာတ်ပုံများ အထူးသဖြင့် လူမှုကွန်ရက်မျက်နှာစာများတွင် အရှက်တရား၊ အကြောက်တရားမရှိ ဓာတ်ပုံများ ဖော်ပြနေမှုများရှိကြောင်း၊ ယင်းလုပ်ရပ်မှာ အများပြည်သူကို စိတ်ဓာတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးကိုကို သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) ဖူးမြော်ပြီး ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့နံနက် ၉ နာရီခွဲက တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် သံဝေဇနိယလေးဌာနရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဓမ္မစကြာတရား ဦးဟောတော်မူရာ “ဟော” စေတီသို့လည်းကောင်း၊ မြတ်စွာဘုရား မဟာပရိနိဗ္ဗာန်စံတော်မူရာ “စံ” စေတီသို့ လည်းကောင်း၊ မြတ်စွာဘုရားလောင်း ဖွားတော်မူရာ “ဖွား” စေတီသို့လည်းကောင်း လှည့်လည်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဂေါပကအဖွဲ့ရုံး၌ ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။ ဆက်လက်၍ သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော်များ၏ ဂေါပကအဖွဲ့ဝင်များက တာဝန်ယူထားသည့် ဌာနအလိုက် လုပ်ငန်းများနှင့် စေတီတော်တစ်ဆူချင်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဘုရားစေတီတော်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ပြန်လည်ဖူးမြော်ခွင့် ရရှိပြီးဖြစ်သောကြောင့် စနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နွေရာသီ ဆည်ရေ နည်းပါးချိန်တွင် ရေအခက်အခဲ မရှိစေရန်အတွက် ရေရရှိမည့် အစီအမံများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခက်အခဲရှိပါက ချက်ချင်းတင်ပြရန် လိုအပ်ကြောင်း၊ မိမိအားပေးအပ်သော တာဝန်ကို တီထွင်ကြံဆဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဂေါပကအဖွဲ့ဝင်များသည် ကုသိုလ်စိတ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၅၇၀၂၃ ဦး၊ အတွင်းလူနာ ၃၆၉၈ ဦးအား တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများအား ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့်လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၅၁၆ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၃၃၆ ဦး၊ စုစုပေါင်း ၃၈၅၂ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံ အသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၄၄၃ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၂၂၀၇ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၃၆၅၀ ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမင်း ကို ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သက်ဆိုင်ရာဌာနများကဥပဒေရေးဆွဲပြီး ပြဋ္ဌာန်းခြင်းမပြုနိုင်သေးသည့် ဥပဒေမူကြမ်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၉**

ဥပဒေများပြဋ္ဌာန်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ဥပဒေစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆွေအောင်နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်က "ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ဥပဒေများရေးဆွဲပြီး ပြဋ္ဌာန်းခြင်း မပြုနိုင်သေးသည့် ဥပဒေများ များစွာရှိသည်ဟု သိရှိရကြောင်း၊ တက္ကသိုလ်များရှိ ဥပဒေဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများကို ထုတ်နုတ်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပူးပေါင်းကာ ဥပဒေများအမြန်ဆုံးပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်"ဟု ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေး အစည်းအဝေးအမှတ်စဉ် ၁/၂၀၂၂ တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ယနေ့အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံးသို့ တင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူသည့်ကာလအတွင်း အရေးတကြီး ပြဋ္ဌာန်းရန်လိုအပ်သည့်ဥပဒေမျိုးကိုသာ ပြဋ္ဌာန်းနိုင်ရေး တင်ပြရန်ဖြစ်ပြီး public consultation နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးစဉ်းစားရမည့် ဥပဒေမျိုးကို လတ်တလောပြဋ္ဌာန်းရန် သင့် မသင့် စဉ်းစားသင့်ကြောင်း၊ ပြဋ္ဌာန်းမည့်ဥပဒေများသည် နိုင်ငံတော်က ယခုချမှတ်ထားသောမူဝါဒများ၊ ဦးတည်ချက်များအပေါ် ထိခိုက်နိုင်ဖွယ် ရှိ မရှိ တို့ကို အကြံပြုဆွေးနွေးပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်က သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လက်ရှိဥပဒေမူကြမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်နှင့် ညီညွတ်ခြင်း ရှိ မရှိ ထည့်သွင်းစဉ်းစား၍ ခေတ်စနစ်နှင့်အညီ လတ်တလောပြဋ္ဌာန်းရန် လိုအပ်ခြင်း ရှိ မရှိကို အစည်းအဝေးတွင် ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားခဲ့ရာ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက အသီးသီးပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## တိုင်းဒေသကြီးအတွင်း စည်ပင်သာယာလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရန်ကုန် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ က ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးသို့သွားရောက်၍ တိုင်းဒေသကြီးအတွင်း စည်ပင်သာယာလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**မြေအောက်ရေ ထိန်းသိမ်းနိုင်**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကြည်တင်က တိုင်းဒေသကြီး စည်ပင်သာယာအဖွဲ့ ဖွဲ့စည်းပုံနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက် ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်မှ ယခုနှစ်အတွင်း ကြိုးပမ်းဆောင်ရွက်ထားမှုကို ကျေနပ်အားရကြောင်း၊ ရာသီဥတုပူပြင်းလာခြင်း၊ မြေအောက်ရေ နည်းလာခြင်းတို့ကြောင့် မြို့နယ်များမှ စီမံခန့်ခွဲခွင့်ရှိသည့် မြေများတွင် ရေစုကန်များ တူးခြင်းဖြင့် မြေအောက်ရေထိန်းသိမ်းနိုင်ခြင်း၊ အရန်ရေ သိုလှောင်နိုင်ခြင်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မြို့နယ်တစ်ခုချင်းအလိုက် လမ်းလုပ်ငန်းလျာထားချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများကိုလည်း အားရပါကြောင်း ပြောကြားသည်။

**လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်း**

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## သတင်းကြေညာချက်

မြန်မာသံရုံး၊ လန်ဒန်မြို့မှ သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၈-၃-၂၀၂၂ ရက်နေ့တွင် အသိပေးကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။

သံအမတ်ကြီးအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသော အမိန့်/ညွှန်ကြားချက်/မူဝါဒများအတိုင်း လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ အဆိုပါကြေညာချက်အား မိမိသဘောဆန္ဒအလျောက် ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။

သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်တွင် ဗြိတိန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခံရသူဖြစ်ပြီး၊ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ဗြိတိန်ဘုရင်မကြီးထံသို့ ၅-၃-၂၀၁၄ ရက်နေ့က ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။ ပြီးခဲ့သည့် အစိုးရလက်ထက်တွင် လုပ်ငန်းလိုအပ်ချက်အရ ၎င်းအား အငြိမ်းစားကာလ ပြည့်မြောက်ပြီးဖြစ်သည့်တိုင် ဆက်လက်တာဝန်ပေးအပ်ခဲ့ပါသည်။

သံအမတ်ကြီး ဦးကျော်စွာမင်းသည် ပေးအပ်ထားသည့် တာဝန်ဝတ္တရားများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် ၎င်းအား ယနေ့ ၉-၃-၂၀၂၂ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့မိန့်ထုတ်ပြန်လျက် ခေါ်ယူထားပြီးဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၉ ရက်**

# ဥတ္တရခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**ဥတ္တရသီရိ မတ် ၉**

ဥတ္တရခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုးနှင့် နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဒေါ်ဆွေဆွေနိုင်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီသည် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် သဘောသဘာဝ အနည်းငယ်ကွဲပြားမှုရှိပြီး နိုင်ငံတော်၏ ပြည်ထောင်စုအဆင့်ရုံးများ ရုံးစိုက်ရာ ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်ကို စီမံခန့်ခွဲအုပ်ချုပ်ရခြင်းဖြစ်၍ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မတူညီသော အုပ်ချုပ်ရေးဆိုင်ရာ လျင်မြန်စွာဆောင်ရွက်ပေးရသည့် အခြေအနေမျိုးရှိကြောင်း၊ အထွေထွေ




အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး ကာလအတွင်း ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြောင်းကို သိရှိရသဖြင့် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ မည်သို့သော အုပ်ချုပ်ရေး စနစ်မျိုးမှာပင်ဖြစ်ဖြစ် တာဝန်ကျေပွန်သည့် ဝန်ထမ်းများအဖြစ်နှင့် ကျရာအခန်းကဏ္ဍမှာ တာဝန်သိသိ သစ္စာရှိစွာဖြင့် အုပ်ချုပ်ရေးယန္တရား ပိုမိုအားကောင်းခိုင်မာအောင် ဆောင်ရွက်ပေးခဲ့သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က ဝန်ထမ်းများနှင့် တွေ့ဆုံရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၃၉ ဦး အတွက် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

အလားတူ ဥတ္တရခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ဝန်ထမ်း ၄၂ ဦး အတွက် အခြေခံစားသောက်ကုန်များကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ဝန်ထမ်း ၆၁ ဦး အတွက် အခြေခံ စားသောက်ကုန်များကိုလည်းကောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထောက်ပံ့ပေးအပ်သည်။ (ဓာတ်ပုံ)

မွန်းလွဲပိုင်းတွင် ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ်ရှိ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး ဆေးရုံဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မန္တလေး အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး မတ် ၉**

မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကိုအမှာစကားပြောကြားသည်။ (ဓာတ်ပုံ)

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများနှင့် ဈေး အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်ကို က နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီမှ ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှ တတိယအချက်ဖြစ်သော ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်ဟူသော ရှေ့လုပ်ငန်းစဉ်ကို ချမှတ်ထားပါကြောင်း၊ ချမှတ်ထားသော လုပ်ငန်းစဉ်ပါအတိုင်း မန္တလေးမြို့ရှိ ဈေးများကိုဖွင့်လှစ်ပြီး ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်အောင် ဆောင်ရွက်ရန် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဈေးများ ဖွင့်နိုင်ရန် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဈေးဖွင့်နိုင်ရေး ဆောင်ရွက်ရာတွင် ဝယ်သူအကျိုး၊ ရောင်းသူအကျိုး၊ ထုတ်လုပ်သူအကျိုး၊ ကာယဉာဏဝန်ထမ်းများ၏ အကျိုးကို ရှေးရှုဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဈေးချိုတော် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အခက်အခဲများရှိပါက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ ကူညီ ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး





ကော်မတီမှ တာဝန်ရှိသူများ၊ ဈေးအကျိုးတော်ဆောင်များက လိုအပ်သည်များကို ဆွေးနွေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ ဈေးချိုတော်ကြီးကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ မတ်လ ၂၁ ရက်တွင် ဖွင့်လှစ်နိုင်ရန် လျာထားပြီး မန်းမြန်မာပလာဇာနှင့် ရတနာပုံဈေးတို့ကိုလည်း ဖွင့်လှစ်နိုင်ရေး ဆက်လက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အသိပေးကြေညာချက်

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့အား လိုက်နာခြင်းမရှိဘဲ ဆူပူဆန္ဒဖော်ထုတ်လျက်ရှိသူများသည် လုံခြုံရေးတာဝန်ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့အား လုပ်ငန်းတာဝန်ဆောင်ရွက်၍မရအောင် တိုက်ခိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ရိုက်ပုတ်ထိုးနှက်ခြင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများအား CDM ပြုလုပ်စေရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ အငြိမ်းစားတပ်မတော်သားများ၊ အငြိမ်းစားရဲတပ်ဖွဲ့ဝင်များနှင့် အချို့သော ပြည်သူလူထုအား ရဲသတင်းပေး၊ စစ်သတင်းပေးဟု စွပ်စွဲကာ မတရားဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ထိုးကြိတ်ခြင်း၊ အရှက်ရစေရန် ကတုံး တုံးခြင်း၊ ဆံပင်ထိပ်ကွက်ခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း၊ ရာသက်ပန်ရုပ်အဆင်းပျက်စေရန်နှင့် အရှက်ရစေရန် မျက်နှာအား တက်တူးထိုးခြင်းများစသည့် မင်းမဲ့စရိုက်ဆန်စွာ ညှဉ်းပန်းနှိပ်စက်ပြုမူကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း မပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၁၈၆၊ ၁၈၉ နှင့် ၃၅၃ အရလည်းကောင်း ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၃၃၂၊ ၃၃၃၊ ၃၄၂ အရလည်းကောင်း၊ မျက်နှာကို အမြဲရုပ်ဆင်းပျက်အောင်ပြုလုပ်ပြီး နာကျင်စေမှုကျူးလွန်ပါက ရာဇသတ်ကြီးပုဒ်မ ၃၂၅၊ ၃၂၆ ဖြင့်လည်းကောင်း၊ တစ်ဦးတစ်ယောက်အား အရှက်ရစေရန် ကတုံး တုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း စသည်ဖြင့် ပြုလုပ်ပါက လူ့ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြုလုပ်ခြင်းဖြစ်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၅၂၊ ၃၅၄ နှင့် ပုဒ်မ ၅၀၀ ဖြင့်လည်းကောင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား CDM ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၅၀၅-က၊ ၅၀၆နှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)ဖြင့်လည်းကောင်း အရေးယူနိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၂၀ နှစ် အထိ ကျခံစေနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် မိမိတို့အား အထက်ဖော်ပြပါ ကျူးလွန်မှုများ ကျူးလွန်လာလျှင်ဖြစ်စေ၊ ကျူးလွန်ခံရနိုင်သည့် အန္တရာယ်ရှိလာလျှင်ဖြစ်စေ နီးစပ်ရာရဲစခန်းသို့လည်းကောင်း၊ မိမိတို့နေထိုင်ရာ နယ်မြေဒေသရှိ ခရိုင်အလိုက်တွင် အသိပေးကြေညာကာ တပ်ဆင်ထားရှိပြီးဖြစ်သော တယ်လီဖုန်းနံပါတ်များသို့လည်းကောင်း သတင်းပို့တိုင်တန်းနိုင်ကြောင်းနှင့် သတင်းပို့တိုင်တန်းလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ချက်ချင်း အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# အငြိမ်းစားလစာထုတ်ယူကြသည့် ပင်စင်စားမိဘပြည်သူများ အဆင်ပြေချောမွေ့စေရေး

**ပြည့်ဖြိုးအောင်(စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)**

**လစဉ် လတစ်လ၏ တတိယပတ် (၂၁ ရက်နေ့မှစ၍ နောက်ပိုင်း) မှစတင်၍ မိမိတို့နိုင်ငံရှိ ပင်စင်စားမိဘပြည်သူများသည် ယင်းတို့၏ ဘဝတစ်လျှောက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို နှစ်ပြည့်/ သက်ပြည့် ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးနောက် ရရှိလာသည့်အငြိမ်းစားလစာများကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ် ၊ ဘဏ်ခွဲများတွင် သွားရောက်ထုတ်ယူလေ့ရှိကြပါသည်။ ယခုအခါ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာမှု၊ နည်းပညာတိုးတက်ပြောင်းလဲလာမှုတို့ကြောင့် ပင်စင်လစာထုတ်ယူရန် အချိန်ကုန်သက်သာ၍ ပိုမိုလွယ်ကူစေသည့် နည်းလမ်းများကို ရွေးချယ်အသုံးပြုနိုင်ကြပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါနည်းလမ်းများအား မသိရှိသေးသည့် ပင်စင်စားမိဘပြည်သူများ အနေဖြင့် နှစ်သက်ရာ နည်းလမ်းကို ရွေးချယ်အသုံးပြုနိုင်စေရန်နှင့် အများပြည်သူဗဟုသုတရရှိစေရန် ရည်ရွယ်ပါသည်။**

**ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှု**

အငြိမ်းစားလစာ ထုတ်ယူလေ့ရှိသည့် အဆိုပါ နည်းလမ်းများမှာ (က) ဘဏ်သို့ မိမိကိုယ်တိုင် သွားရောက်၍ဖြစ်စေ၊ (သို့မဟုတ်) ကိုယ်စားလှယ် စေလွှတ်၍ဖြစ်စေ ထုတ်ယူသည့် နည်းလမ်း (ပင်စင်စာအုပ် (သို့မဟုတ်) e-Pension ကတ်တို့နှင့်အတူ)၊ (ခ) မိုဘိုင်းဖုန်းကိုအသုံးပြု၍ ထုတ်ယူသည့်နည်းလမ်းနှင့် (ဂ) ငွေစုဘဏ်စာရင်း၊ စာရင်းရှင် စာရင်း၊ ATM စာရင်းသို့ ပြောင်းလဲထည့်သွင်း၍ ထုတ်ယူသည့် နည်းလမ်းတို့ဖြစ်ကြပါသည်။ အလျဉ်းသင့်၍ တင်ပြရလျှင် မိုဘိုင်းဖုန်းကို အသုံးပြု၍ ထုတ်ယူသည့်နည်းလမ်းမှာ Fintech ဟုသည့် ဘဏ္ဍာရေးဆိုင်ရာနည်းပညာများဖွံ့ဖြိုးတိုးတက်လာ၍ ဖြစ်ပါသည်။ Fintech ဆိုသည်မှာ ဘဏ္ဍာရေး (Finance) နှင့် နည်းပညာ (Techno-logy) ပေါင်းစပ်ထားသည့် စကားလုံးဖြစ်သည့် အတွက် ဘဏ္ဍာရေးဆိုင်ရာနည်းပညာဟု အလွယ်တကူ သိရှိနားလည်နိုင်ပါသည်။ Fintech နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းဖြင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များတွင် ယခင်ကထက် အချိန်ကုန်သက်သာ၍ မြန်ဆန်ချောမွေ့စွာ လုပ်ဆောင်နိုင်သည့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

**နည်းလမ်း(၃)မျိုး**

ပင်စင်စားမိဘပြည်သူများအနေဖြင့် အငြိမ်းစား လစာများကို အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်သည့်နည်းလမ်း (၃) မျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**(က) ဘဏ်သို့ မိမိကိုယ်တိုင်သွားရောက်၍ ဖြစ်စေ၊ (သို့မဟုတ်) ကိုယ်စားလှယ်စေလွှတ်၍ဖြစ်စေ ထုတ်ယူသည့် နည်းလမ်း**

ပုံမှန်အားဖြင့် ပင်စင်စားမိဘပြည်သူများသည် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများသို့ လူကိုယ်တိုင်သွားရောက် ထုတ်ယူလေ့ရှိကြပါသည်။ ထိုသို့ထုတ်ယူရာ၌ မိမိတို့တွင်ရှိသည့် e-Pension ကတ် (သို့မဟုတ်) ပင်စင်စာအုပ်ကို ယူဆောင်သွား၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်စေလွှတ်၍ဖြစ်စေ ထုတ်ယူကြပါသည်။ အငြိမ်းစားလစာများကို ကိုယ်စားလှယ်ဖြင့် ထုတ်ယူလေ့ရှိသူများသည် သက်ဆိုင်ရာဘဏ်များမှ ထုတ်ပေးထားသည့် ကိုယ်စားလှယ်လွှဲစာဖောင်တွင် လက်မှတ်ရေးထိုးပေးရမည်ဖြစ်ပြီး ပြန်တမ်းဝင် အရာရှိတစ်ဦး (သို့မဟုတ်) သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ လက်မှတ်ပါရှိရပါမည်။ မိသားစု ပင်စင်ခံစားသူများသည် ၃လတစ်ကြိမ်နှင့် ကိုယ်တိုင် ပင်စင်ခံစားသူများသည် ၆ လတစ်ကြိမ် အသက်ရှင် လျက်ရှိကြောင်း သက်ဆိုင်ရာဘဏ်သို့ ကိုယ်တိုင် သွားရောက်အကြောင်းကြားပေးရပါသည်။ ယခု အခါ နည်းပညာ တိုးတက်လာသည်နှင့်အညီ ဘဏ်သို့ မိမိတို့ကိုယ်တိုင်သွားရောက်ရန် အခက် အခဲရှိပါက မိမိတို့၏မိုဘိုင်းဖုန်းများကို အသုံးပြု၍ ဘဏ်ခွဲမန်နေဂျာသို့ဆက်သွယ်ကာ Viber (သို့မဟုတ်) Video Call အသုံးပြုခြင်းဖြင့် အကြောင်းကြား အတည်ပြုနိုင်ပြီဖြစ်ပါသည်။ ဘဏ်ခွဲမန်နေဂျာမှ မှတ်တမ်းယူရ၍ အသက်ရှင် လျက်ရှိကြောင်း အတည်ပြုပေးမည်ဖြစ်ပါသည်။

**(ခ) မိုဘိုင်းဖုန်းကို အသုံးပြု၍ ထုတ်ယူသည့်နည်းလမ်း**

ပင်စင်စားမိဘပြည်သူများအနေဖြင့် အငြိမ်းစား လစာထုတ်ယူရာတွင် အချိန်ကုန် သက်သာမြန်ဆန်၍ အဆင်ပြေချောမွေ့သည့် နောက်ထပ်နည်းလမ်း တစ်ခုမှာ မိမိတို့၏ မိုဘိုင်းဖုန်းများကို အသုံးပြု၍ဖြစ်စေ၊ မိုဘိုင်းဖုန်းများရှိ Mobile Application ကိုအသုံးပြု၍ဖြစ်စေ၊ နီးစပ်ရာကိုယ်စားလှယ် (Mobile Money Agent) များထံ သွားရောက်ထုတ်ယူ နိုင်သည့်နည်းလမ်းဖြစ်ပါသည်။ ထိုနည်းလမ်းကို အသုံးပြုခြင်းဖြင့် အငြိမ်းစားလစာထုတ်ယူရန် သက်ဆိုင်ရာဘဏ်သို့ လူကိုယ်တိုင်သွားရောက်ရန် မလိုအပ်တော့ဘဲ မိမိတို့အဆင်ပြေသည့်အချိန် များတွင်သာ သက်ဆိုင်ရာကိုယ်စားလှယ် (Mobile Money Agent) များထံမှ ထုတ်ယူရရှိနိုင်မည် ဖြစ်ပါသည်။

**“ပင်စင်စားမိဘပြည်သူများအနေဖြင့် အငြိမ်းစား လစာထုတ်ယူရာတွင် အချိန်ကုန်သက်သာ မြန်ဆန်၍ အဆင်ပြေချောမွေ့သည့် နောက်ထပ် နည်းလမ်းတစ်ခုမှာ မိမိတို့၏ မိုဘိုင်းဖုန်းများကို အသုံးပြု၍ဖြစ်စေ၊ မိုဘိုင်းဖုန်းများရှိ Mobile Application ကိုအသုံးပြု၍ဖြစ်စေ၊ နီးစပ်ရာ ကိုယ်စားလှယ် (Mobile Money Agent) များထံ သွားရောက်ထုတ်ယူနိုင်သည့် နည်းလမ်းဖြစ်”**

အဆိုပါနည်းလမ်းကို ယခုမှ စတင်အသုံးပြု မည်ဆိုပါက သက်ဆိုင်ရာဘဏ်ခွဲ၌ ပထမဦးစွာ လျှောက်လွှာတင်ရန် လိုအပ်ပါသည်။ ထိုသို့ လျှောက်လွှာတင်ရာတွင် ဖော်ပြပါရှိရမည့် အချက် များမှာ (က)အမည်၊ (ခ)ငွေပေးအမိန့်လွှာအမှတ်၊ (ဂ)ပင်စင်လစာပမာဏ၊ (ဃ)မှတ်ပုံတင် အမှတ်၊ (င) ငွေထုတ်ယူသည့်ဘဏ်ခွဲ၊ (စ) နေရပ်လိပ်စာ၊ (ဆ) ဆက်သွယ်ရန် တယ်လီဖုန်း အမှတ်၊ (ဇ) ပင်စင်စား၏ လက်မှတ်နှင့် (ဈ) e-Pension ကတ်အမှတ် (လိုအပ် ပါက e-Pension ကတ်မိတ္တူ)တို့ကို ဖြည့်စွက် ဖော်ပြရန်လိုအပ်ပါသည်။ လစဉ် ပင်စင်ထုတ်ပေး သည့်နေ့ရက်များတွင် မိမိတို့၏ မိုဘိုင်းဖုန်းများသို့ အငြိမ်းစားလစာပမာဏနှင့် ထုတ်ယူနိုင်ရန် အမှာ စကား (Message) ပေးပို့ပါသည်။ အဆင်မပြေမှုများ ရှိပါက အောက်ဖော်ပြပါရှိသည့် သက်ဆိုင်ရာ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ ဘဏ်သို့ လူကိုယ်တိုင် သွားရောက်ရန် မလိုအပ်ဘဲ လွယ်ကူ လျင်မြန်စွာ ထုတ်ယူနိုင်ပါသည်။

ဘဏ်သို့မလာရောက်နိုင်သည့် ပင်စင်စားများ အနေဖြင့် မိမိအသက်ရှင်လျက်ရှိကြောင်းကို မိသားစု ပင်စင်ခံစားသူများသည် ၃လတစ်ကြိမ်နှင့် ကိုယ်တိုင် ပင်စင်ခံစားသူများသည် ၆ လတစ်ကြိမ် မိမိတို့၏ မိုဘိုင်းဖုန်းများကိုအသုံးပြု၍ ဘဏ်ခွဲမန်နေဂျာသို့ ဆက်သွယ်ကာ Viber (သို့မဟုတ်) Video Call အသုံးပြုခြင်း အကြောင်းကြားအတည်ပြုရန် လိုအပ်ပါသည်။ သို့မှသာ ဘဏ်ခွဲမန်နေဂျာမှ မှတ်တမ်းရယူထားရှိနိုင်မည် ဖြစ်ပါသည်။

| Mobile Money ဝန်ဆောင်မှုဖြင့် အငြိမ်းစားလစာထုတ်ယူနိုင်သည့် ကိုယ်စားလှယ်များ | | |
|---|---|---|
| စဉ် | ကိုယ်စားလှယ်အမည် | တယ်လီဖုန်းအမှတ် |
| ၁။ | Wave Money | တယ်လီနော- ၉၉၁၁<br>အခြားအော်ပရေတာ- ၀၉-၇၉၀၀၀၉၉၁၁ |
| ၂။ | Myanmar Mobile Money | ၀၉-၃၁၀၀၁၅၂၅<br>၀၉-၃၁၀၀၁၅၃၀<br>၀၉-၃၁၀၀၁၅၃၆<br>၀၉-၃၁၀၀၁၅၂၈ (Ext-၁၁၂) |
| ၃။ | MPT Pay | MPT-၉၉၀<br>အခြားအော်ပရေတာ ၀၁-၂၃၂၃၉၉၀ |

**(ဂ) ငွေစုဘဏ်စာရင်း/ စာရင်းရှင်စာရင်း/ ATM စာရင်းသို့ ပြောင်းလဲထည့်သွင်း၍ ထုတ်ယူသည့် နည်းလမ်း**

ပင်စင်စားများအနေဖြင့် အငြိမ်းစားလစာများကို ဘဏ်သို့ ကိုယ်တိုင်သွားရောက်၍ မထုတ်ယူလို၊ ကိုယ်စားလှယ်စေလွှတ်၍လည်း မထုတ်ယူလို၊ Mobile Money Agent များကို အသုံးပြု၍လည်း မထုတ်ယူလိုပါက ငွေစုဘဏ်စာရင်းဖွင့်လှစ်၍ မိမိတို့၏ အငြိမ်းစားလစာများကို ပြောင်းလဲထည့်သွင်းကာ ထုတ်ယူနိုင်ပါသည်။ ထိုသို့ ပြောင်းလဲလုပ်ဆောင်မည်ဆိုပါက မိမိတို့၏ e-Pension ကတ်ကို ဘဏ်သို့ပြန်လည်အပ်နှံရန်မလိုဘဲ ငွေစုဘဏ် စာရင်း(သို့မဟုတ်) စာရင်းရှင်ဖွင့်လှစ်၍ ထုတ်ယူလိုကြောင်း သက်ဆိုင်ရာဘဏ်တွင် လျှောက်ထားရန် လိုအပ်ပါသည်။ ငွေစုဘဏ်စာရင်းသို့ ပြောင်းရွှေ့ထုတ်ယူမည် ဆိုပါက ငွေစုစာအုပ်ဖြင့်သာ ထုတ်ယူရမည်ဖြစ်ပါ သည်။ စာရင်းရှင်စာရင်းသို့ ပြောင်းရွှေ့ထုတ်ယူမည်ဆိုပါက ချက်လက်မှတ် အသုံးပြု၍ ထုတ်ယူရမည်ဖြစ်ပါသည်။ ATM သို့ ပြောင်းရွှေ့ထုတ်ယူမည်ဆိုပါက ATM ကတ်ကို အသုံးပြု၍ မြန်မာ့စီးပွားရေးဘဏ်၏ ATM စက်များတွင် ဝန်ဆောင်ခပေးဆောင်ရန်မလိုဘဲ ထုတ်ယူနိုင်မည်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များ၏ ATM စက်များတွင် ထုတ်ယူမည်ဆိုပါက သတ်မှတ်ထားသော ဝန်ဆောင်ခပေးဆောင်၍ ထုတ်ယူရရှိနိုင်မည်ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ရန် မှတ်ပုံတင်မိတ္တူ၊ e-Pension ကတ်နှင့်အတူ လက်ဗွေနှိပ်ရန်လိုအပ်မည်ဖြစ်ပြီး လျှောက်လွှာပါ အချက်များကို ဖြည့်စွက်ရမည်ဖြစ်ပါသည်။ အဆိုပါ နည်းလမ်းသည် မိမိတို့၏ အငြိမ်းစားလစာများကို ဘဏ်သို့သွားရောက်ရန်လည်း မလိုအပ်၊ Mobile Money Agent များသို့ သွားရောက်ရန် မလိုအပ်တော့ဘဲ ATM ကတ်ကိုအသုံးပြု၍ နီးစပ်ရာ ATM စက်များတွင် ကြိုက်နှစ်သက်သည့်အချိန်တွင် ထုတ်ယူရရှိနိုင်သည့် နည်းလမ်းဖြစ်ပါသည်။

**အကြောင်းကြားအတည်ပြုရန်လို**

ဘဏ်သို့ ကိုယ်တိုင်လာရောက်ခြင်းမပြုနိုင်သော ပင်စင်စားများအနေဖြင့် မိမိအသက်ရှင်လျက်ရှိကြောင်းကို မိသားစုပင်စင်ခံစားသူများသည် သုံးလတစ်ကြိမ်နှင့် ကိုယ်တိုင်ပင်စင် ခံစားသူများသည် ခြောက်လတစ်ကြိမ် မိမိတို့၏ မိုဘိုင်းဖုန်းများ မှတစ်ဆင့် ဘဏ်ခွဲမန်နေဂျာသို့ ဆက်သွယ်ကာ Viber (သို့မဟုတ်) Video Call အသုံးပြုခြင်းဖြင့် အကြောင်းကြားအတည်ပြုရန် လိုအပ်ပါသည်။ သို့မှသာ ဘဏ်ခွဲမန်နေဂျာမှ မှတ်တမ်းရယူထားရှိနိုင်မည် ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုသော် မိမိတို့နိုင်ငံတွင် လက်ရှိ အငြိမ်းစားလစာထုတ်ယူလျက်ရှိသည့် ပင်စင်စားအရေအတွက်မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအထိ စာရင်းဇယားများအရ ၉၄၆၈၆၁ ဦးခန့် ရှိပါသည်။

***စာမျက်နှာ ၇ သို့***

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# လူမှုဝန်ထမ်းဦးစီးဌာနနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း (၅) ဖွဲ့ တို့အကြား လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လက်မှတ်ရေးထိုးရန် ဆောင်ရွက်လျက်ရှိသည့် နားလည်မှုစာချွန်လွှာများနှင့်စပ်လျဉ်းသည့် အစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအကြား လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လက်မှတ်ရေးထိုးရန် ဆောင်ရွက်လျက်ရှိသည့် နားလည်မှုစာချွန်လွှာများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံများ ပါဝင်တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြည်သူလူထုနှင့် အများဆုံးထိတွေ့ဆက်ဆံရသည့် ပြည်သူ့အကျိုးကို တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ဝန်ကြီးဌာန ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး၍ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရသည့် ကိစ္စရပ်များသည်



လူမှုဝန်ထမ်းဦးစီးဌာနနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း (၅) ဖွဲ့တို့အကြား လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လက်မှတ်ရေးထိုးရန် ဆောင်ရွက်လျက်ရှိသည့် နားလည်မှုစာချွန်လွှာများနှင့်စပ်လျဉ်းသည့် အစည်းအဝေး ကျင်းပစဉ်။

အရေးကြီးသောကဏ္ဍဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာမှ နည်းပညာအကူအညီ (Technical Assistance)၊ ငွေကြေးအကူအညီ (Financial Assistance) ရရှိသည်ဟုလည်း ဆိုနိုင်ပါကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ် အကျိုးရှိနိုင်သော စီမံကိန်းများဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ ရှင်းလင်းတင်ပြနိုင်ရေးအတွက် မည်သည့်အဖွဲ့အစည်းက မည်မျှထိရောက်ပြီး မည်သည့်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို စာရင်းချုပ်ပြုစုထား၍ Checklists ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ခွင့်ပြုမိန့်ရရှိရေး မလိုအပ်သည့်အဆင့်များကို လျှော့ချဆောင်ရွက်နိုင်ရေး တင်ပြဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ရုံးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ရုံးစာတိုင်းသည် ကန့်သတ်အဆင့်ရှိပါကြောင်း၊ စာရွက်စာတမ်းများ လုံခြုံရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ မိမိဌာနအတွင်းရှိ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဝန်ထမ်းများအား စာရွက်စာတမ်းများ လုံခြုံရေးနှင့် ပတ်သက်၍ ချပြဆွေးနွေးသွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဘသန်းမှ နိုင်ငံတကာအဖွဲ့အစည်း (၅)ဖွဲ့နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မေနုက People In Need၊ Trocaire၊ Child Fund Myanmar၊ Christian Aid နှင့် Mercy Corps (Myanmar) အဖွဲ့များ၏ ရည်ရွယ်ချက်၊ စီမံကိန်းအမည်၊ စီမံကိန်းကာလ၊ စီမံကိန်းရန်ပုံငွေ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အကျိုးခံစားခွင့်ရမည့်သူများ၊ စီမံကိန်းလုပ်ငန်းများ၊ စီမံချက်ဧရိယာ၊ နားလည်မှုစာချွန်လွှာရေးထိုးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ဗဟုသုတအနေဖြင့်ဖော်ပြရလျှင် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ်တွင် ပင်စင်စားအရေအတွက် ၈၈၆၀၃၃ ဦးနှင့် အသုံးစရိတ်ငွေကျပ် စုစုပေါင်း ၁၁၁၆ ဘီလီယံ၊ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ်တွင်မူ ပင်စင်စားအရေအတွက် ၉၃၃၇၃၉ ဦးနှင့် အသုံးစရိတ်ငွေကျပ်စုစုပေါင်း ၁၂၆၈ ဘီလီယံကို နိုင်ငံတော်မှ ကျခံသုံးစွဲပေးခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနလက်အောက်ရှိ ပင်စင်ဦးစီးဌာနကလည်း “ဝန်ထမ်းနောင်ရေး ကြောင့်ကြဝေးဖို့ CPF မှာ ထည့်ဝင်ကြစို့” ဟူသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့နိုင်ငံ၏ ပင်စင်စနစ်အား ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေစီမံကိန်း (Central Provident Fund Project) ကို အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ အထက်တွင်ဖော်ပြခဲ့သည့် အငြိမ်းစားလစာထုတ်ယူနိုင်သည့်နည်းလမ်း (၃) မျိုးကို လွယ်ကူရှင်းလင်းစွာသိရှိပြီး အဆိုပါနည်းလမ်းများမှ ဒုတိယနည်းလမ်းနှင့် တတိယနည်းလမ်းတို့သည် ဘဏ်သို့လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်စေလွှတ်၍ ဖြစ်စေသွားရောက်ရန် မလိုအပ်ကြောင်း၊ မိမိတို့ထုတ်ယူလိုသည့်အချိန်မှသာ ငွေထုတ်ယူနိုင်သည့်အတွက် အချိန်ကုန်သက်သာ လူပင်ပန်းစရာ မလိုတော့ပါကြောင်းနှင့် ပင်စင်စားမိဘပြည်သူများအနေဖြင့်လည်း မိမိအသုံးပြုလိုသည့် နည်းလမ်းများကိုရွေးချယ်၍ ထုတ်ယူရရှိနိုင်ပါသည်။

Wave Money၊ Myanmar Mobile Money (MMM)၊ MPT Pay တို့ဖြင့် အငြိမ်းစား လစာထုတ်ယူနိုင်သော ဘဏ်ခွဲများစာရင်းအား မြန်မာ့စီးပွားရေးဘဏ် Website (www. https//meb.gov.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ထို့အပြင် ပင်စင်ဦးစီးဌာနကလည်း Pension Myanmar Facebook Page တွင် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာမှုများပြုလုပ်ပေးလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဘူမိဖသသမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ



**နေပြည်တော် မတ် ၉**

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖသသမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ တည်ထားကိုးကွယ်မည့် နေပြည်တော်ကောင်စီနယ်မြေသို့ စတုတ္ထအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ဆီမီးခုံကျေးရွာအနီး၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တမာဃိတအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို တက်ရောက်လာကြသူများက နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဘူမိဖသသမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများအား ဆရာတော်ကြီးများ၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက်ဘူမိဖသသမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများအား ပင့်ဆောင်ရန်အတွက် လုံခြုံရေးအဖွဲ့ဝင်များနှင့် ယာဉ်မောင်းများ နေရာယူခြင်း၊ ဥပါသကာများနှင့် ဝတ်အသင်းများ နေရာယူခြင်းတို့ကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြပြီး ဘူမိဖသသမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော် လောင်းလျာပင်မကျောက်တော်ကြီးမှ ပလ္လင်တော်အပိုင်း(၂)၊ ပလ္လင်တော်အပိုင်း (၁/၂)အရန် စုစုပေါင်း နှစ်တုံး တင်ဆောင်ထားသည့် Modular Trailer များသည် မင်္ဂလာအချိန်တွင် စတင်ပင့်ဆောင်ထွက်ခွာတော်မူကြရာ ငါန်းဇွန်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီး၊ တိုင်းမှူးနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က လက်ဆယ်ဖြာ ဦးထိပ်ထား၍ ကြည်ညိုကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားအောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်မှစစ်ရေယာဉ်(တပင်ရွှေထီး)ဖြင့် အိန္ဒိယနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားရေလုပ်သားများအား ပြန်လည်ခေါ်ဆောင်၍ မြန်မာနိုင်ငံသို့ခုတ်မောင်းလျက်ရှိ



**နေပြည်တော် မတ် ၉**

COVID-19 ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပြန်လာရန် အခက်အခဲကြုံတွေ့နေရသည့် ပြည်ပရောက် မြန်မာနိုင်ငံသား ရေလုပ်သားများအား အမြန်ဆုံးပြန်လည်ခေါ်ယူနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ခေါ်ဆောင်ရန် တပ်မတော်(ရေ)မှ ဗိုလ်မှူးကြီး ကျော်လင်းဇော်ဦးဆောင်သော စစ်ရေယာဉ်(တပင်ရွှေထီး) သည် မတ် ၆ ရက်တွင် ရန်ကုန်မြို့ အမှတ်(၃)ရေတပ်ဆိပ်ခံတံတား(သီလဝါ) မှ အိန္ဒိယနိုင်ငံသို့ စတင်ထွက်ခွာခဲ့သည်။

မြန်မာ့တပ်မတော်မှ စစ်ရေယာဉ်(တပင်ရွှေထီး) သည် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းရှိ ပို့ဘလဲယား (Port Blair) ရေတပ်ဆိပ်ကမ်းသို့ မတ် ၇ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့ပြီး မတ် ၈ ရက်တွင် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ကရင်လူမျိုး ၁၅ ဦး၊ ရခိုင်လူမျိုး ၁၅ ဦးနှင့် ဗမာလူမျိုး ၄၀ စုစုပေါင်း မြန်မာနိုင်ငံသား ရေလုပ်သားများ ၇၀ အား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် အိန္ဒိယနိုင်ငံ၊ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများထံမှ စနစ်တကျ လွှဲပြောင်းလက်ခံခဲ့ပြီး မတ် ၉ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ ပို့ဘလဲယား (Port Blair) ရေတပ်ဆိပ်ကမ်းမှ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။ အဆိုပါမြန်မာနိုင်ငံသားများသည် နေရပ်ပြန်နိုင်ရေးအတွက် မည်သူဖြစ်ကြောင်း သက်သေခံလက်မှတ် (C of I) ထုတ်ယူထားရှိပြီးသူများဖြစ်ကာ COVID-19 ရောဂါပိုး ရှိ/ မရှိ ဆေးစစ်အောင်မြင်ပြီးသူများဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် ယခင်အစိုးရလက်ထက်တွင် ပြည်ပရောက် မြန်မာနိုင်ငံသားများအား ခေါ်ယူနိုင်ရေးအတွက် တင်ပြဆောင်ရွက်ခဲ့သော်လည်း ခွင့်ပြုချက်မရရှိခဲ့သဖြင့် ပြန်လည်ခေါ်ယူနိုင်ခြင်းမရှိဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ခေါ်ယူရန် ဒုတိယအကြိမ် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ပထမအကြိမ်အဖြစ် မလေးရှားနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသို့ပြန်လာရန် ဒုက္ခအမျိုးမျိုး ကြုံတွေ့နေရသော မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား တပ်မတော်မှ စစ်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အောင်မြင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။

မြန်မာ့တပ်မတော်မှ စစ်ရေယာဉ်(တပင်ရွှေထီး) နှင့်အတူ လိုက်ပါလာသော မြန်မာနိုင်ငံသားရေလုပ်သား ၇၀ အား ၎င်းတို့၏ မိသားစုများနှင့် အမြန်ပြန်လည်တွေ့ဆုံနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လမ်းခရီးတစ်လျှောက် လုံခြုံရေး၊ စားသောက်နေထိုင်ရေးနှင့် လိုအပ်သောကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မတ် ၁၀ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးရွာ/ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများ ပြန်လည်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မတ် ၉**

တိုင်းဒေသကြီးနှင့် မြို့နယ်များအတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအား ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှုမရှိသည်ကို အကြောင်းပြ၍ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံးဆိုင်းဘုတ်များဖြုတ်ချခြင်း၊ အဖျက်အမှောင့် စာများရေးသား၍ ရုံးရှေ့တွင် ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့် ရိုက်ပိတ်ခြင်း၊ ရုံးအဝင်တံခါးများအား သော့ခတ်ခြင်း၊ တံခါးများအား သံချောင်းများဖြင့် ဂဟေဆော်ပိတ်ခြင်းများအား မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်/ ကျေးရွာနေပြည်သူလူထုများအနေဖြင့် ဥပဒေ၏အကာအကွယ်ကို မရရှိသည့်အပြင် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်မှုယန္တရားယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်/ ကျေးရွာနေပြည်သူလူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့် နေရာများတွင် ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်သူများနှင့် ဆူပူမှုတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဥပဒေမဲ့ လုပ်ရပ်များလုပ်ဆောင်ပြီး ပိတ်ထားသည့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျောက်တန်းကျေးရွာ၊ တောင်တွင်းကြီးမြို့နယ် လှည်းပွဲကြီးကျေးရွာနှင့် မြို့သစ်မြို့နယ် ဆင်ဖြူချီကျေးရွာတို့ရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများသို့ ယနေ့တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်၍ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများအား အသီးသီး ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယခင် UEC ၏ မဲရလဒ်ကြေညာချက်အပေါ် ယခု UEC ၏ မဲလက်မှတ်စစ်ဆေးတွေ့ရှိချက်အရ ကွာခြားချက်များအား သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မတ် ၉**

ယခင် ဦးလှသိန်း ဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲရလဒ်ကြေညာချက်များအပေါ် ဦးသိန်းစိုး ဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လိုအပ်သည့်မြေပြင်စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၅ ရက်မှစတင်၍ ယနေ့ မတ်လ ၉ ရက်နေ့အထိ စုစုပေါင်းမြို့နယ် ၁၄ မြို့နယ်၏ စစ်ဆေးတွေ့ရှိချက်များကို UEC မှ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ယခင် ဦးလှသိန်း ဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲရလဒ် ကြေညာချက်များနှင့် ယခု ဦးသိန်းစိုး ဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နှိုင်းယှဉ်စစ်ဆေးခဲ့ရာ ယခုUEC ၏ လက်ရှိ မြေပြင်စစ်ဆေးချက်အရ မြို့နယ်ပေါင်း ၁၄ မြို့နယ်အတွက် မဲလက်မှတ်ထုတ်ယူရရှိမှု ၂၀၇၆၀၆၅ စောင်ရှိပြီး အသုံးပြုမဲလက်မှတ် ၁၄၃၆၅၁၆ စောင်ရှိသဖြင့် ကျန်ရမည့် မဲလက်မှတ်မှာ ၆၃၉၅၆၄ စောင် ရှိရမည်ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၅၉၆၀၀၇ စောင်ရှိပြီး ပျောက်ဆုံး ၆၅၅၃၀၊ ပိုသုံး ၂၁၉၈၈ စောင်ဖြစ်၍ မဲမသမာမှုရှိနိုင်သည့် မဲလက်မှတ်အရေအတွက် ၈၇၅၁၈ စောင်ဖြစ်ကြောင်း တွေ့ရှိရသည်။

ယခင် UEC ၏ ပြည်သူ့လွှတ်တော်ဆန္ဒမဲ ရလဒ်ကြေညာချက်အရ ပယ်မဲ၊ ပျောက်မဲ၊ နိုင်လုံမဲ အရေအတွက်စုစုပေါင်း ၁၄၄၈၃၆၃ စောင်ရှိခဲ့ပြီး ယခု UEC ၏ စစ်ဆေးတွေ့ရှိချက်အရ အသုံးပြုခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၁၄၃၆၅၁၆ စောင်ရှိသဖြင့် မဲမသမာမှုရှိနိုင်သည့်အရေအတွက် ၁၁၈၄၇ စောင်ရှိကြောင်း တွေ့ရှိရသည်။

ယခုစစ်ဆေးတွေ့ရှိချက်ကို ထပ်မံအသေးစိတ်စစ်ဆေးခြင်း၊ မြေပြင်စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်၍ စိစစ်တွေ့ရှိချက်များအား ထပ်မံထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### ယခင် UEC ၏ မဲရလဒ်ကြေညာချက်အပေါ် ယခု UEC ၏ မဲလက်မှတ်စစ်ဆေးတွေ့ရှိချက်အရ ကွာခြားချက်များ စိစစ်တင်ပြခြင်း

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒရှင်ဦးရေ | ယခင် UEC ကြေညာချက် | | | | ယခု UEC ကြေညာချက် | | | | | | ယခင် UEC နှင့် ယခု UEC ကြေညာချက်အရ အသုံးပြုမဲလက်မှတ် ကွာခြားချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ပယ်မဲ | ပျောက်မဲ | နိုင်လုံမဲ | ပေါင်း | မဲလက်မှတ်ထုတ်ယူရရှိ | မဲလက်မှတ်အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မဲလက်မှတ်မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပိုသုံး | |
| ၁ | ဇမ္ဗူသီရိမြို့နယ် | ၉၅၀၄၇ | ၁၁၁၃ | ၈ | ၆၉၂၅၃ | ၇၀၃၇၄ | ၉၈၅၅၀ | ၆၇၅၆၅ | ၃၀၉၈၅ | ၂၅၀၀၅ | ၅၉၈၀ | - | +၂၈၀၉ |
| ၂ | ဒက္ခိဏသီရိမြို့နယ် | ၃၁၆၅၇ | ၈၅၂ | ၂၅ | ၂၃၆၆၀ | ၂၄၅၃၇ | ၃၅၁၅၃ | ၂၄၄၆၅ | ၁၀၆၈၈ | ၁၀၄၈၅ | ၂၀၃ | - | +၇၂ |
| ၃ | ပျဉ်းမနားမြို့နယ် | ၁၃၈၃၅၆ | ၂၃၇၉ | ၂၆ | ၁၀၃၂၂၄ | ၁၀၅၆၂၉ | ၁၅၀၉၄၁ | ၁၀၅၇၆၂ | ၄၅၁၇၉ | ၄၃၁၉၁ | ၁၉၈၈ | - | -၁၃၃ |
| ၄ | လယ်ဝေးမြို့နယ် | ၂၂၁၃၈၈ | ၆၁၉၀ | ၂၅ | ၁၅၃၉၇၉ | ၁၆၀၁၉၄ | ၂၄၅၆၁၁ | ၁၆၄၀၁၇ | ၈၁၅၉၄ | ၈၁၆၂၈ | ၂၇၄ | ၃၀၈ | -၃၈၂၃ |
| ၅ | ဇေယျာသီရိမြို့နယ် | ၈၂၂၁၄ | ၁၈၉၉ | ၆ | ၇၀၁၅၈ | ၇၂၀၆၃ | ၉၀၅၄၉ | ၇၂၀၉၂ | ၁၈၄၅၇ | ၁၈၁၃၃ | ၄၃၈ | ၂၉၄ | -၂၉ |
| ၆ | တပ်ကုန်းမြို့နယ် | ၁၈၀၈၃၈ | ၄၂၈၅ | ၆၃ | ၁၂၈၇၆၅ | ၁၃၃၁၁၃ | ၂၀၄၃၉၈ | ၁၂၉၂၆၈ | ၇၅၁၃၀ | ၆၈၁၇၄ | ၆၈၀၄ | ၄၈ | +၃၈၄၅ |
| ၇ | ပုဗ္ဗသီရိမြို့နယ် | ၉၈၀၇၇ | ၁၄၂၀ | ၄၃ | ၇၇၃၆၁ | ၇၈၈၂၄ | ၁၀၈၉၅၉ | ၇၈၅၇၆ | ၃၀၃၈၃ | ၃၀၃၁၆ | ၉၇၈ | ၉၁၁ | +၂၄၈ |
| ၈ | ဥတ္တရသီရိမြို့နယ် | ၅၈၆၄၉ | ၁၃၁၂ | ၈ | ၄၅၀၀၀ | ၄၆၃၂၀ | ၆၀၅၉၀ | ၄၆၁၅၈ | ၁၄၄၃၂ | ၁၄၁၉၇ | ၂၃၅ | - | +၁၆၂ |
| ၉ | ပျော်ဘွယ်မြို့နယ် | ၂၁၆၆၉၁ | ၄၃၇၅ | ၄၇ | ၁၇၄၄၅၉ | ၁၇၈၈၈၁ | ၂၅၀၅၃၈ | ၁၇၇၅၂၃ | ၇၃၀၁၅ | ၇၀၁၁၇ | ၇၀၂၃ | ၄၁၂၅ | +၁၃၅၈ |
| ၁၀ | ကျောက်တံတားမြို့နယ် | ၂၃၉၈၄ | ၁၈၇ | ၇၈ | ၁၄၉၇၁ | ၁၅၂၃၆ | ၂၆၃၀၄ | ၁၅၀၅၅ | ၁၁၂၄၉ | ၁၁၀၃၉ | ၃၀၆ | ၉၆ | +၁၈၁ |
| ၁၁ | တာမွေမြို့နယ် | ၁၂၇၁၀၇ | ၉၈၁ | ၃၁ | ၈၁၄၀၃ | ၈၂၄၁၅ | ၁၄၀၃၁၄ | ၇၈၇၅၈ | ၆၁၅၅၆ | ၅၅၈၀၄ | ၁၁၇၄၅ | ၅၉၉၃ | +၃၆၅၇ |
| ၁၂ | မိတ္ထီလာမြို့နယ် | ၂၅၉၀၃၀ | ၄၉၅၁ | ၉၅ | ၁၉၆၆၁၃ | ၂၀၁၆၅၉ | ၂၈၆၅၂၄ | ၂၀၄၃၅၈ | ၈၂၁၆၆ | ၇၀၅၁၁ | ၁၂၆၁၂ | ၉၅၇ | -၂၆၉၉ |
| ၁၃ | မဟာအောင်မြေမြို့နယ် | ၁၇၂၇၄၁ | ၉၂၉ | ၂၀ | ၁၂၉၃၀၃ | ၁၃၀၂၅၂ | ၁၇၅၇၉၆ | ၁၂၇၃၆၀ | ၄၈၄၃၆ | ၄၇၄၄၇ | ၈၇၀၅ | ၇၇၁၆ | +၂၉၀၂ |
| ၁၄ | ပုသိမ်ကြီးမြို့နယ် | ၁၉၀၆၀၂ | ၂၉၂၄ | ၈၃ | ၁၄၅၈၈၉ | ၁၄၈၈၉၆ | ၂၀၁၈၃၈ | ၁၄၅၅၅၉ | ၅၆၂၉၄ | ၄၉၅၈၀ | ၈၂၃၉ | ၁၅၄၀ | +၃၃၀၇ |
| | စုစုပေါင်း | ၁၈၉၆၃၈၁ | ၃၃၇၉၇ | ၅၅၈ | ၁၄၁၄၀၀၈ | ၁၄၄၈၃၆၃ | ၂၀၇၆၀၆၅ | ၁၄၃၆၅၁၆ | ၆၃၉၅၆၄ | ၅၉၆၀၀၇ | ၆၅၅၃၀ | ၂၁၉၈၈ | |

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက နယ်စပ်ကုန်စည်စီးဆင်းမှုနှင့် ပတ်သက်၍ ကချင်ပြည်နယ် ကုန်စည်ပို့ဆောင်ရေးအသင်းနှင့် ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား မတ် ၉**

ကချင်ပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ စနစ်တကျဖြင့် ကုန်စည်စီးဆင်းမှု လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးနှင့် အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စရပ်များနှင့် ပတ်သက်၍ ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်နယ်ကုန်စည်ပို့ဆောင်ရေးအသင်းမှ တာဝန်ရှိသူများနှင့် မတ် ၉ ရက် နံနက် ၁၁ နာရီတွင် ညှိနှိုင်းဆွေးနွေးကြသည်။

**ကုန်စည်စီးဆင်းမှုအရေးပါ**

ထို့သို့ ဆွေးနွေးရာတွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိတို့ ကချင်ပြည်နယ်အတွက် နယ်စပ်ကုန်စည်စီးဆင်းမှုသည် အရေးပါကြောင်း၊ ပြည်နယ်အတွင်းမှ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို သယ်ယူ၊ တင်ပို့ရာတွင် လည်းကောင်း၊ တစ်ဖက်တရုတ်နိုင်ငံမှ ကုန်စည်တင်ပို့/ဖြန့်ဖြူးရာတွင် လည်းကောင်း နယ်စပ်ကုန်စည်စီးဆင်းမှုသည် အဓိက အရေးပါသည့် လုပ်ငန်းဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုခိုင်မာပြီး လုပ်ငန်းမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ ကောင်စီအနေဖြင့် ကုမ္ပဏီလုပ်ငန်းရှင်များ၊ ပြည်နယ်အတွင်းရှိ ကုန်စည်သယ်ယူပို့ဆောင်ရေးအဖွဲ့အစည်းများ စုစည်းပါဝင်သည့် ပြည်နယ်ကုန်စည်ပို့ဆောင်ရေး အသင်းကို ဖွဲ့စည်းတည်ထောင်ပေးကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်စည်စီးဆင်းမှု ပိုမိုအားကောင်းလာစေရန် အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

**ဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်ကုန်စည်ပို့ဆောင်ရေးအသင်းမှ တာဝန်ရှိသူများက ပြည်နယ်ကုန်စည်ပို့ဆောင်ရေး အသင်းဖွဲ့စည်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ညှိနှိုင်းဆောင်ရွက်ဆဲအခြေအနေများ၊ တရုတ်နိုင်ငံနှင့် ကုန်စည်စီးဆင်းမှု အခြေအနေများတွင် ယာဉ် အဝင် / အထွက်အတွက် ညှိနှိုင်းဆောင်ရွက်ရာတွင် တစ်ဖက်နိုင်ငံ၏ အကန့်အသတ်များနှင့် ကြုံတွေ့ရသည့်အခက်အခဲများ၊ သွင်းကုန်/ ထုတ်ကုန်များသယ်ယူပို့ဆောင် / ဖြန့်ဖြူးနေမှုအခြေအနေများကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ကုန်စည်ပို့ဆောင်ရေး အသင်းအား မူဝါဒခိုင်ခိုင်မာမာ ချမှတ်ပြီး လျင်မြန်စွာဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်နယ်ကောင်စီဥက္ကဋ္ဌက ပြည်နယ်ကုန်စည်ပို့ဆောင်ရေး အသင်းအား ခိုင်မာသည့် မူဝါဒများချမှတ်ပြီး လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရေး၊ ကုန်သွယ်မှု လုပ်ငန်းအခြေအနေကို ပြည်နယ်ကောင်စီအဖွဲ့သို့ စဉ်ဆက်မပြတ်တင်ပြရေး၊ တစ်ဖက်တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုကို ညှိနှိုင်းဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ရေးတို့ကို ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၈၁၆၄ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၆၃၅၁၇ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၅၃၃၁ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၉၀၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၆၁၉၆ ဦး ဖြစ်သည်။

၃။ မဲဆန္ဒရှင်စာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

**မရပူရမြို့နယ်၏ မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံ အရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေး တိုင်းဒေသကြီး အမရပူရ မြို့နယ် မဲရုံပေါင်း ၁၃၇ ရုံ | ၁၈၁၆၄ | ၁၆၃၅၁၇ | ၁၅၃၃၁ | ၉၀၄ | ၁၆၁၉၆ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် မဲရုံပေါင်း ၁၃၇ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၉၄၃၀၈ ၊ မဲပေးအသုံးပြုခဲ့သော လက်ခံဖြတ်ပိုင်းများမှာ ၁၅၀၇၄၄ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၃၅၆၄ ဖြစ်သော်လည်း အမရပူရမြို့နယ်၏ ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးရာတွင် ကျန်တန်းရပ်ကွက်၊ မဲရုံအမှတ်(၁)၏ ပြည်သူ့လွှတ်တော်မဲလက်မှတ်များကို ရှာဖွေတွေ့ရှိခြင်းမရှိသဖြင့် မြေပြင်လက်ကျန်မှာ ၃၉၃၃၃ ဖြစ်ပြီး ပျောက်ဆုံး ၄၂၃၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

**အမရပူရမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၈၉၂၅၀ | ၁၅၀၁၄၄ | ၃၉၁၀၆ | ၃၄၈၇၅ | ၄၂၃၁ | - |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၅၀၅၈ | ၆၀၀ | ၄၄၅၈ | ၄၄၅၈ | - | - |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | - | - | - | - | - | - |
| | စုစုပေါင်း | ၁၉၄၃၀၈ | ၁၅၀၇၄၄ | ၄၃၅၆၄ | ၃၉၃၃၃ | ၄၂၃၁ | |

၆။ ဖော်ပြပါ ရှာဖွေတွေ့ရှိခြင်းမရှိသည့် ကျန်တန်းရပ်ကွက်၊ မဲရုံအမှတ်(၁)၏ ပြည်သူ့လွှတ်တော်မဲလက်မှတ်ဖြတ်ပိုင်းများအစား အမျိုးသားလွှတ်တော်မဲလက်မှတ်များကို ထည့်သွင်း၍တွက်ချက်ပါက ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၉၄၃၀၈၊ အသုံးပြုမှုမှာ ၁၅၂၄၇၄၊ကျန်ရမည့် မဲလက်မှတ်အရေအတွက်မှာ ၄၁၈၃၄ ၊ မြေပြင်လက်ကျန်မှာ ၃၉၇၅၃ ရှိမည်ဖြစ်ပြီး လျော့နည်းပျောက်ဆုံးမှုမှာ ၂၀၈၁ ဖြစ်ပါသည်။

**အမရပူရမြို့နယ် ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၈၉၂၅၀ | ၁၅၁၈၇၄ | ၃၇၃၇၆ | ၃၅၂၉၅ | ၂၀၈၁ | - |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၅၀၅၈ | ၆၀၀ | ၄၄၅၈ | ၄၄၅၈ | - | - |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | - | - | - | - | - | - |
| | စုစုပေါင်း | ၁၉၄၃၀၈ | ၁၅၂၄၇၄ | ၄၁၈၃၄ | ၃၉၇၅၃ | ၂၀၈၁ | |

၇။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၆၆(ဇ)တွင် “မဲရုံ ပိတ်ချိန်တွင် မဲရုံမှူးသည် အောက်ပါတို့ကို အထုပ်တစ်ထုပ်စီထုပ်ပြီးလျှင် မိမိ၏ချိပ်တံဆိပ်ကို ရိုက်နှိပ်ရမည်။ အထုပ်ပေါ်တွင် အထုပ်အတွင်းရှိ ပစ္စည်းအမျိုးအမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ရေးသားရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူ ကိုယ်စားလှယ်များအားလည်း မိမိတို့၏ချိပ်တံဆိပ်ကို ရိုက်နှိပ်လိုက ရိုက်နှိပ်ခွင့်ပြုပြီး ယင်းအထုပ်များကို အထုပ်ကြီးတစ်ထုပ် ပြုလုပ်ရမည်–

( ၁ ) မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ(၁၆-၁)၊

( ၂ ) မဲရုံတွင် အသုံးပြုသော မဲစာရင်း

( ၃ ) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊

( ၄ ) ပယ်မဲ ပုံစံ(၁၇)များ” ဟု ပြဋ္ဌာန်းထားသည်။

၈။ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်တွင်လည်း အထက်ပါ နည်းဥပဒေအတိုင်း ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

၉။ သို့ရာတွင် စိစစ်တွေ့ရှိချက်များအရ ဆန္ဒမဲလက်မှတ်များထုတ်ယူခြင်းနှင့် မဲလက်မှတ်များ ထုပ်ပိုးသိမ်းဆည်းရာတွင် အားနည်းချက်များရှိခဲ့ပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များပါအတိုင်း လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြောက်ဦးမြို့ နယ်မြေခံတပ်ရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**မြောက်ဦး မတ် ၉**

မြောက်ဦးခရိုင် မြောက်ဦးမြို့၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယနေ့နံနက် ၁၀ နာရီက နယ်မြေခံ ခြေမြန်တပ်ရင်းများမှ တပ်ဖွဲ့ဝင်များနှင့်အိမ်ထောင်စုမိသားစုဝင်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ကွင်းဆင်းဆောင်ရွက်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပြုလုပ်ရာသို့ မြို့နယ်ဦးစီးမှူး ဦးအောင်သက်တင် ဦးဆောင်သော ဝန်ထမ်းများက နယ်မြေခံတပ်ရင်းများရှိ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ တပ်အတွင်းရှိ အိမ်ထောင်စုဝင်များ၊ အသက် (၁၀ နှစ်) ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ အသက် (၁၈ နှစ်)ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အသစ်ပြန်လည်ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းများ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းများအား အသစ် ပြန်လည်ပြုလုပ်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဖြည့်စွက်ထည့်သွင်းပေးခြင်းလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ခင်မောင်ထွန်း (ပြန်/ဆက်)

❐ *ကျောဖုံးမှ*

မထိုးနှံမီ ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး ဖြစ်ပွားတတ်သော နောက်ဆက်တွဲပြဿနာများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ဖြစ်ပွားလာပါက အရေးပေါ်ကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရန် Medical Team များ ဖွဲ့စည်းထားရှိခြင်းတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ဆက်လက်ထိုးနှံပေးသွားမည်**

သို့ဖြစ်၍ နေပြည်တော်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဆက်လက်၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိပြီး အခြားသော တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကိုဗစ်– ၁၉ ရောဂါ ကြိုတင်ကာကွယ်ဆေးထိုးနှံရန် လာရောက်သူများကို တွေ့ရစဉ်။



ကိုဗစ်– ၁၉ ရောဂါ ကြိုတင်ကာကွယ်ဆေးထိုးနှံရန် စောင့်ဆိုင်းနေကြစဉ်။



ပြည်သူတစ်ဦးအား ကိုဗစ်– ၁၉ ရောဂါ ကြိုတင်ကာကွယ်ဆေးထိုးနှံပေးစဉ်။

◆ *ကျောဖုံးမှ*

ရေသန့်စင်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း နှောင့်နှေးမှုမရှိစေရေးအတွက် ရာသီမရွေး ဆောင်ရွက်နိုင်ရန် စီမံကိန်းအဝင်လမ်း တည်ဆောက်ခြင်းလုပ်ငန်းကို ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့က နေ့ညကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရေသန့်စင် စက်ရုံတည်ဆောက်မည့် မြေနေရာ ၁၈ ဒသမ ၇၈ ဧကတွင် သဲဖြည့်ခြင်းလုပ်ငန်းကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးဖြစ်သည်။

ရေသန့်စင်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို JFE Engineering Corporation မှ တင်ဒါအောင်မြင်ပြီး Design and Build Works ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းတန်ဖိုးမှာ ဂျပန်ယန်း ၄ ဒသမ ၁၇၆ ဘီလီယံဖြစ်ပြီး နှစ်နှစ်ခွဲခန့် ကြာမြင့်မည်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းမှ ဝန်ထမ်းများသည် ရန်ကုန်မြို့နေ ရေသုံးစွဲသူ ပြည်သူများ ရေပြတ်တောက်မှု မရှိစေရန်နှင့် ရေပုံမှန်သုံးစွဲနိုင်ရေးအတွက် ရန်ကုန်မြို့ ရေပေးဝေရေးစနစ် ပုံမှန်လည်ပတ်နိုင်ရန် ၂၄ နာရီအချိန်ပြည့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စီမံကိန်းအသစ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**

● *ကျောဖုံးမှ*

ပိုင်းကို ချယ်ဆီးအသင်းက တစ်ဂိုး– ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် အဲဗာတန်အသင်း လူစားပြောင်းလဲမှုများ ပြုလုပ်ခဲ့သော်လည်း ချေပဂိုး ရရှိခဲ့ခြင်း မရှိချေ။ ချယ်ဆီးအသင်းသည် ပွဲချိန် ၆၅ မိနစ်တွင် ပယ်နယ်တီရရှိခဲ့ပြီး ဂျော်ဂျင်ဟိုက အမှားအယွင်းမရှိ ကန်သွင်းယူနိုင်ခဲ့၍ နှစ်ဂိုး– ဂိုးမရှိဖြင့် ဦးဆောင်နိုင်သည်။

ချယ်ဆီးအသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိမှုကြောင့် ပရီမီယာလိဂ် (၂၈) ပွဲကစားပြီး ရမှတ် ၅၀ ဖြင့် အဆင့်(၄) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ အဲဗာတန်အသင်းက ယနေ့ပွဲစဉ်ကို ရှုံးနိမ့်မှုကြောင့် ၂၇ ပွဲကစားပြီး ၄၆ မှတ်ဖြင့် အဆင့် (၆) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ချယ်ဆီးအသင်းသည် လာမည့် ပွဲစဉ်အဖြစ် မတ် ၁၃ ရက်တွင် လိဒ်စ်အသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ အဲဗာတန်အသင်းက လာမည့်ပွဲစဉ်အဖြစ် မတ် ၁၄ ရက်တွင် ဘန်လေအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီက KNU/KNLA ငြိမ်းချမ်းရေးကောင်စီနှင့် DKBA အဖွဲ့တို့အား ဆန်၊ဆီနှင့်ကျွန်းမျိုးစေ့များ ထောက်ပံ့ပေးအပ်

**ဘားအံ မတ် ၉**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီမှ KNU/ KNLA ငြိမ်းချမ်းရေးကောင်စီနှင့် DKBA အဖွဲ့တို့အား ဆန်၊ ဆီနှင့် ကျွန်းမျိုးစေ့များ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို မတ် ၉ ရက် မွန်းလွဲ ၂ နာရီခန့်က ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)တွင် ကျင်းပသည်။

ထောက်ပံ့ပေးအပ်သည့် အခမ်းအနားတွင် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက KNU/KNLA ငြိမ်းချမ်းရေးကောင်စီနှင့် DKBA အဖွဲ့တို့မှာ အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးရယူ၍ အတူတကွနေထိုင်လာခဲ့သည်မှာ နှစ်ကာလအားဖြင့် ကြာမြင့်ပြီဖြစ်ကြောင်း၊ မတ် ၂ ရက်က ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ KNU/ KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ စောထော့လေး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာ နော်ကပေါ်ထူးနှင့် အဖွဲ့ဝင်များအား ထို့ကော်ကိုးဒေသ၌ သွားရောက်တွေ့ဆုံရာတွင် ကျွန်းစိုက်ပျိုးရန် မျိုးစေ့များ ထပ်မံလိုအပ်သည်ဟု သိရသည့်အတွက် ကျွန်းမျိုးစေ့များ ထောက်ပံ့ပေးရခြင်းဖြစ်ကြောင်း၊ လာမည့် မိုးရာသီတွင် မိမိတို့ဒေသ၌ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အပင်များကို တစ်အုပ်တစ်မ စိုက်ပျိုးနိုင်ရန် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှလည်း ညွှန်ကြားထားပါကြောင်း၊ သစ်တောဦးစီးဌာနနှင့် ညှိနှိုင်း၍ ပျိုးပင်ပေါင်းလေးသိန်းကျော်ကို ပျိုးထောင်ထားပြီး ကရင်ပြည်နယ် တစ်ပြည်နယ်လုံးတွင် စိုက်ပျိုးသွားရန် ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊

ထို့နောက် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက KNU/ KNLA ငြိမ်းချမ်းရေးကောင်စီသို့ ကျွန်းမျိုးစေ့ ၁၀ တင်း၊ ဆန်အိတ် ၁၅၀ နှင့် ဆီပိဿာ ၁၅၀ တို့ကိုလည်းကောင်း၊ DKBA တပ်ဖွဲ့ဝင်မိသားစုများအတွက် ဆန်အိတ် ၁၅၀ နှင့် ဆီပိဿာ ၁၅၀ တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ KNU/ KNLA ငြိမ်းချမ်းရေးကောင်စီနှင့် DKBA အဖွဲ့တို့မှ ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဆီးရီးယားသမ္မတ အာဆတ်တို့ဇနီးမောင်နှံ ကိုဗစ်- ၁၉ ကူးစက်ခံရ



ဆီးရီးယားသမ္မတ ဘတ်ရှာအယ်အာဆတ်နှင့်ဇနီးဖြစ်သူ အက်စ်မာတို့ကို တွေ့ရစဉ်။

**ဒမတ်စကတ် မတ် ၉**

ဆီးရီးယားသမ္မတ ဘတ်ရှာ အယ်အာဆတ်နှင့် ၎င်း၏ ဇနီးသည် အက်စ်မာတို့ကို မတ် ၈ ရက်တွင် ကိုဗစ် -၁၉ ဆေးစစ်မှုပြုလုပ်ခဲ့သည်ဟု သိရသည်။ ၎င်းတို့နှစ်ဦးတွင် ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်း သိရသည်။

၎င်းတို့ နှစ်ဦးစလုံးတွင် အပျော့စား လက္ခဏာများသာပြပြီး စိုးရိမ်ရသည့်အခြေအနေ မရှိဟု သိရသည်။

သီတင်းနှစ်ပတ်မှ သုံးပတ်ကြာသည်အထိ နေအိမ်၌သာ အလုပ်လုပ်ကိုင်သွားမည်ဟု သိရသည်။

ဆီးရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၁၆၀၀၀ အထိရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ သို့သော်လည်း တိုင်းပြည်မှာ ပြည်တွင်းစစ်အတွင်းသို့ ကျရောက်နေသည့်အတွက် အမှန်တကယ် ကူးစက်ခံရသူ အရေအတွက်ကို သိရှိရန် ခက်ခဲသည်။ ဆီးရီးယားနိုင်ငံမှာ ပြည်တွင်းစစ်အတွင်းသို့ ကျရောက်ခဲ့သည်မှာ ယခုလအတွင်း ၁၀ နှစ်ပြည့်တော့မည်ဖြစ်သည်။

ပြည်တွင်းစစ်ကြောင့် ကျန်းမာရေးစနစ် ဆိုးရွားစွာ ယိုင်နဲ့ပျက်စီးခဲ့ရသည်။ ပြီးခဲ့သည့်လနှောင်းပိုင်းမှ စတင်ကာ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းများ စတင်ခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဆေး ထိုးပေးခဲ့သည်ဟု သိရသည်။ ဆီးရီးယားနိုင်ငံတွင် ပြည်တွင်းစစ်ကြောင့် လူပေါင်းခြောက်သန်းနီးပါးမှာ ရွှေ့ပြောင်းနေထိုင်ရပြီး ဆေးဘက်ဆိုင်ရာ အထောက်အပံ့များရရှိရန် ရုန်းကန်နေရသည်။

ထို့ကြောင့် ကိုဗစ် - ၁၉ တိုက်ဖျက်ရေးအတွက် အခက်အခဲများကြားတွင် ရုန်းကန်နေရသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယတွင် ကိုဗစ် -၁၉ ကူးစက်မှု စုစုပေါင်း ၁၁၂၄၄၇၈၆ ဦးအထိ ရှိလာ

**နယူးဒေလီ မတ် ၉**

အိန္ဒိယနိုင်ငံတွင် မတ် ၉ ရက်၌ ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၁၅၃၈၈ ဦး တိုးလာရာ စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၁၁၂၄၄၇၈၆ ဦးအထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

တရားဝင် ထုတ်ပြန်သည့် အချက်အလက်များအရ မတ် ၈ ရက် နံနက်ပိုင်းတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ လူနာ ၇၇ ဦး သေဆုံးခဲ့ပြီး သေဆုံးသူစုစုပေါင်းမှာ ၁၅၇၉၃၀ ရှိသည်ဟု သိရသည်။

နေ့စဉ် ကူးစက်မှုနှုန်းမှာ ပြီးခဲ့သည့် ရက်ပိုင်းများအတွင်း မြင့်မားလာသည်။ လွန်ခဲ့သည့် ရက်ပိုင်းအတွင်း နေ့စဉ်ကူးစက်မှုနှုန်းမှာ ၁၀၀၀၀ အောက်တွင် ရှိနေခဲ့သည်။ ဇန်နဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ ကူးစက်မှုပေါင်း ၉၁၀၂ ဦး ရှိခဲ့သည်။



အိန္ဒိယတွင် ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံတွင် ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို ဇန်နဝါရီ ၁၆ ရက်ကတည်းက စတင်ခဲ့ခြင်းဖြစ်သည်။ ယခုအချိန်အထိ လူပေါင်း ၂၃ သန်းကို ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်သည်။ အစိုးရသည်လည်း ကိုဗစ် -၁၉ ရှိမရှိ ဆေးစစ်မှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လာရာ လူပေါင်း ၂၂၂ သန်းကို ဆေးစစ်မှုဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဒေလီမြို့သည် ကိုဗစ် -၁၉ ကူးစက်မှုအများဆုံး မြို့ဖြစ်ပြီး ဒေလီမြို့တွင် ကိုဗစ် -၁၉ကြောင့် သေဆုံးသူ ၁၀၉၂၄ ဦး ရှိသည်။ အိန္ဒိယနိုင်ငံတွင် ကာကွယ်ဆေး နှစ်မျိုးကို အသိအမှတ်ပြုပေးထားသည်။

**ဆင်ဟွာ**

# အင်္ဂလန်တွင် ကိုဗစ် - ၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးမှုများစတင်

**လန်ဒန် မတ် ၉**

အင်္ဂလန်တွင် မတ် ၈ ရက်မှစတင်ကာ ကျောင်းများပြန်ဖွင့်ပြီး ကိုဗစ်-၁၉ ကန့်သတ်ချက်များကို တဖြည်းဖြည်း ဖြေလျှော့ပေးခြင်း၏ ပထမအဆင့်ဖြစ်သည်။ စာသင်ခန်းအတွင်း မျက်နှာချင်းဆိုင် စာသင်ကြားမှုကို ဇန်နဝါရီ လကတည်းက ပိတ်ထားခဲ့ခြင်းဖြစ်ပြီး ဗြိတိန်တွင် ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်မှု များပြားလာသည့်အတွက် ပိတ်ထားရခြင်းဖြစ်သည်။

မကြာသေးမီရက်ပိုင်းအတွင်း ကူးစက်မှုများ သိသိသာသာလျော့ကျလာသည့်အတွက် ကန့်သတ်ချက်များကို စတင်ဖြေလျှော့ပေးခြင်းဖြစ်သည်။ ကျောင်းသားများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် ကျောင်းကားမောင်းသူများကို ကိုဗစ် -၁၉ စစ်ဆေးရေးကိရိယာများ အခမဲ့ပေးထားပြီး တစ်ပတ်လျှင် နှစ်ကြိမ် ကိုဗစ် - ၁၉ ဆေးစစ်ရန်အတွက် ခွင့်ပြုပေးထားသည်။ ကပ်ရောဂါကြောင့် စာသင်ချိန်များနောက်ကျခဲ့ရသည့်အတွက် နွေရာသီအားလပ်ရက်ကာလကို အချိန်လျှော့ချရန် စဉ်းစားထားသည်ဟု ဗြိတိန်အာဏာပိုင်များက ပြောသည်။

ဇွန်လတစ်လျှောက်လုံးတွင် နောက်ထပ် ကိုဗစ် - ၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးသွားမည်ဖြစ်သည်။ ဧပြီ ၁၂ ရက် အစောဆုံးထားပြီး စတိုးဆိုင်များ၊ ဆံပင်ညှပ်ဆိုင်များနှင့် ပြင်ပတွင် ဆိုင်ထိုင်စားသောက်ခွင့်များ ပြန်လည်ခွင့်ပြုပေးထားတော့မည်ဖြစ်သည်။ သို့သော်လည်း နိုးနိုးကြားကြားနေကြရန် အစိုးရအရာရှိများက တောင်းဆိုထားကြသည်။ ကာကွယ်ဆေးထိုးနှံပေးနိုင်မှုအပေါ် မူတည်ကာ ဖြေလျှော့မှုများကိုတစ်ဆင့်ချင်းလုပ်ဆောင်သွားမည်ဟု အစိုးရအရာရှိများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# နှစ်နိုင်ငံရင်းနှီးမှုခိုင်မာရန် ဂျပန်ဝန်ကြီးချုပ် ဧပြီလအတွင်း အမေရိကန်သို့ သွားရောက်ဖွယ်ရှိ

**တိုကျို မတ် ၉**

ဂျပန်ဝန်ကြီးချုပ် ဆူဂါ ယိုရှိဟိဒဲသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် လူချင်းတွေ့ဆုံဆွေးနွေးရန်အတွက် လာမည့်လအတွင်း အမေရိကန်နိုင်ငံသို့ သွားရောက်ဖွယ်ရှိသည်ဟု သိရသည်။

**ဂျိုးဘိုင်ဒင်နှင့်တွေ့ဆုံလို**

ကိုဗစ် -၁၉ ကပ်ရောဂါ အခြေအနေအပေါ်တွင် မူတည်ကာ တွေ့ဆုံပွဲမှာ ဧပြီလအစောပိုင်းတွင် ဖြစ်နိုင်သည်ဟု သိရသည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် သမ္မတအဖြစ် စတင်တာဝန်ယူခဲ့သည့်အချိန်မှ စတင်ကာ သမ္မတ ဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံလိုသည်ဟု ဂျပန်ဝန်ကြီးချုပ်က ပြောသည်။


**မျှော်လင့်ထားကြ**

နှစ်နိုင်ငံရင်းနှီးမှု ခိုင်မာစေရန်၊ လွတ်လပ်ပြီးပွင့်လင်းသော အင်ဒိုပစိဖိတ်ဒေသ ခိုင်မာစေရေးအတွက် ခေါင်းဆောင်နှစ်ဦးစလုံးက မျှော်လင့်ထားကြသည်။ ခေါင်းဆောင်နှစ်ဦးသည် ကပ်ရောဂါ၊ ရာသီဥတုပြောင်းလဲမှု အပါအဝင် အခြားသောကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

ထိုစဉ် မတ် ၁၂ ရက်တွင် ဩစတြေးလျနှင့် အိန္ဒိယတို့ အပါအဝင် လေးနိုင်ငံ အွန်လိုင်းဆွေးနွေးပွဲအတွက် အမေရိကန်နှင့် ဂျပန်အစိုးရတို့က ပြင်ဆင်ကြလျက်ရှိသည်။

လာမည့်သီတင်းပတ်အတွင်း ကျင်းပမည့် နိုင်ငံခြားရေးဝန်ကြီးများနှင့်ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံ ဆွေးနွေးပွဲကိုလည်း တိုကျိုတွင် ပြုလုပ်သွားမည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှိဟိဒဲ။

# ကိုဗစ်–၁၉ ကာကွယ်ဆေးများကို ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ဆေးဝန်ထမ်းများကို စတင်ထိုးနှံပေး

တိုကျို မတ် ၉

**ကိုဗစ်–၁၉ ကာကွယ်ဆေးများကို ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ဆေးဝန်ထမ်းများကို စတင်ထိုးနှံပေးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ကာကွယ်ဆေးထိုးရေးလှုပ်ရှားဆောင်ရွက်မှုသည် ဂျပန်နိုင်ငံတစ်ဝန်း ဆေးလုပ်သားများကို ကာကွယ်ဆေးထိုးနှံနိုင်ရေးအစီအစဉ်ကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။**

တိုကျိုရှိ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဆေးရုံမှ ဆေးဝန်ထမ်းများသည် မတ် ၈ ရက်က ကိုဗစ်–၁၉ ကာကွယ်ဆေး စတင်ထိုးနှံမှု ခံယူခဲ့သည်။

### ကာကွယ်ဆေးဆိုးကျိုးရှိ မရှိ

ကာကွယ်ဆေးထိုးမခံယူမီ ၎င်းတို့အား ကျန်းမာရေးနှင့် ပတ်သက်သည့် မေးခွန်းများနှင့် ဓာတ်မတည့်မှု ရာဇဝင်ရှိခဲ့သလားဆိုသည်နှင့် ပတ်သက်ပြီး မေးခွန်းများ မေးမြန်းခံခဲ့ရသည်။ ကာကွယ်ဆေးထိုးခံပြီးနောက် ဆိုးကျိုး တုံ့ပြန်မှု ရှိ၊ မရှိ ၎င်းတို့သည် သတ်မှတ်ထားသည့်နေရာတွင် အနည်းဆုံး ၁၅ မိနစ်ကြာ နေထိုင်စောင့်ကြည့်ခြင်း ခံခဲ့ရသည်။

ဆေးရုံက ဆေးဘက်ဆိုင်ရာဝန်ထမ်း ၁၀၀၀ ကို ကာကွယ်ဆေးထိုးနှံနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ ကနဦးစမ်းသပ်ထိုးနှံမှုတွင် ဆေးရုံအုပ်ကြီး ဖူကူရှိမာကိုဂျီ အပါအဝင် လူငါးဦးကို မတ် ၈ ရက်က ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ဖူကူရှိမာက ကာကွယ်ဆေးစတင်ထိုးနှံခြင်းကို မတ် ၉ ရက်မှ အပြည့်အဝ လုပ်ဆောင်မည်ဖြစ်သည်ဟု ပြောကြားခဲ့သလို မတ် ၉ ရက်တွင် ကာကွယ်ဆေးထိုးမှုစတင်ခဲ့သည်။ ဆေးရုံအနေဖြင့် ကာကွယ်ဆေးပမာဏကို အသေအချာ စီမံလုပ်ဆောင်ပြီး ဘေးထွက်ဆိုးကျိုးများကိုလည်း ဂရုစိုက်ကြောင်း ပြောကြားလိုက်သည်။

### ဆေးဝန်ထမ်းများ ဦးစားပေးထိုးနှံရေး

ကာကွယ်ရေးဝန်ကြီးဌာနက ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ဆေးဝန်ထမ်းပေါင်း ၁၄၀၀၀ ခန့်ကို ကာကွယ်ဆေး ဦးစားပေးထိုးနှံနိုင်ရေး စာရင်းထဲ ထည့်သွင်းပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

စာရင်းတွင် ဖော်ပြထားသူများမှာ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ဆရာဝန်များ၊ သူနာပြုများနှင့် တခြားဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ ပါဝင်ကြောင်း သိရသည်။ ထို့အပြင် ကိုဗစ်–၁၉ ကူးစက်လူနာများကို အရေးပေါ် ပို့ဆောင်ပေးနေသူများလည်း ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**



ဂျပန်နိုင်ငံတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံခြားသားများအား ကိုဗစ်–၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးတော့မည်

**ဒါကာ မတ် ၉**

ဘင်္ဂလားဒေ့ရှ်အစိုးရသည် မတ် ၁၇ ရက်တွင် နိုင်ငံခြားသားများကို ကိုဗစ်–၁၉ ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရန် စာရင်းကောက်ယူနေပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ဆောင်မှု ညွှန်ကြားရေးမှူးချုပ်ရုံး (ဒီဂျီအိတ်ချ်အက်စ်) က ထုတ်ပြန်လိုက်သော ထုတ်ပြန်ချက်အရ သိရသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် ကျန်းမာရေး ရှေ့တန်းတွင် တာဝန် ထမ်းဆောင်နေသူများ၊ သံအမတ်များ၊ အသက် ၄၀ ကျော်များ အပါအဝင် လူပေါင်း လေးသန်းကို ကာကွယ်ဆေးထိုးနှံပေးပြီးပြီ ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မတ် ၈ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၄၅ ဦးရှိခဲ့ပြီး ၁၄ ဦး သေဆုံးခဲ့ရာ ဇန်နဝါရီ ၁၃ ရက်မှစပြီး ကိုဗစ်–၁၉ ကူးစက်မှုနှင့် သေဆုံးမှုတွင် အမြင့်ဆုံးဖြစ်ခဲ့ကြောင်း ဒီဂျီအိတ်ချ်အက်စ်က ပြောကြားခဲ့သည်။ လတ်တလောတွင် နိုင်ငံအတွင်း ကိုဗစ်–၁၉ အတည်ပြုလူနာ ၅၅၁၁၇၅ ဦးနှင့် သေဆုံးသူ ၈၄၇၆ ဦးတို့ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ စစ်ဆေးမှုပေါင်း ၁၆၉၅၈ ခုကို လုပ်ဆောင်ခဲ့သည်။

ကိုဗစ်–၁၉ ခံစားရမှုမှ ပြန်လည်ကောင်းမွန် လာသူပေါင်း ၅၀၄၁၂၀ ရှိခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးမှုနှုန်းမှာ ၁ ဒသမ ၅၄ ရာခိုင်နှုန်းရှိခဲ့ပြီး ပြန်လည်ကောင်းမွန်လာသည့်နှုန်းမှာ ၉၁ ဒသမ ၄၆ ရာခိုင်နှုန်းဖြစ်သည်။

အစိုးရက လွန်ခဲ့သော သီတင်းပတ်က ပညာရေးဆိုင်ရာ အင်စတီကျူးရှင်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပို့ဆောင်ရေးလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်လိုက်ပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုသည် မြင့်တက်လျက်ရှိသည်။ **ဆင်ဟွာ**



ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

# ဒုတိယသမ္မတသက်တမ်းတွင် ကိုဗစ်- ၁၉ ကို တိုက်ဖျက်ရန် အာရုံစိုက်သွားမည်ဟု ဂါနာသမ္မတ ပြောကြား

**အက်ခရာ မတ် ၉**

ဂါနာသမ္မတ နာနာအက်ဒိုဒန်ကွာ အကူဖို–အက်ဒိုက ၎င်း၏ ဒုတိယ သမ္မတ သက်တမ်းတွင် ကိုဗစ်–၁၉ တိုက်ဖျက်ရန် အာရုံစူးစိုက်သွားမည်ဖြစ်ပြီး စီးပွားရေး ပြန်လည် နာလန်ထူလာရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှ ကိုဂျို အော့ပွန် နာခရူမာက ပြောကြားလိုက်သည်။

သမ္မတ ဒုတိယသက်တမ်းတွင် အရေးကြီးလုပ်ဆောင်ရမည့် မူဝါဒသုံးခုရှိပြီး ၎င်းတို့မှာ ကိုဗစ်–၁၉ တိုက်ဖျက်ရန်၊ စီးပွားရေး ပြန်လည်နာလန်ထူလာရန်နှင့် ဒုတိယသက်တမ်း အကောင်အထည် ဖော်ရမည့်ကိစ္စရပ်များဖြစ်ကြောင်း အော့ပွန်နာခရူမာက ပြောကြားလိုက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ပြောစကားအရ နိုင်ငံ၏ စီးပွားရေးသည် ကိုဗစ်–၁၉ ကြောင့် အဆိုးဘက်သို့ ရောက်ရှိနေခဲ့ကြောင်းသိရပြီး အစိုးရသည် ၎င်း၏ အစီအစဉ်များကို ဘဏ္ဍာငွေ စိုက်ထည့်ရန် အဆင်မပြေသေးကြောင်း သိရသည်။

အစိုးရသည် ၎င်း၏ ၂၀၂၁ ဘတ်ဂျက်အစီအစဉ်ကို ဂါနာလွှတ်တော်သို့ တင်ပြမည်ဖြစ်သည်။ ၂၀၂၀ ရွေးကောက်ပွဲအနိုင်ရရှိပြီးနောက် အကူဖိုအက်ဒိုသည် ၎င်း၏ ဒုတိယသမ္မတသက်တမ်းကို တာဝန်ထမ်းဆောင်ရန် ဇန်နဝါရီလက ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# အာဖရိက၏ ကိုဗစ် - ၁၉ အတည်ပြုကူးစက်ဖြစ်ပွားသူပေါင်း ၃ ဒသမ ၉၆ သန်းကျော် ရှိလာကြောင်း သိရ

**အဒစ္စအဘာဘာ မတ် ၉**

အာဖရိက၏ ကိုဗစ်–၁၉ အတည်ပြုလူနာအရေအတွက်သည် မတ် ၈ ရက်က ၃၉၆၃၇၀၆ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း အာဖရိက ကူးစက်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန အာဖရိက စီဒီစီက ပြောကြားလိုက်သည်။

အာဖရိက နိုင်ငံများသည် စိန်ခေါ်မှု မြောက်မြားစွာနှင့် ရင်ဆိုင်နေရသလို ၎င်းတို့သည် ကိုဗစ်–၁၉ ကာကွယ်ဆေးများကိုလည်း အရေးပေါ်လိုအပ်လျက်ရှိကြောင်း စီဒီစီညွှန်ကြားရေးမှူး ဂျွန်ကန်ကာဆောင်က တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

တစ်ချိန်တည်းမှာပင် မိမိတို့ ပြည်သူများသည် ကိုဗစ်–၁၉ ကပ်ရောဂါ ရေရှည်ဖြစ်လာသဖြင့် ပင်ပန်းမှုများနှင့်လည်း ရင်ဆိုင်နေရကြောင်း ၎င်းက ပြောကြားလိုက်သည်။ မိမိတို့သည် ကိုဗစ်–၁၉ ကပ်ရောဂါကို ရင်ဆိုင်တွန်းလှန်နေရသည်မှာ တစ်နှစ်ရှိပြီဖြစ်သောကြောင့် ပြည်သူများလည်း ပင်ပန်းလာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ထို့အပြင် ပြည်သူ့ကျန်းမာရေးကြိုတင် ကာကွယ်ဆောင်ရွက်ချက်များကိုလည်း တင်းကျပ်စွာ လိုက်နာရန် လိုအပ်ကြောင်း ၎င်းက အလေးအနက်ထား တိုက်တွန်း ပြောကြားထားသည်။

အာဖရိက စီဒီစီ၏ ထုတ်ပြန်မှုတွင် ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ပေါင်းသည် ၁၀၅၇၂၂ ဦးအထိ ရှိလာကြောင်းနှင့် ၃၄၀၉၈၉ ဦးမှာ ကိုဗစ်–၁၉ ကပ်ရောဂါခံစားနေရမှုမှ ပြန်လည်ကောင်းမွန် လာခဲ့ကြောင်း သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

ကိုဗစ်–၁၉ ကူးစက်မှုအများဆုံး နိုင်ငံများမှာ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် အီသီယိုပီးယားတို့ ဖြစ်ကြောင်း အဆိုပါအေဂျင်စီက ဆက်လက်ဖော်ပြခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် ကိုဗစ်–၁၉ ကြောင့် လူပေါင်း ၅၀၆၇၈ ဦး သေဆုံးခဲ့ကြောင်း အာဖရိက စီဒီစီက ထုတ်ပြန်ပြောကြားလိုက်သည်။ **ဆင်ဟွာ**



အာဖရိကတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနေသည်ကို တွေ့ရစဉ်။

# အမေရိကန်ပြည်နယ်များတွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေးလိုက်သည့်အတွက် ဗြိတိန်ကြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု များပြားလာမည်ကို စိုးရိမ်နေကြ

ကေကေစိုး

ကိုဗစ်-၁၉ ကူးစက်မှုကိုနှိမ်နင်းနိုင်ရေးအတွက် ထုတ်ပြန်ထားသည့်ကန့်သတ်ချက်များကို အာဏာပိုင်များက ဖြေလျှော့ပေးခဲ့ကြသည်။ အမေရိကန်ပြည်သူများအားလုံးကို ကာကွယ်ဆေးထိုးနှံပေးရေး လုပ်ငန်းမှာလည်း ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ အမေရိကန်ပြည်ထောင်စုမှာ ကူးစက်မှုအန္တရာယ်ကြားတွင် ရှိနေဆဲဖြစ်ပြီး ကူးစက်မှုမြန်သည့် ဗြိတိန်ကြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ခေါင်းထောင်လာမည်ကိုလည်း စိုးရိမ်နေကြရသည်။


နယူးယောက်တွင် ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ကာ ဘတ်စ်ကားစီးနေကြသူများကို တွေ့ရစဉ်။

## စိုးရိမ်နေကြရ

အမေရိကန်မှာ မုန်တိုင်းအလယ်တွင် ရှိနေဆဲဖြစ်ကြောင်း မင်နီဆိုးတားတက္ကသိုလ်မှ ကူးစက်ရောဂါသုတေသနနှင့် မူဝါဒရေးရာဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ မိုက်ကယ်တီ အော်စတာဟုမ်းက အင်န်ဘီစီနှင့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။ ပြည်နယ်များတွင် ကိုဗစ် -၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးလိုက်သည့်အတွက် ဗြိတိန်ကြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအန္တရာယ်ပိုမို များပြားလာမည်ကို စိုးရိမ်နေကြရသည်ဟု အခြားသော ကူးစက်ရောဂါပညာရှင်များက ပြောသည်။ အမေရိကန်တွင် ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသည့်သူများ လုပ်ဆောင်နိုင်သည့်အရာများကိုလည်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ထုတ်ပြန်ထားသည်။ ကာကွယ်ဆေးထိုးပြီးသူများသည် အနီးအနားသို့ သွားရောက်လည်ပတ်နိုင်ပြီး အခြားတစ်ဦးနှင့်လည်း အတူတကွ ဆိုင်ထိုင်စားသောက်နိုင်သည်ဟု ထုတ်ပြန်ထားသည်။

## ခရီးသွားရာဇဝင်မရှိ

မတ် ၈ ရက်မှစတင်ကာ ဝါရှင်တန်ဒေသတစ်ဝိုက်တွင် ကိုဗစ် -၁၉ ကာကွယ်ဆေးအညီအမျှ ဖြန့်ဖြူးပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ခရိုင်အတွင်း ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် စာရင်သွင်းစင်တာအသစ်များကိုလည်း ပြုလုပ်ပေးခဲ့သည်။ ဗာဂျီးနီးယားပြည်နယ်၌ တောင်အာဖရိကတွင် တွေ့ရှိရသည့် ဗြိတိန်ကြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူကို တွေ့ရှိခဲ့ရပြီး အဆိုပါကူးစက်ခံရသူသည် ဗိုင်းရပ်စ်တွေ့ရှိရာနေရာများသို့ သွားရောက်ထားသည်ဟူသော ခရီးသွားရာဇဝင်မရှိဟု ဗာဂျီးနီးယားကျန်းမာရေးဌာနက ပြောသည်။ အဆိုပါ ဗြိတိန်ကြောင်းဗိုင်းရပ်စ်ကို B.1.351ဟု အမည်ပေးထားပြီး ပြည်နယ်နှင့် နယ်မြေပေါင်း ၂၀ တို့တွင် ထောက်လှမ်းတွေ့ရှိထားသည်။

## ကူးစက်မှုအန္တရာယ်စိုးရိမ်နေရ

ဗြိတိန်ကြောင်း ကိုရိုနာဗိုင်းရပ်စ်မှာ မူရင်းဗိုင်းရပ်စ်ထက် ကူးစက်မှုနှုန်း ပိုမိုမြန်ဆန်သည့်အတွက် ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ကြရန်၊ လူအချင်းချင်း ခပ်ခွာခွာနေကြရန်နှင့် လက်ကိုမကြာခဏ ဆေးကြရန် ကျွမ်းကျင်သူများကပြောသည်။ အမေရိကန်တွင် ကိုဗစ်-၁၉ နေ့စဉ် ကူးစက်မှုနှုန်းမှာ ၆၀၀၀၀ ပတ်လည်တွင် ရှိနေပြီး ဗြိတိန်ကြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု အန္တရာယ်ကိုလည်း စိုးရိမ်နေရသည်။ ယခုအချိန်တွင် ပြည်နယ်များ၌ ကန့်သတ်ချက်များ ဖြေလျှော့ပေးလိုက်ခြင်းကြောင့်လည်းကောင်း၊ ယခုသီတင်းပတ်အတွင်း လူများ နွေရာသီခရီးတိုသွားရောက်ခြင်းများကြောင့်လည်းကောင်း ကူးစက်မှုအန္တရာယ်ကို စိုးရိမ်နေရသည်ဟု သိရသည်။

## အခြေအနေဆိုးရွားလာ

ဗြိတိန်တွင် တွေ့ရှိရသည့် ဗြိတိန်ကြောင်းဗိုင်းရပ်စ်ကို B.1.1.7ဟု အမည်ပေးထားပြီဖြစ်သည်။ အဆိုပါ ဗိုင်းရပ်စ်မှာ ခြောက်ပတ်မှ ၁၄ ပတ်အတွင်း အရှိန်အဟုန်ရလာသည်။ လွန်ခဲ့သည့် လေးပတ်က B.1.1.7မှာ တစ်ရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအထိရှိပြီး တိုင်းပြည်တစ်လွှား တွေ့ရှိလာရသည်ဟု မင်နီဆိုးတားတက္ကသိုလ်မှ ကူးစက်ရောဂါ သုတေသနနှင့် မူဝါဒရေးရာဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ မိုက်ကယ်တီ အော်စတာဟုမ်းက ပြောသည်။ ဥရောပတွင် နိုင်ငံပေါင်း ၂၇ နိုင်ငံ၌ ဗြိတိန်တွင် တွေ့ရှိရသည့် ဗြိတိန်ကြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကို တွေ့ရှိလာရသည်။ အဆိုပါ ၂၇ နိုင်ငံထဲမှ ၁၀ နိုင်ငံမှာ အခြေအနေဆိုးရွားလာသည်ဟု ၎င်းက ပြောကြားခဲ့သည်။

## သတိပေးခဲ့

ဥရောပတွင် ဗြိတိန်ကြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ တွေ့ရှိပြီးနောက် အမေရိကန်ကိုလည်း ကူးစက်မှုအန္တရာယ်မှ ကင်းဝေးအောင် လုပ်ဆောင်ရမည်ဟု ၎င်းက ပြောသည်။ ဗြိတိန်တွင် တွေ့ရှိရသည့် ဗြိတိန်ကြောင်းကိုရိုနာဗိုင်းရပ်စ်မှာ ၂၀၂၁ ခုနှစ်တွင် ကူးစက်မှု ပိုမိုများလာနိုင်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက သတိပေးခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်ပေါင်း ၄၆ ခုတွင် လူပေါင်း ၃၀၀၀၀ မှာ အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံထားရသည်ဟု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ ဖလော်ရီဒါတွင် ဗြိတိန်ကြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ၆၀၀ ကျော် တွေ့ရှိခဲ့ပြီး မီချီဂန်တွင်မူ ကူးစက်မှုပေါင်း ၄၀၀ ကျော်တွေ့ရှိရသည်။

## ကူးစက်မှုလျင်မြန်

အဆိုပါတွေ့ရှိမှုများမှာ အမေရိကန် တစ်နိုင်ငံလုံးတွင် တွေ့ရှိရသည့် ဗြိတိန်ကြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကို ကိုယ်စားမပြုကြောင်း၊ ၎င်းတို့ဆီ ရောက်ရှိလာသည့် နမူနာများကို စစ်ဆေးခြင်းဖြင့် သိရှိထားသည့် ရလဒ်များသာဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကုသရေးစင်တာက ပြောသည်။ အဆိုပါ ဗြိတိန်ကြောင်း ကိုရိုနာဗိုင်းရပ်စ်မှာ ဗြိတိန်တွင် ကူးစက်မှုအလွန်များပြားပြီး ယခုအခါ ဥရောပတွင်လည်း ကူးစက်မှုများပြားနေသည်ဟု ကူးစက်ရောဂါကျွမ်းကျင်သူ တစ်ဦးဖြစ်သူ စီလင်းဂရောင်းဒါက ပြောသည်။ အဆိုပါ ဗြိတိန်ကြောင်း ကိုရိုနာဗိုင်းရပ်စ်မှာ မူရင်းထက် ပို၍ကူးစက်မှု လျင်မြန်သည်။

## အောင်မြင်စွာထိုးပေးပြီးဖြစ်

ယင်းဗြိတိန်ကြောင်းဗိုင်းရပ်စ် လျင်မြန်စွာကူးစက်လာပါက ဆေးရုံတက်ရောက်ကုသမှုခံယူရသူနှုန်းနှင့် သေဆုံးမှုနှုန်းမှာ ထိန်းချုပ်မှုမရဖြစ်လာနိုင်သည်ဟု ဂရောင်းဒါက ပြောသည်။ ယခုအချိန်၌ အမေရိကန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရသည့်နှုန်းမှာ ကူးစက်မှုကို ရပ်တန့်နိုင်သည်အထိ လုံလောက်သည့် ပမာဏမရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အမေရိကန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးပေါင်း ၁၁၆ သန်းကျော် ရောက်ရှိပြီးဖြစ်သည်။ လူပေါင်း ၅၉ သန်းမှာ အနည်းဆုံး ပထမတစ်ကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။ ၃၀ ဒသမ ၆ သန်းမှာမူ ဒုတိယအကျော့ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်သည်။ အမေရိကန်ပြည်ထောင်စု လူဦးရေ၏ ကိုးရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး အောင်မြင်စွာ ထိုးပေးပြီးဖြစ်သည်။

## ဖယ်ရှားပေးခဲ့

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းမှာ ၁၀၀၀၀ အောက်သို့ မရောက်မချင်း ပြည်နယ်များတွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ခြင်းများ မပြုလုပ်သင့်ဟု ကူးစက်ရောဂါနှင့် ခုခံအားကျဆင်းမှု အမျိုးသားအင်စတီကျူမှ ညွှန်ကြားရေးမှူး ဒေါက်တာ အန်သိုနီဖောင်ချီက ပြောသည်။ ယခုအခါ ပြည်နယ်အချို့တွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ပြီး တက္ကဆက်နှင့် မစ္စစ္စပီ တို့တွင် ပါးစပ်၊ နှာခေါင်းစည်း မဖြစ်မနေ ဝတ်ဆင်ရန်အမိန့်ကို လွှန်ခဲ့သည့် သီတင်းပတ်အတွင်းက ဖယ်ရှားပေးခဲ့သည်။ ။

ဝါရှင်တန်ပို့စ်

**“ဗြိတိန်တွင် တွေ့ရှိရသည့် ဗြိတိန်ကြောင်းကိုရိုနာဗိုင်းရပ်စ်မှာ ၂၀၂၁ ခုနှစ်တွင် ကူးစက်မှု ပိုမို များလာနိုင်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက သတိပေးခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်ပေါင်း ၄၆ ခုတွင် လူပေါင်း ၃၀၀၀၀ မှာ အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံထားရသည်ဟု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရ”**

# COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၉–၃–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၈–၃–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၉–၃–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၆၃၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၀၅,၄၀၂) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၀၅၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၀၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများအား ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော် မတ် ၉**

တပ်မတော်အနေဖြင့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် မထိုးနှံရသေးသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့တွင် ထိုးနှံနိုင်ရေးအတွက် တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများကို ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ဆေး အကြိမ်အရေအတွက် ၈ သောင်းစီ ထိုးနှံနိုင်ရန် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးလေဆိပ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးလေဆိပ်သို့ လည်းကောင်း၊ ကာကွယ်ဆေး အကြိမ်အရေအတွက် ၄ သောင်းထိုးနှံနိုင်ရန် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံလေဆိပ်သို့ လည်းကောင်း၊ ကာကွယ်ဆေး အကြိမ်အရေအတွက် ၃ သောင်း ထိုးနှံနိုင်ရန် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်လေဆိပ်သို့ လည်းကောင်း၊ ကာကွယ်ဆေးအကြိမ်အရေအတွက် ၂သောင်း ထိုးနှံနိုင်ရန် မြိတ်လေဆိပ်သို့လည်းကောင်း ပို့ဆောင်ပေးခဲ့ရာ ပြည်နယ်/ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

အဆိုပါကာကွယ်ဆေးများအား တပ်မတော် မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ၉ - ၃ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၇၄၄၆၅၂ | ၂၀၄၄၉၆၃၄ | ၅၃၈၆၂၈ |
| ၂။ | အိန္ဒိယ | ၁၁၂၄၆၃၈၀ | ၁၀၈၉၉၃၉၄ | ၁၅၇၉၈၅ |
| ၃။ | ဘရာဇီး | ၁၁၀၅၅၄၈၀ | ၉၇၈၂၃၂၀ | ၂၆၆၆၁၄ |
| ၄။ | ရုရှား | ၄၃၄၂၄၇၄ | ၃၉၃၂၀၇၇ | ၈၉၈၀၉ |
| ၅။ | ဗြိတိန် | ၄၂၂၃၂၃၂ | ၃၂၇၈၆၂၉ | ၁၂၄၅၆၆ |
| ၆။ | ပြင်သစ် | ၃၉၀၉၅၆၀ | ၂၆၆၀၉၆ | ၈၈၉၃၃ |
| ၇။ | စပိန် | ၃၁၆၀၉၇၀ | ၂၈၁၀၉၂၉ | ၇၁၄၃၆ |
| ၈။ | အီတလီ | ၃၀၈၁၃၆၈ | ၂၅၀၈၇၃၂ | ၁၀၀၁၀၃ |
| ၉။ | တူရကီ | ၂၇၉၃၆၃၂ | ၂၆၃၂၀၃၀ | ၂၉၀၉၄ |
| ၁၀။ | ဂျာမနီ | ၂၅၁၃၇၆၈ | ၂၃၁၉၆၀၀ | ၇၂၆၉၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၉ - ၃ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၃၉၂၉၄၅ | ၁၂၁၀၈၇၇ | ၃၇၇၅၇ |
| ဖိလစ်ပိုင် | ၆၀၀၄၂၈ | ၅၄၆၀၇၈ | ၁၂၅၂၈ |
| မလေးရှား | ၃၁၆၂၆၉ | ၂၉၆၃၇၉ | ၁၁၈၆ |
| မြန်မာ | ၁၄၂၀၅၉ | ၁၃၁၇၀၂ | ၃၂၀၀ |
| စင်ကာပူ | ၆၀၀၅၂ | ၅၉၉၀၅ | ၂၉ |
| ထိုင်း | ၂၆၅၀၁ | ၂၅၈၅၁ | ၈၅ |
| ဗီယက်နမ် | ၂၅၂၆ | ၂၀၀၄ | ၃၅ |
| ကမ္ဘောဒီးယား | ၁၀၆၀ | ၅၃၈ | ၀ |
| ဘရူနိုင်း | ၁၉၀ | ၁၈၂ | ၃ |
| လာအို | ၄၇ | ၄၂ | ၀ |

# အပြုနှင့် အဖျက်

## ပြည်သူ့ဘက်တော်သား

**တရားမျှတခြင်းနှင့်မသမာမှု၊**
**အမှန်နှင့်အမှား၊**
**အကောင်းနှင့်အဆိုး၊**
**အကျိုးနှင့်အပြစ်၊**
**အပြုနှင့်အဖျက်၊ အဖြူနှင့်အမည်း(အမဲ)။**

မိမိဘယ်ဘက်မှာလဲ ခွဲခြားစဉ်းစားတတ်ရန် လိုပေသည်။ တွေဝေနေကြရမည့် အချိန်မဟုတ်တော့ပေ။ ဒီမိုကရေစီအရေခြုံဟန်ဆောင်ထားခဲ့သော်လည်း တစ်ပါတီအာဏာရှင်စနစ်ဆီသို့သာ ဦးတည်ခဲ့သော "မဖြစ်ဖြစ်သည့်နည်းနှင့် နိုင်ငံတော်အာဏာကို ရယူရမည်။ မှန်ကန်ဖို့မလို။ တရားမျှတရန် အရေးမစိုက်။ ရနိုင်သည့် မဲလိမ်၊ မဲခိုး၊ မဲမများများအောင် တရားမဲ့ပြုရမည်။" သူခိုးသူဝှက်ပုံစံ ဤမူဝါဒဖြင့် ဥပဒေ၊ တရားမျှတသောကျင့်ဝတ်များကို ချိုးဖောက်ကာ ပြည်သူလူထုအပေါ် စော်ကားအထင်သေးသော နိုင်ငံရေးသမားအုပ်စုသည် အလိမ်ပေါ်သောအခါ အမှားကိုဝန်ခံရန် အမှန်မမြင်သည့်အပြင် ပြည်ပအားကိုးဖြင့် တည်ဆဲတရားဥပဒေကိုပင် အကြမ်းဖက်တိုက်ခိုက် ဆန့်ကျင်သည်အထိ ရန်ပြုလာခဲ့သည်။ အမှားပြီးအမှား၊ အမှားကြီးမှားသွားခဲ့ပြီဖြစ်၏။ ဓားပြအဆင့်မှ သူပုန်လုပ်တော့မည်။ တိုင်းပြည်ကို ဆင်းရဲသည်ထက် ပိုမွဲတေအောင် ဒုက္ခပေးနေကြပြီ။

မသိနားမလည်သောလူငယ်အချို့၊ ကလေးငယ်များနှင့် နားယောင်လွယ်သောလူများကို အနုနည်းဆွဲဆောင်စည်းရုံးခြင်း၊ အကြမ်းနည်းခြိမ်းခြောက်အကျပ်ကိုင်ခြင်းနည်းများဖြင့် ပြည်သူကြားတွင် အမုန်းတရားပေါ်ပေါက်လာအောင် လှုံ့ဆော်ခဲ့သည်။ အန္တရာယ်ကို ဖိတ်ခေါ်ခဲ့သည်။ ဥပဒေနှင့်မညီသော ချိုးဖောက်မှုများ ဖြစ်ပေါ်လာအောင် အေးချမ်းသောလူထုဆန္ဒပြမှုများကို ဥပဒေမဲ့ အကြမ်းဖက်ဆန့်ကျင်အုံကြွမှုဆီသို့ ပြောင်းလဲရွေ့လျားအောင် အမျိုးမျိုးလှည့်စားကျုံးသွင်းခဲ့ကြသည်။ အများစုကတော့ လိမ်ညာမှုသားတွေမှန်း သိလာခဲ့ကြပါပြီ။ တရားဥပဒေကို လေးစားလိုက်နာခြင်းမရှိအောင်၊ တာဝန်ဝတ္တရားထမ်းဆောင်နေသူများကို ပြက်ရယ်ပြုခြင်း၊ ရှုတ်ချခြင်း၊ ပုတ်ခတ်ခြင်း၊ ဝိုင်းပယ်ခြင်းမှတစ်ဆင့် အရှက်ခွဲခြင်း၊ အုပ်စုဖြင့် အနိုင်အထက်ပြုခြင်း၊ ရန်ပြုခြင်း၊ တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ အထိတိုး၍တိုး၍ မိုက်ရိုင်း၊ စော်ကား၊ ရမ်းကားခဲ့ကြသည်။ မှားခဲ့ကြပြီ။ လွန်ကျူးလွန်းသည်။ ဒီမိုကရေစီအရေးဟု အစပိုင်း၌ ဟန်ဆောင်ခဲ့ကြသော်လည်း လူအများစိတ်လှုပ်ရှားစေအောင် လုပ်နိုင်ခဲ့ပြီထင်သောအခါ အကြမ်းဖက်မှု မင်းမဲ့စရိုက်ဆီသို့ ဖေဖော်ဝါရီနောက်ဆုံးပတ်များတွင် သိသာစွာ ပြောင်းလဲသွားလေသည်။

**ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ခြင်း။**
**ဆူပူအကြမ်းဖက်ခြင်း။ ပိတ်ဆို့ခြင်း။**
**ရန်ပြုတိုက်ခိုက်ခြင်း။ ဖျက်ဆီးခြင်း။**

တရားမဝင်စင်ပြိုင်အစိုးရဖွဲ့ကာ သူပုန်ထ၊ ပုန်ကန်ခြင်းအထိ ပြန်လမ်းမရှိသည့် မှားယွင်းမိုက်မဲခြင်းဆီသို့ လွဲချော်သွားခဲ့ချေပြီ။ နိုင်ငံရေးလမ်းကြောင်းသည် နိုင်ငံပြည်သူကောင်းကျိုးအတွက် လုံးဝမပါဘဲ ရိုဟင်ဂျာအမည်ခံမည့် တစ်ဖက်နိုင်ငံသားများကို မြန်မာပြည်ထဲသို့ တံခါးမရှိ၊ အတားအဆီးမရှိ လိုမ့်ဝင်အခြေချနိုင်အောင် လက်ခံချင်သော ထိုအုပ်စု၏ "လူမျိုးရေးသစ္စာဖောက်မှု" က အခြေခံအကြောင်းပြုခဲ့သည်။ မစားရသည့်အမဲ သဲနှင့်ပက်ဟု ဖျက်ဆီးပုံကို တွေ့လာကြရပြီ။ နိုင်ငံကောင်းကျိုး၊ ပြည်သူ့အကျိုးနှင့် နောင်အနာဂတ်လူငယ်များအတွက် ကာကွယ်ထိန်းသိမ်းကြရမည့် အမျိုးသားအကျိုးစီးပွားကို နားလည်သိမြင်ကြသော ပြည်သူပေါင်းများစွာက ထိုအုပ်စု၏ ထိုလမ်းကြောင်းမူဝါဒကို အကြိမ်ပေါင်းများစွာ ဆန္ဒပြကာဆန့်ကျင်၊ ကာကွယ်၊ တားဆီးခဲ့ကြပါသော်လည်း အာဏာရခဲ့သည့် ငါးနှစ်တာကာလအတွင်း တစ်ပါတီအာဏာရှင်စနစ်ဖြင့် ဖြစ်ချင်တာတွေကိုသာ ပြည်ပထောက်ပံ့ကူညီသူများထံမှ အပေးအယူ နားလည်မှုယူကာ လုပ်ချင်ရာလုပ်ခဲ့ကြ၏။ ပြည်သူ့စကားနားမဝင်ခဲ့။ ပြည်သူနှင့်ဝေးသည်ထက် ဝေးကွာသွားခဲ့ကြ၏။ ပြည်သူ၏ဆန္ဒကို အလေးမထား။ နိုင်ငံတကာအမြင်ရှိသော ပြည်သူများကား နားလည်ခဲ့ကြ မြင်ခဲ့ကြပြီးဖြစ်ပါသည်။

ပထဝီနိုင်ငံရေးကို သဘောပေါက်ကြသော ပြည်သူအများစုက အားလုံးသိခဲ့ကြပြီးသားဖြစ်ပါသည်။ ရန်သူကို မိတ်ဆွေပြုကာ "သူခိုးကိုသာ ဓားရိုးကမ်းခဲ့သော မိုက်မဲမှုမျိုး"သည် မည်သူမျှ ဆက်လက်သည်းမခံလိုကြတော့ပေ။ ပြည်သူလူထုအများစုကြီးက စိတ်နာခံပြင်းခဲ့ကြရလေသည်။

နိုင်ငံ့သမိုင်းကို အရိုင်းမခံလိုကြချေ။ သို့ရာတွင် ဒီမိုကရေစီနည်းစနစ်နှင့်အညီ တည်ဆဲဥပဒေအရ အတည်ပြုဖြစ်ပေါ်ခဲ့ရခြင်းများကို အမျိုးသားရေးအားဦးထိပ်ထားသော အဓိကအဖွဲ့အစည်းများသည် လိုက်လျောစွာစိတ်ရှည်ခဲ့ကြရလေသည်။ ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်အောင် ထိန်းသိမ်းခဲ့ကြပေသည်။

ယခင်အစိုးရလက်ထက် ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို တရားမျှတစွာကျင်းပဆောင်ရွက်ရန် တာဝန်ရှိခဲ့ပါသော်လည်း တင်ကူးကြံရွယ်ချက်၊ မသမာ တမင်ကြိုတင်ကြံစည်မှုများဖြင့် မဲမသမာ မဲခိုးခြင်း မတရားမှုများကို ကျူးလွန်နေကြောင်း သက်သေခံအထောက်အထားများ၊ လူသက်သေများ အထင်အရှား ပေါ်ပေါက်လာကြသောအခါ ဒီမိုကရေစီလမ်းကြောင်းကို မပျက်စီး မပျက်ပြားအောင် ကာကွယ်ထိန်းကျောင်းရန် တာဝန်ပေးခြင်းခံရသော တပ်မတော်အား ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၁၈) ပုဒ်မခွဲ (က) ပြဋ္ဌာန်းသတ်မှတ်ချက်များအရ ယာယီသမ္မတက အရေးပေါ်အခြေအနေ ကြေညာပြီး အာဏာပေးလိုက်ခြင်းပင်ဖြစ်ပေသည်။ ဥပဒေနှင့်ညီသော ပြောင်းလဲခြင်းပင်ဖြစ်သည်။

တပ်မတော်က အာဏာထိန်းခဲ့ရပြီ။

တပ်မတော်က စစ်အစိုးရအဖြစ် အာဏာသိမ်းခဲ့ခြင်းမဟုတ်။ ဥပဒေအရ ကာလအပိုင်းအခြားသတ်မှတ်ချက်အတွင်း တာဝန်ယူရခြင်းသာ။ ဤအချက်ကို ဖုံးကွယ်ပြီး မှားယွင်းစွပ်စွဲမှုများဖြင့် အချို့က တမင်အလွဲဝါဒ ဖြန့်နေခဲ့ကြပေသည်။

အကယ်၍သာ တပ်မတော်က စစ်ကောင်စီဖွဲ့၍ ဥပဒေမဲ့အာဏာသိမ်းခြင်းဆိုလျှင် အစိုးရအဖွဲ့ဝင်ဝန်ကြီးအားလုံး၊ ဒုဝန်ကြီးအားလုံးကိုဖမ်းဆီး၍ ထောင်သွင်းအကျဉ်းချရမည်။ တည်ဆဲဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခဲ့ရမည်။ တရားမဝင်စစ်အာဏာသိမ်းအစိုးရ ဖြစ်ကောင်းဖြစ်မည်။ ပြည်ပက အသိအမှတ်ပြုရန် ထောက်ခံခြင်းများ တောင်းခံရန် လိုကောင်းလိုလိမ့်မည်။ ဤသို့မဟုတ်ခဲ့ပေ။ ဥပဒေနှင့်အညီ တရားဝင်အစိုးရဖြစ်ကြောင်း ထင်ရှားပြီးဖြစ်သည်။

ယခု ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က နိုင်ငံတော်အာဏာကို ပြည်သူ့ဝန်ထမ်းတာဝန်အရ တာဝန်ပေးခံရသဖြင့် ၁၂ လ သို့မဟုတ် ၂၄ လအတွင်း အထွေထွေရွေးကောက်ပွဲကို တရားမျှတစွာ ကျင်းပပေးရန် လုပ်ဆောင်ပြီးပါက မူလတာဝန်များကို ထမ်းဆောင်သွားလိမ့်မည်ဖြစ်ပေသည်။ ပြည်သူများလိုလားသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း ဥပဒေစည်းကမ်းများနှင့်အညီ ဆက်လက်ချီတက်သွားမည်သာဖြစ်သည်။

ပါတီခေါင်းဆောင်အချို့ကိုသာ ထိန်းသိမ်းခံရခြင်းမှာ သက်ဆိုင်ရာပုဂ္ဂိုလ်၏ ပြစ်မှုကျူးလွန်ခဲ့သော ထင်ရှားသည့် ပြုမူမှားယွင်းမှုများအရ ဥပဒေနှင့်အညီ စွဲဆိုရုံးတင်စစ်ဆေး အပြစ်ရှိ၊ မရှိ ကြားနာစီရင်စေမည် ဖြစ်လေသည်။ တာဝန်ယူစဉ်က တာဝန်ပျက်ပြားခြင်း၊ ဖောက်ဖျက်ကျူးလွန်ခြင်းများရှိခြင်း၊ မရှိခြင်းအရ တရားဥပဒေနှင့်အညီသာ တရားဥပဒေက ဆုံးဖြတ်စီရင်ပေလိမ့်မည်။

တပ်မတော်သည် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် ခိုင်မာသောအမှန်တရားအင်အားဖြစ်သည်။ ဆူပူအုံကြွဆန့်ကျင်တိုက်ခိုက်ပါက "အာဏာရှင်စနစ်ထူထောင်မည့် တစ်ပါတီအာဏာရရေး" ပြည်ပအကူအညီ အထောက်အပံ့ယူ၍ သူတစ်ပါးဩဇာခံ အမျိုးသားသစ္စာဖောက် ကိုယ်ကျိုးရှာနိုင်ငံရေးသမားတစ်စုကို အားပေးမှုသာဖြစ်ပါလိမ့်မည်။ ပကတိအမှန်တရားကို ကွဲပြားစွာ မြင်အောင်ကြည့်၍ သိအောင်လေ့လာစေလိုပါ၏။

> **"ယခု ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က နိုင်ငံတော်အာဏာကို ပြည်သူ့ဝန်ထမ်းတာဝန်အရ တာဝန်ပေးခံရသဖြင့် ၁၂ လ သို့မဟုတ် ၂၄ လအတွင်း အထွေထွေရွေးကောက်ပွဲကို တရားမျှတစွာ ကျင်းပပေးရန် လုပ်ဆောင်ပြီးပါက မူလတာဝန်များကို ထမ်းဆောင်သွားလိမ့်မည် ဖြစ်ပေသည်။ ပြည်သူများလိုလားသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း ဥပဒေစည်းကမ်းများနှင့်အညီ ဆက်လက်ချီတက်သွားမည်"**

# Rescue Task Force (RTF) ပရဟိတအဖွဲ့အမည်ခံ လူငယ်အချို့အား တွေ့ရှိစိစစ်ဆောင်ရွက်

**နေပြည်တော် မတ် ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အတွင်း ဧည့်စာရင်း စစ်ဆေးခဲ့ရာ ကံ့ကော်ရပ်ကွက်ရှိ Golden Bliss ဟိုတယ်တွင် တည်းခိုလျက်ရှိသော အမျိုးသား ၆ ဦး၊ အမျိုးသမီး ၅ ဦး၊ စုစုပေါင်း ၁၁ ဦးကို လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တွေ့ရှိရသူ ၁၁ ဦးမှာ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် နေထိုင်သူ မဆင့်မွန် (ဘ) ဦးဇော်ထွန်းမြင့် ဦးဆောင်လာခဲ့ခြင်း ဖြစ်ပြီးငင်းတို့အား စိစစ်တွေ့ရှိရမှုမှာ ဖေဖော်ဝါရီလ (ပထမပတ်) တွင် ဆန္ဒဖော်ထုတ်ပွဲများ ဆောင်ရွက်ရာ၌ ဒဏ်ရာရလူနာများ ရှိပါက ဆေးကုသမည့်နေရာများသို့ ပို့ဆောင်ပေးရန် ရည်ရွယ်ချက်ဖြင့် Rescue Task Force (RTF) အဖွဲ့အား ဖေဖော်ဝါရီ ၃ ရက်တွင် ဥက္ကဋ္ဌအဖြစ် မဆင့်မွန်၊ ဒုတိယ ဥက္ကဋ္ဌအဖြစ် မင်းခန့်ကျော်နှင့် အဖွဲ့ဝင် ၆ ဦးတို့ဖြင့် စတင်တည်ထောင်ခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်၌ Rescue Task Force (RTF) Page မှ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ကြောင်း ကြေညာခဲ့ရာ မတ် ၁ ရက်တွင် အဖွဲ့ဝင်ပေါင်း ၃၆ ဦးအထိ တိုးလာခဲ့ကာ ကြေညာထားရှိသော ဘဏ်စာရင်းများသို့ ပေးပို့လှူဒါန်း ငွေကျပ် ၈၆၅ သိန်း ရရှိခဲ့ကြောင်း၊ ယင်းလှူဒါန်းရရှိငွေမှ ဆင်တူဝတ်စုံများ ဝယ်ယူခြင်းနှင့် အခြားကူညီရေးအဖွဲ့များသို့ ထပ်ဆင့်လှူဒါန်းခဲ့ရာ ငွေကျပ် သိန်း ၂၈၀ ခန့် အသုံးပြုခဲ့ကြောင်း၊ ထို့ပြင် အဖွဲ့အသုံးပြုရန်အတွက် မော်တော်ယာဉ်တစ်စီးကို ငွေကျပ်သိန်း ၇၀ နှင့် အခြားမော်တော်ယာဉ် တစ်စီးကို ငွေကျပ်သိန်း ၅၀ ဖြင့် ဝယ်ယူအသုံးပြုခဲ့ကြောင်း၊ ထိုငွေကြေး အသုံးပြုမှုများကို အဖွဲ့ဝင်များနှင့် အလှူရှင်အချို့က မကျေနပ်သဖြင့် ဥက္ကဋ္ဌတာဝန်ယူနေသူ မဆင့်မွန်က မတ် ၂ ရက်တွင် တာဝန်မှ နုတ်ထွက်ခဲ့ပြီး အလှူရှင်များထံသို့ ငွေကျပ်သိန်း ၃၀၀ ခန့်ကို ပြန်လည်ပေးပို့ခဲ့ရပြီး မဆင့်မွန်လက်ဝယ်တွင် ငွေကျပ် ၁၆၅ သိန်းခန့် ကျန်ရှိကြောင်း၊ ယင်းနောက် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသူ မင်းခန့်ကျော်ကို ငွေကျပ် ၆၅ သိန်း လွှဲအပ်ခဲ့ကြောင်းနှင့် မင်းခန့်ကျော်ပါ ၁၇ ဦးကို ရဲတပ်ဖွဲ့မှ လိုက်လံဖမ်းဆီးနေသည်ဆိုသဖြင့် ဘီးလင်းမြို့နယ် မဲပလီကျေးရွာဘက်သို့ တိမ်းရှောင်ရန် ထွက်ခွာသွားခဲ့ကြောင်း။



(ဝဲယာမှ) မမြတ်မွန်ကြူ၊ မနှင်းနှင်းခိုင်၊ မစုမြတ်နန္ဒာ၊ မစံပယ်ဖြူ၊ မဆင့်မွန်၊ ကိုဇာနည်စိုး၊ လှမင်းဘိုဘို၊ ကိုဇေယျာ၊ ဖွဲ့မင်းသွေး၊ သျှားထက်ပိုင်၊ ရဲနန္ဒကို။

ထို့နောက် အလှူရှင်များက အလှူငွေများအား စာရင်းရှင်းလင်းရန် တောင်းဆိုလာသဖြင့် ဘီးလင်းဘက်သို့ ထွက်ခွာသွားသော (မင်းခန့်ကျော်) ဦးစီးအဖွဲ့ကို ရှာဖွေရန်စီစဉ်ခဲ့ပြီး ရန်ကုန်မှ ထွက်ခွာ၍ ဆက်သွယ်စုံစမ်းခဲ့ရာ မင်းခန့်ကျော်အဖွဲ့သည် မတ် ၆ ရက်တွင် KNU နယ်မြေသို့ ဝင်ရောက်သွားပြီး ဖြစ်ကြောင်း သိရှိရသဖြင့် ပြန်လာပြီး ကျိုက်ထိုတွင် တည်းခိုနေထိုင်စဉ် ယခုကဲ့သို့ စိစစ်မေးမြန်းခြင်း ခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံအတွင်း ဆူပူဆန္ဒပြသူ လူစုလူဝေးများတွင် ယခုကဲ့သို့ တရားမဝင် အဖွဲ့အစည်းများ ဖွဲ့စည်းကာ အလှူငွေများ ရယူခြင်း၊ အချင်းချင်းမတည့်ခြင်း၊ ငွေကြေးသုံးစွဲမှု အခြေအနေအပေါ် စိတ်ဝမ်းကွဲကြကာ တစ်ဖက်အဖွဲ့အစည်း နယ်မြေများသို့ ရောက်ရှိသွားသူများအနေဖြင့် ၎င်းတို့၏ အနာဂတ်အရေးအတွက် မျှော်မှန်းမရနိုင်သော အခြေအနေများ ကြုံတွေ့လာနိုင်သည်။ သို့ဖြစ်၍ လူငယ်ထုနှင့် မိဘများ၊ ရပ်ကွက် ကျေးရွာများအတွင်းရှိ ရပ်မိရပ်ဖများအနေဖြင့် လိုအပ်သလို ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်နေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးညှင်းမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား မော်တော်ယာဉ်ဖြင့် ဝင်ရောက်တိုက်

**နေပြည်တော် မတ် ၉**

မိုးညှင်းမြို့ အရှေ့စုရပ်ကွက် ရွှေသာလျောင်းဇာတ်ရုံတွင် ယနေ့နံနက်ပိုင်းက ခေါင်းဆောင်(စိစစ်ဆဲ) လူစုလူဝေးအင်အား ၃၀၀ ခန့် ဆူပူဆန္ဒပြနေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ အကြိမ်ကြိမ် လူစုခွဲရန် သတိပေးသော်လည်း ဆူပူဆန္ဒပြသူ လူစုလူဝေးမှ လူစုမခွဲသည့်အပြင် လုံခြုံရေး တာဝန်ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို တုတ်များ၊ ခဲများ၊ လေးခွများဖြင့် ပစ်ခတ်ရန်ပြုလာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးသုံး ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်ဖြင့် ပစ်ခတ်ဖြိုခွဲခဲ့ရကြောင်း သိရသည်။

ထိုသို့ဖြိုခွဲခဲ့ရာမှ ထွက်ပြေးသည့် လူစုလူဝေးအား လိုက်လံရှင်းလင်းသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စိမ်းရတနာမွန်တောင်ရပ်ကွက် ဗောဓိလမ်းဆုံ၌ အခြေပြုနေစဉ် ယာဉ်အမှတ် NPW 9k/ 9288 Honda Fit အဖြူရောင်လိုင်စင် (စိစစ်ဆဲ)သည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အရှိန်ပြင်းစွာဖြင့် မောင်းနှင်ကာ ဝင်တိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှောင်တိမ်းခဲ့ရကာ ယာဉ်အား ရပ်တန့်စေရေး အဓိကရုဏ်းနှိမ်နင်းရေးသေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရသည်။ အဆိုပါ မောင်းနှင်ထွက်ပြေးသွားသော ယာဉ်သည် စက်ကုန်းရပ်ကွက်(၆) လမ်းထိပ်ရှိ နေအိမ်ခြံဝင်းအား ဝင်ရောက်တိုက်မိပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ မင်းခန့်ဝေ (၂၄ နှစ်) (ဘ) ဦးစိုးနိုင် အရှေ့စုရပ်ကွက် မိုးညှင်းမြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား စစ်ဆေးမေးမြန်းချက်အရ ယာဉ်ပေါ်တွင် ၎င်းနှင့်အတူ လိုက်ပါလာသူ အမျိုးသားနှစ်ဦး (စိစစ်ဆဲ) သည် ဒဏ်ရာရရှိကာ မော်တော်ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**






# တိုးတက်ဝေ မိသားစု အမည်ရှိ နေကာပါဝါမျက်မှန်ဆိုင်ကို ဆူပူအကြမ်းဖက်သူ လူတစ်စုက ဝင်ရောက်ဖျက်ဆီး၍ တန်ဖိုးကြီးမျက်မှန်များကို ယူဆောင်

**နေပြည်တော် မတ် ၉**

ဆူပူအကြမ်းဖက်သူလူတစ်စုက ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ တိုးတက်ဝေမိသားစု နေကာပါဝါမျက်မှန်ဆိုင်ကို ဝင်ရောက်ဖျက်ဆီး၍ တန်ဖိုးကြီးမျက်မှန်များကို ယူဆောင်ကာ တိမ်းရှောင်ထွက်ပြေးနေကြကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၈ လမ်း၊ ၈၈ လမ်းနှင့် ၈၉ လမ်းကြားရှိ တိုးတက်ဝေမိသားစု နေကာပါဝါမျက်မှန်ဆိုင်ကို ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် ဒေးဝန်းအရှေ့ရပ်ကွက်နေ ဦးတင့်ဆွေ၊ လှကိုနှင့် မောင်မြင့်စိုးတို့ ဦးဆောင်သည့် ဆူပူအကြမ်းဖက်သူများက ဆိုင်အတွင်းသို့ ဝင်ရောက်ဖျက်ဆီးကာ တန်ဖိုးကြီးမျက်မှန်များကို ယူဆောင်သွားပြီး ဆိုင်အတွင်းရှိ မျက်မှန်ထည့်သည့် မှန်သေတ္တာများနှင့် အခြားပစ္စည်းများကို ဖျက်ဆီးခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ ဆူပူအကြမ်းဖက်သူများ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

အဆိုပါ ဆိုင်ပိုင်ရှင်ဖြစ်သည့် ဦးကျော်ကျော်ဝေနှင့် ဇနီး ဒေါ်မြင့်မြင့်သင်းတို့သည် ရပ်ကွက်အတွင်းရှိ ဆူပူအကြမ်းဖက်လိုသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား သတင်းပေးသူများဟု စွပ်စွဲခြိမ်းခြောက်ပြောဆိုမှုများကြောင့် အန္တရာယ်ပြုလာမည်ကို စိုးရိမ်၍ ၎င်းတို့ ပိုင်ဆိုင်သည့် ဆိုင်ကိုပိတ်သိမ်းကာ ဆွေမျိုးများရှိသည့်နေရာသို့ ခေတ္တရွှေ့ပြောင်း နေထိုင်လျက်ရှိသည်။

ရပ်ကွက်အတွင်း အေးချမ်းစွာ နေထိုင်လုပ်ကိုင်သူများအား ယခုကဲ့သို့ မင်းမဲ့စရိုက်ဆန်စွာ ပြုမူဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်တွင် လူအုပ်စုဖြင့် ဆူပူဆန္ဒပြရာတွင် အမျိုးသမီးဝတ်လုံချည်များအား ကြိုးတန်း၍ ဆရာတော်ကြီးတစ်ပါး၏ရုပ်ပုံများချိတ်ဆွဲ ဆူပူအော်ဟစ်သူများအား စစ်ဆေးဖော်ထုတ်ရရှိ



နေပြည်တော် မတ် ၉

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်း မတ် ၈ ရက်နံနက်ပိုင်းက ဆူပူဆန္ဒပြသူ လူအုပ်စုများ အနေဖြင့် အမျိုးသမီးဝတ်လုံချည်များအား အလံသဖွယ် ကိုင်ဆောင်ခြင်း၊ အမျိုးသမီးဝတ် လုံချည်များကို အများပြည်သူ အသုံးပြုသွားလာနေသော လမ်းကြောင်းများ၏အပေါ်တွင် ကြိုးတန်း၍ ချည်နှောင်ထားခြင်း၊ ၎င်းအမျိုးသမီးဝတ်လုံချည်များပေါ်တွင် ဆရာတော်ကြီးတစ်ပါး၏ ရုပ်ပုံကားချပ်များကို ချိတ်ဆွဲထားခြင်းဖြင့် ဗုဒ္ဓဘာသာဝင်လူထုနှင့် သံဃာတော်များအနေဖြင့် လွန်စွာစိတ်မကောင်းဖြစ်ရခြင်း၊ မခံမရပ်နိုင် ဖြစ်ရခြင်းများအတွက် သာသနာတော်ညှိုးနွမ်းအောင် ဆောင်ရွက်မှုများအတွက် လိုအပ်သလို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ စိစစ်ခဲ့ပြီး မတ် ၈ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနှင့် ချမ်းသာလမ်းဆုံထိပ်တွင် ဆူပူအော်ဟစ်ဆန္ဒပြသူ လူစုလူဝေးအင်အား ၂၀၀ ခန့်သည် အထက်ပါအတိုင်း အမျိုးသမီးဝတ်လုံချည်များပေါ်တွင် ဆရာတော်ကြီးတစ်ပါး၏ ရုပ်ပုံများကို ချိတ်ဆွဲ၍ ဆန္ဒပြခဲ့သည့်ဖြစ်စဉ်အပေါ် ဦးစီးဦးဆောင်ပြုလုပ်သူများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း။

မြေပြင်သတင်းဖော်ထုတ်မှုအရ ဖော်ပြပါဖြစ်စဉ်တွင် ဦးစီးဦးဆောင်ပြုလုပ်သူ အောင်ကျော်ဦး (၅၂) နှစ်၊ (ဘ) ဦးလှထွေး၊ ဗမာ/ဗုဒ္ဓ၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၁) ၊ ချမ်းသာလမ်း၊ ကျွန်းတောရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေသူ၏ အိမ်ကို သွားရောက်ရှာဖွေဖမ်းဆီးပြီး ညပိုင်းတွင် ယင်းရပ်ကွက်အတွင်း ညှော်စာရင်းစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဦးဆောင်သူ အောင်ကျော်ဦး အပါအဝင် ဆူပူဆန္ဒပြသူ ၇ ဦး စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ဥပဒေအရ အရေးယူနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကာ အခြားဒေသများတွင်လည်း ယခုကဲ့သို့ သာသနာတော်ညှိုးနွမ်းအောင် ဆောင်ရွက်မှုများရှိလာခဲ့ပါက အမျိုးဘာသာ၊ သာသနာအတွက် ထိထိရောက်ရောက် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# လမ်းမတော်မြို့နယ်၌ လူသတ်မှုဖြစ်ပွားခဲ့မှုအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မတ် ၉

လမ်းမတော်မြို့နယ်၌ လူသတ်မှုကျူးလွန်ခဲ့သူများမှ တစ်ဦးအား ဖမ်းဆီးရမိပြီး ကျန်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လမ်းမတော်မြို့နယ် မော်တင်ယာယီဈေးရပ်ကွက်၊ ရွာသစ်ချောင်း လမ်းဘေးတွင် မတ် ၇ ရက် နံနက်ပိုင်းက ပါးစပ်၊ လက်နှင့် ခြေတို့တွင် တိပ်များဖြင့် ပတ်လျက် သေဆုံးနေသော အမျိုးသားအလောင်းတစ်လောင်း တွေ့ရှိရသဖြင့် လမ်းမတော်မြို့မရဲစခန်းတွင် (ပ)၃၂/၂၀၂၂၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ဆောင်ရွက် ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဆက်လက်စုံစမ်းရာတွင် သေဆုံးသူမှာ ဦးသိန်းဟန် (၆၅ နှစ်) (ဘ) ဦးစံတင့် (၁၄)ရပ်ကွက် ရွှေပေါက်ကံမြို့သစ် မြောက်ဥက္ကလာပမြို့နယ် နေထိုင်သူဖြစ်ကြောင်း၊ ဦးသိန်းဟန် သေဆုံးမှုနှင့် ပတ်သက်၍ ဆက်လက်စုံစမ်းရာ သေဆုံးသူမှာ ရွှေတိဂုံဘုရား ရင်ပြင်တော် သန့်ရှင်းရေးဌာန ကြီးကြပ်ရေးမှူး (နေ့ဆိုင်း) ဖြစ်ပြီး မတ် ၆ ရက် နံနက် ၈ နာရီတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ညနေ ၃ နာရီ၌ နေအိမ်သို့ ပြန်သွားကြောင်း သိရှိရသဖြင့် CCTV ကင်မရာမှတ်တမ်းများကို ကြည့်ရှုစစ်ဆေးရာ



ပြစ်မှုကျူးလွန်သူ ဆန်းထိုက်အောင် (ခ) ထိုက်ကြီး (ခ) သံဘိ

ယင်းနေ့ မွန်းလွဲ ၃ နာရီ ၁၂ မိနစ်တွင် အရှေ့ဘက်စောင်းတန်းမှ ထွက်လာပြီး ဘုရားလမ်းအား ဖြတ်ကူး၍ ဘလောက်တုံးဖြင့် ကာရံထားသည့် သံပန်းတံတိုင်းအား ကျော်ကာ ကားစီးရန် စောင့်ဆိုင်းနေကြောင်း တွေ့ရှိရပြီး ၃ နာရီ ၂၆ မိနစ်ခန့်တွင် YGN 5G/6965 Honda Civic ခဲရောင်ယာဉ်ဖြင့် လိုက်ပါသွားကြောင်း၊ ဆက်လက်၍ မသင်္ကာဖွယ် ယာဉ်အား ဆက်လက်စုံစမ်းရာ သာကေတမြို့နယ် ရှုခင်းသာလမ်းမှ သန်လျင်တံတားကို ကျော်ဖြတ်ကာ သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ အမှတ် (၁၂) နယ်မြေအတွင်း ရောက်ရှိနေကြောင်း သိရှိရသဖြင့် မတ် ၈ ရက် ည ၇ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လိုက်လံပိတ်ဆို့ဖမ်းဆီးရာ ယာဉ်နှင့်အတူ ဆန်းထိုက်အောင် (ခ) ထိုက်ကြီး (ခ) သံဘိအား ဖမ်းဆီးရမိခဲ့ကြောင်း။

ဆန်းထိုက်အောင်(ခ)ထိုက်ကြီး (ခ) သံဘိအား ဆက်လက်စစ်ဆေးရာ ၎င်းသည် မတ် ၆ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ရဲကို (ပုဇွန်တောင်မြို့နယ်နေသူ) နှင့် သွားကျိုး(အမည်ရင်းမသိ)တို့နှင့် အတူ Honda Civic ခဲရောင်ယာဉ်ဖြင့် လုယက်မှုကျူးလွန်ရန်အတွက် ကျောက်တံတား၊ လမ်းမတော်နှင့် ဒဂုံမြို့နယ် အတွင်း လှည့်ပတ်သွားလာခဲ့ကြောင်း၊ ထိုသို့ လှည့်ပတ်နေစဉ် ရွှေတိဂုံဘုရားလမ်း၊ ဗဟန်း ၃ လမ်း ကားမှတ်တိုင်တွင် အသက် (၆၀) ခန့် အမျိုးသားတစ်ဦးအား တွေ့ရှိ၍ မေးမြန်းရာ ရွှေပေါက်ကံမြို့သစ် (၁၄) ဂိတ်ကို ပြန်မည့်အကြောင်းပြောသဖြင့် ၎င်းတို့နှင့် လမ်းကြုံကြောင်း၊ အောက်ဆိုက်ကားဖြစ်၍ ငွေ ၁၀၀၀ ကျပ်ဖြင့် လိုက်ပါနိုင်ကြောင်း ပြောဆိုကာ ခေါ်ဆောင်မောင်းနှင်ခဲ့ရာ ကမ္ဘာအေးဘုရားလမ်း၊ နဝဒေးရုပ်ရှင်ရုံ မှတ်တိုင်အကျော်တွင် ရဲကိုမှ ၎င်းအမျိုးသားအား အသင့်ပါလာသော စတီးဓားဖြင့် ထောက်ပြီး သွားကျိုးမှ ချုပ်နှောင်ပေးစဉ် ရဲကိုမှ တိပ်ဖြင့် လက်အား ပတ်၍ ချည်နှောင်ခဲ့ကြောင်း၊ ယင်းနောက် ကားနောက်ခန်းသို့ ဆွဲယူပြီး ခြေထောက်နှင့် ပါးစပ်တို့အား တိပ်ဖြင့်ပတ် ကြိုးဖြင့် ချည်၍ သံတုတ်ဖြင့် ဦးခေါင်း၊ လည်ပင်း၊ ခြေထောက်တို့အား ရိုက်နှက်ကာ ၎င်းအမျိုးသား သေဆုံးသွားသည့် အချိန်တွင် ဝတ်ဆင်လာသည့် ကျောက်ဖြူ/နီပါ ရွှေလက်စွပ် ၁ ကွင်း၊ ရွှေဘောက်ချာ ၁ ရွက်၊ oppo အမျိုးအစား ရွှေရောင်လက်ကိုင်ဖုန်း ၁ လုံး၊ စတီးရောင် နာရီ ၁ လုံး၊ ငွေစက္ကူရောရာ ငွေကျပ် ၃ သောင်းအား လုယူခဲ့ပြီး မော်တင်ယာယီဈေးရပ်ကွက်၊ ရွာသစ်ချောင်းလမ်းဘေး တွဲကားများ ရပ်ထားသည့် နေရာအရောက်တွင် လုယက်ခံရသူ အမျိုးသားအလောင်းအား ကားပေါ်မှ ဆွဲချထားခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဆန်းထိုက်အောင်(ခ) ထိုက်ကြီး (ခ) သံဘိအား ဆက်လက်စစ်ဆေးခဲ့ရာ လွန်ခဲ့သော တစ်ပတ်ခန့်က ရဲကို၊ သွားကျိုး၊ ကုလားလေးတို့နှင့်အတူ Honda Civic ခဲရောင်ယာဉ်ဖြင့် သန်လျင်မြို့ရှိ နေအိမ်သို့ပြန်လာစဉ် မဟာဗန္ဓုလတံတားအဆင်း ကားမှတ်တိုင်တွင် အသက် (၄၅ နှစ်)ခန့်ရှိ အမျိုးသမီး ၁ ဦးအား ငွေ ၁၀၀၀ ကျပ်ဖြင့် ကားကြုံ လိုက်ပါနိုင်ကြောင်း လိမ်လည်ခေါ်ဆောင်ကာ အမျိုးသမီး ဝတ်ဆင်ထားသည့် ရွှေဆွဲကြိုး၊ ရွှေနားကပ်၊ ငွေစက္ကူရောရာ ငွေကျပ် ၆၀၀၀၊ အလှဖန်စီပစ္စည်းများနှင့် ကွမ်းယာပစ္စည်းများ ထည့်ထားသည့် ဆွဲခြင်းတို့အား ဓားထောက်လုယက်ကာ လူရှင်းသည့် နေရာအရောက်တွင် ရိုက်ပုတ်၍ကားပေါ်မှတွန်းချခဲ့ကြောင်း။

အလားတူ ဆန်းထိုက်အောင် (ခ) ထိုက်ကြီး(ခ) သံဘိသည် ရဲကို၊ သွားကျိုး၊ ကုလားလေးတို့နှင့် အတူ လွန်ခဲ့သော ဖေဖော်ဝါရီလအတွင်း နေ့ရက်မမှတ်မိ ညနေ ၆ နာရီခွဲခန့်တွင် အဆိုပါယာဉ်ဖြင့် လုယက်မှုကျူးလွန်ရန် ဆူးလေမှ ကမ္ဘာအေး ဘုရားလမ်းအတိုင်း ထွက်ခွာခဲ့ရာ မြန်မာပလာဇာ အရှေ့ ကားမှတ်တိုင်တွင် ကားစောင့်နေသည့် အသက် (၂၅ နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးအား ငွေ ၁၀၀၀ ကျပ်ဖြင့် ကားကြုံ လိုက်ပါနိုင်ကြောင်း လိမ်လည်ခေါ်ဆောင်ကာ ၎င်းအမျိုးသားထံမှ သုံးဆင့်စတီးချိုင့် ၁ လုံး၊ အမျိုးအစား အရောင်မသိ လက်ကိုင်ဖုန်း ၁ လုံး၊ ကျောပိုးအိတ် အမည်းရောင် ၁ လုံး၊ ငွေစက္ကူရောရာ ငွေကျပ် ၃၀၀၀၀ တို့အား ဓားထောက်လုယက်ကာ လူရှင်းသည့် နေရာအရောက်တွင် ရိုက်ပုတ်၍ ကားပေါ်မှ တွန်းချခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

ထို့ပြင် ဆန်းထိုက်အောင် (ခ) ထိုက်ကြီး (ခ) သံဘိသည် ဘုရင့်နောင်နယ်မြေ ရဲစခန်း(ပ) ၃၇၅/ ၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉(နှိုက်)/ ကျင့် ၅၄ ဖြင့်လည်းကောင်း၊ လမ်းမတော်မြို့မရဲစခန်း (ပ)၂၃၀/ ၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉ (နှိုက်)/ ကျင့် ၅၄ ဖြင့်လည်းကောင်း၊ လသာမြို့မရဲစခန်း (ပ)၃၄၈/ ၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉(နှိုက်)/ ကျင့် ၅၄ ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူခံခဲ့ရပြီး ထောင်ကျခဲ့ဖူးသူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိသူ တရားခံ ဆန်းထိုက်အောင် (ခ) ထိုက်ကြီး(ခ)သံဘိအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး အမှုဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး ကျန်တရားခံပြေးများဖြစ်သည့် ရဲကိုနှင့် သွားကျိုးတို့အား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေလျက်ရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## လောက်ကိုင်တွင် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို မြေမြှုပ်ဖျက်ဆီး

လောက်ကိုင် မတ် ၉

ရှမ်းပြည်နယ် မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် အမှတ် (၁) ရပ်ကွက် တုံချိန်အမှိုက်စွန့်ပစ်သည့် သတ်မှတ်နေရာတွင် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ဖျက်ဆီးခြင်းကို မတ် ၇ ရက် နံနက်ပိုင်းက ဆောင်ရွက် သည်။

ထိုသို့ဆောင်ရွက်ရာတွင် စိတ်ကြွရူးသွပ်ဆေးမှုန့် ၂၆ ကီလိုဂရမ်၊ ဆေးပြားရိုက်စက်ကိုယ်ထည်တစ်ခုနှင့် ဆက်စပ်ပစ္စည်းများကို စက်ယန္တရားများဖြင့် ဖျက်ဆီးပြီး မြေမြှုပ်ခဲ့ကြသည်။

ယင်းဖျက်ဆီးသည့်နေရာသို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ငြိမ်းချမ်းရေး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်နိုင်နှင့် ဌာနဆိုင်ရာများ ကြည့်ရှုခဲ့ကြသည်။

ထိုသို့ ဖျက်ဆီးခဲ့သည့် သက်သေခံပစ္စည်းများ၏ စုစုပေါင်း ကာလတန်ဖိုးမှာ ၄၆ ဒသမ ၄၈ သန်းရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ဇော်ဇော်အောင် (မြန်/ဆက်)**



## ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဌာနဆိုင်ရာဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကြည့်ရှုအားပေး

**ပဲခူး မတ် ၉**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့် ကောင်စီအဖွဲ့ဝင်များသည် သက်ဆိုင်ရာစုရပ် အသီးသီး၌ ဌာနဆိုင်ရာ ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေမှုကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးစိုးသိန်း၊ ညွှန်ကြားရေးမှူး ဦးလှမင်းထွဋ်တို့နှင့်အတူ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီး ဌာနရုံးစုရပ်တွင် ပဲခူးမြို့ပေါ်ရှိ ပညာရေးဝန်ထမ်းများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ၊ ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများအား အမှတ်(၇၇) ခြေမြန်တပ်မ ဌာနချုပ်၊ နယ်မြေခံ ဆေးတပ်ရင်းများမှ တပ်မတော်သား ဆရာဝန်များက ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံနေမှုကို သွားရောက်ကြည့်ရှု အားပေးကြသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် ပဲခူးမြို့၌ နယ်မြေခံ ဆေးတပ်ရင်းများမှ တပ်မတော်သား ဆရာဝန်များက အဖွဲ့များခွဲ၍ မတ် ၈ ရက်မှ စတင်ပြီး ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အတူ ဌာနဆိုင်ရာများအား ထိုးနှံပေးခဲ့ပြီး မတ် ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံးနှင့် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးတို့၌ စုရပ်ထား၍ ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိသည်။**တင်စိုး(ပဲခူး)**




## ကြာအင်းဆိပ်ကြီးမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး မတ် ၉**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ်တွင် မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမိုးရန်နိုင်က စီမံကိန်းကျေးရွာ ရွေးချယ်ခြင်းနှင့် ရန်ပုံငွေထုတ်ချေးခြင်း ကိစ္စရပ်များ၊ စီမံကိန်းရန်ပုံငွေများ ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် သက်တမ်းတိုးဆောင်ရွက်သည့် ကိစ္စရပ်များ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းစသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် စီမံကိန်းအဖွဲ့ဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြစိမ်းရောင် ကျေးရွာစီမံကိန်း ကော်မတီဝင်များက စီမံကိန်းကျေးရွာများ ရွေးချယ်ရေးစံနှုန်းများနှင့် ရွေးချယ်ရေးနည်းလမ်းအပေါ် သုံးသပ်အကြံပြုခြင်း၊ ချေးငွေထုတ်ရာတွင် လုပ်ငန်းရာသီခွင်နှင့် ကိုက်ညီစေရေး ဆောင်ရွက်ရန် ကိစ္စရပ်များ E-Payment Digital Financing စနစ်ဖြင့် ဆောင်ရွက်မည့်နည်းလမ်းအပေါ် သုံးသပ်အကြံပြုချက်များ၊ စီမံကိန်း ရန်ပုံငွေ ပြန်လည်အပ်နှံသည့် ကျေးရွာများတွင် မတည်ရန်ပုံငွေကျပ် သန်း ၃၀ အပ်နှံပြီး ဖြစ်သော်လည်း ကြွေးကျန်ရှိသည့် ကျေးရွာများအား ပြန်လည်ရရှိနိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက လက်ရှိဆောင်ရွက်နေသော စောင့်ကြည့်စစ်ဆေးရေးစနစ် အပေါ် အကြံပြုတင်ပြချက်နှင့် ထပ်မံဆောင်ရွက်ရန်လိုအပ်သော သင်တန်းများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း စီမံကိန်း ကျေးရွာများအပေါ် ကြီးကြပ်ဆောင်ရွက်မည့် အစီအစဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် မြန်ဆန်စေရေးအတွက် ပြန်လည်အကြံပြုဆွေးနွေးကြောင်း သိရသည်။ **မျိုးမင်းဦး (ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉- ၃ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅ | ကျပ် | ၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀ | ကျပ် | ၈၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅ | ကျပ် | ၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၀၅ | ကျပ် | ၉၈၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၄၀၀ | ၃၁ | ၂၉၄၄၀၀ |
| MTSH | ၃၆၀၀ | ၃၅၅၀ | ၄၇၇ | ၁၆၉၄၇၀၀ |
| MCB | – | – | – | – |
| FPB | – | – | – | – |
| TMH | ၂၈၀၀ | ၂၇၅၀ | ၂၅ | ၆၉၅၅၀ |
| EFR | ၃၃၀၀ | ၃၃၀၀ | ၁ | ၃၃၀၀ |

ညီညီ – စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | – | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | – | ဝင်းကျော် |
| **သတင်းထောက်ချုပ်** | – | မြင့်ဆွေ |
| **စာတည်းများ** | – | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| **ဘာသာပြန် စာတည်း** | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | – | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| **အငယ်တန်း သတင်းထောက်များ** | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| **ဓာတ်ပုံ သတင်းထောက်** | – | တင်စိုး |
| **သုတေသန** | – | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | – | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | – | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အပြုံးမပျက် ရုံးပြန်တက်ပါ သူငယ်ချင်းရယ်

## ငြိမ်းချမ်းမေ

**မေ ဝန်ထမ်းဘဝကို ချစ်မြတ်နိုးသည်။ မေ အလုပ်ဝင်စက ရုံးအကူရာထူးဖြင့် အလုပ်ဝင်ရသည်။ အလုပ်ခွင်ရှိ အရာရှိ အန်တီကြီးများ၏ ပျူငှာစွာကြိုဆိုမှု၊ ဝန်ထမ်း အစ်ကို အစ်မများ၏ နွေးထွေးစွာ ခင်မင်မှုများက မေ့ဘဝဝန်ထမ်းလောကကို နှစ်သက်ခုံမင်ခဲ့ရသည်။ မနက်အိပ်ရာထ အိမ်မှုကိစ္စများ ပြီးသည်နှင့် ရုံးယူနီဖောင်းဝတ်ဆင်ပြီး ထမင်းချိုင့်၊ ဆွဲခြင်းဆွဲ၍ ရုံးတက်ရမည်၊ ရုံးသို့ သွားရမည်ဆိုသော မေ့အသိစိတ်က အပျော်ဆုံးအချိန်ပင် ဖြစ်တော့သည်။ ရုံးယူနီဖောင်းဝတ်၊ ဆွဲခြင်းလေးနှင့် ရုံးသွားနေသည့် မေ့ကိုလည်း အိမ်သားများက ကြည့်၍မဆုံး၊ ကြည်နူးမဆုံးပေ။**

မေတို့သူငယ်ချင်းများ ရုံးမှာမိမိကျရာတာဝန်ကို စေတနာအပြည့်၊ စွမ်းအားအပြည့်နှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြသည်။ အထက်အရာရှိကြီးများက လုပ်ငန်းခွင်စည်းကမ်းလိုက်နာရန်နှင့် အလုပ်အပေါ်ကို စေတနာထား လုပ်ဆောင်ကြရန်တို့ကို မပြတ်သင်ကြားပေးလေသည်။ မေတို့ကလည်း မိမိ၏ တာဝန်ဝတ္တရားများကို စေတနာအပြည့်ဖြင့် ထမ်းဆောင်ကြရုံသာမက စည်းကမ်းကောင်းစွာ နေလာခဲ့ကြသည်။ လကုန်ရက် လစာထုတ်မည့်နေ့တွင် မေတို့သူငယ်ချင်းအုပ်စု ငွေစာရင်းဌာန လစာထုတ်ပေးမည့်နေရာကို လှမ်း၍ကြည့်ရသည်က အမောပင်။ လစာဌာနစိတ်က ဦးမျိုးလွင်၏ အသံကျယ်ကြီးဖြင့် "လစာတွေထုတ်လို့ရပြီနော် ...." အော်လိုက်လျှင် မေတို့သူငယ်ချင်းအုပ်စုက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ အပြေးပင် လစာထုတ်ပေးသည့်နေရာသို့ ရောက်ရှိသွားကြသည်။

**မိမိရသော ချွေးနဲ့စာအစစ်အမှန်**

မိမိ၏ အလုပ်အပေါ်ထားသော စေတနာ၊ တာဝန်အပေါ် စည်းကမ်းတကျနှင့် ကျေပွန်ခြင်း၊ ဝန်ထမ်းတစ်ယောက်၏ နိုင်ငံတော်အပေါ် စောင့်ထိန်းရမည့် တာဝန်ဝတ္တရား၊ နိုင်ငံတော်နှင့်ပြည်သူ၏ အကျိုးကို စိတ်ခတ်ကောင်းစွာဖြင့် လုပ်ဆောင်ပေးခြင်းအတွက်ရရှိသည့် နိုင်ငံတော်မှ ချီးမြှင့်သည့် ဝန်ထမ်းလစာကို မေ့လက်ထဲတွင် ကိုင်တွယ်သုံးစွဲရသည်ထက် ပိုပြီးဂုဏ်ယူစရာကောင်းသောအရာက ဘယ်မှာရှိမည်နည်း။ တာဝန်ကို ကျေပွန်စွာထမ်းဆောင်သော ဝန်ထမ်းတိုင်းအတွက် နိုင်ငံတော်ကချီးမြှင့်သည့် ဝန်ထမ်းလစာသည် အမှီအခိုကင်းပြီး မည်သည့်အဖွဲ့အစည်းကိုမှ လက်ဖြန့်တောင်းစရာမလို၊ မည်သူက ပေးမလဲဟု စိတ်ပူစရာမလို၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို အမှန်တကယ် ရွက်ဆောင်ပေးသည့် ဝန်ထမ်းများဘဝကို ပင်စင်ယူသည်အထိ စိတ်အေးချမ်းသာ ရရှိစေရန် နိုင်ငံတော်က တာဝန်ယူ၍ လစဉ် ဝန်ထမ်းလစာကို ချီးမြှင့်ပေးအပ်ခြင်း ဖြစ်ပါသည်။

မေ့ဝန်ထမ်းဘဝခံယူချက်ကို ကောင်းမွန်စွာ တည်ဆောက်မည်။ မေတို့ဌာန၏ ဝန်ထမ်းတိုင်း ရည်ရွယ်ချက်က အလုပ်ခွင် ငြိမ်းချမ်းသာယာမှု ရှိရမည်။ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုရှိရမည်။ တစ်ယောက်၏အခက်အခဲကို တစ်ယောက်က ဖေးမကူညီရမည်။ အလုပ်ခွင်မှာ စည်းကမ်းရှိရမည်။

> **"တာဝန်ကို ကျေပွန်စွာထမ်းဆောင်သော ဝန်ထမ်းတိုင်းအတွက် နိုင်ငံတော်ကချီးမြှင့်သည့် ဝန်ထမ်းလစာသည် အမှီအခိုကင်းပြီး မည်သည့်အဖွဲ့အစည်းကိုမှ လက်ဖြန့်တောင်းစရာမလို၊ မည်သူကပေးမလဲဟု စိတ်ပူစရာမလို၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို အမှန်တကယ် ရွက်ဆောင်ပေးသည့် ဝန်ထမ်းများဘဝကို ပင်စင်ယူသည်အထိ စိတ်အေးချမ်းသာ ရရှိစေရန် နိုင်ငံတော်က တာဝန်ယူ၍ လစဉ်ဝန်ထမ်းလစာကို ချီးမြှင့်ပေးအပ်ခြင်းဖြစ်"**

ဥပဒေနှင့်အညီ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာမည်၊ နိုင်ငံတော်နှင့် ပြည်သူ့၏အကျိုးကို ရှေးရှုပြီး လုပ်ဆောင်မည်ဟု ရည်မှန်းထားသည်။

ပြီးခဲ့သည့် ရက်ပိုင်းက သူငယ်ချင်း ဘဦးကြောင့် မေတို့သူငယ်ချင်းအားလုံး စိတ်မကောင်းဖြစ်ရသည်။ ဘဦးကို တခြားသူ့သူငယ်ချင်းတစ်ယောက်က CDM လုပ်ဖို့ စည်းရုံးလေသည်။ ဘဦးကလည်း ဘာမသိညာမသိနှင့် ပါသွားပါလေသည်။ CDM လုပ်သော ဝန်ထမ်းများကို ပြင်ပအဖွဲ့အစည်းများက ထောက်ပံ့မည်၊ တစ်လကို ဒေါ်လာဖြင့်ရမည်၊ လစဉ်ပေးမည်ဆိုပြီး ဖေ့စ်ဘွတ်တွင်တွေ့သော အဖွဲ့အစည်းများကို လျှောက်ကြသည်။ CDM မှာပါသော ဝန်ထမ်းများကို သိနေသည့် လူတချို့က နိုင်ငံရေးလှည့်ကွက်အနေဖြင့် ကစားနေကြလေသည်။ ဒါကို ဘဦးက နားမလည်ဘဲ တခြားသူတွေပြောသည့် အထောက်အပံ့ပေးမည်ဆိုသော အဖွဲ့ကို လျှောက်လိုက်သည်။

ဘဦး၏ သူငယ်ချင်းဖြစ်သူက ဘဦး၏ ဝန်ထမ်းကတ်မိတ္တူကိုယူပြီး သူကလည်း လျှောက်ပေးသည်။ သူငယ်ချင်းလျှောက်ပေးသော အဖွဲ့ကို ဘဦးလည်း မသိပေ။ ဖြစ်ချင်တော့ နှစ်ယောက်စလုံး လျှောက်သည့်အဖွဲ့သည် တစ်ဖွဲ့တည်းဖြစ်နေသည်။ သည်မှာတင် CDM ကို ခုတုံးလုပ်ပြီး CDM မှာပါသော ဝန်ထမ်းများက မည်သည့်လုပ်ဆောင်မှု တစ်စုံတစ်ရာမျှ မရှိသေးဘဲ ၎င်းတို့ထောက်ပံ့သည့် အဖွဲ့အစည်းထံ နာမည်နှစ်ခါပေးသည်ဟုဆိုပြီး ဘဦးနာမည်ကို CDM အကြောင်းပြပြီး ငွေကြေးများကို ကိုယ်ကျိုးအတွက် သုံးနေပါသည်ဆိုကာ ဖေ့စ်ဘွတ်တွင် နာမည်ပျက်စာရင်း ကြေညာတော့သည်။ သည်အဖြစ်က ဝန်ထမ်းဘဝကို ရိုက်ချိုးလိုက်ခြင်းပင် ဖြစ်သည်။ မေတို့သူငယ်ချင်းများက ဘဦးကို အကြောင်းစုံမေးကြည့်တော့မှ ဘဦးဘက်မှ သူငယ်ချင်းလျှောက်ပေးသည့် အထောက်အပံ့ပေးမည်ဆိုသောအဖွဲ့ကို ကြိုသိမထားကြောင်း ဖြေသည်။ အထောက်အပံ့ပေးမည်ဆိုသော အဖွဲ့အစည်းများကို ဘဦး၏ လွဲမှားစွာ အားကိုးမိသောစိတ်ကြောင့် ယခုကဲ့သို့ ဖြစ်ခဲ့ရခြင်းဖြစ်သည်။ အထောက်အပံ့ပေးမည်ဆိုသော အဖွဲ့ကလည်း သူတို့ တင်ထားသော အချက်အလက်ကို ဖေ့စ်ဘွတ်ကနေ ချက်ချင်းပြန်ဖြုတ်သွားသည်။

ဘဦးလည်း တော်တော်လေး အရှက်ရသွားသည်။ ဝန်ထမ်းတစ်ယောက်အနေဖြင့် အခြားဝန်ထမ်းများရှေ့တွင် မျက်နှာမဖော်ဝံ့အောင် ရှက်သွားလေသည်။ ဤသည်ကလည်း ရိုးသားသည့် ဝန်ထမ်းများအပေါ် မမှန်ကန်သော နည်းလမ်းများဖြင့် ဖြားယောင်းသွေးဆောင်ပြီး ငွေကြေးနှင့် လှည့်ကွက်ဆင်ခြင်းဆိုသည်ကို မေတို့ သူငယ်ချင်းများ သဘောပေါက်သွားကြသည်။ မိမိချွေးနဲ့စာ မဟုတ်ဘဲ တခြားသူများ၏ ထောက်ပံ့မှုကို မျှော်ကိုးခဲ့မိသော ဘဦးအနေဖြင့် နောင်တများစွာ ရရှိသွားပါသည်။

မေတို့သူငယ်ချင်းများအားလုံး ဘဦးကို အားပေးစကားပြောကြပါသည်။ စိတ်ဓာတ်မကျရန်နှင့် ဝန်ထမ်းကို ဌာနက အမြဲတမ်း ကြိုဆိုနေကြောင်း၊ ယခုရက်ပိုင်း စိတ်ခံစားချက်အရ ဘယ်လိုပင် မှားခဲ့ပါစေ၊ မေတို့ သူငယ်ချင်းအားလုံးနှင့် ရုံးဌာနကြီးက ဘဦးကို စောင့်မျှော်ကြိုဆိုနေပါကြောင်းနှင့် မိမိ၏ ဝန်ထမ်းလစာကို ဝန်ထမ်းကျင့်ဝတ် ဝန်ထမ်းစည်းကမ်းများနှင့်အတူ နိုင်ငံတော်က ချီးမြှင့်သည့်လစာကို ဂုဏ်သိက္ခာရှိစွာ လက်ခံယူပြီး "အပြုံးမပျက်ဘဲ ရုံးပြန်တက်ပါ ဘဦးရယ်"ဟု မေတို့သူငယ်ချင်းအားလုံးက ပြောလိုက်ပါသည်။ နောက်တစ်နေ့ အပြုံးမပျက် ရုံးပြန်တက်လာသော ဘဦးကို မေနှင့်အတူ မိဖြူနှင့် မိသင်းတို့ကလည်း "နင့်ကို ငါတို့ သိပ်သတိရတာပဲ...."ဟု ပြောလိုက်သဖြင့် ဘဦးမျက်နှာ လပြည့်ဝန်းပမာ လင်းလက်သွားပါသည်။

ဘဦး၏ အပြုံးကို ကြည့်၍ မေ့အနေဖြင့် ဝန်ထမ်းဘဝကို လေးစားချစ်မြတ်နိုးပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကာ တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်အောင် ဝန်ထမ်းဘဝကာလတစ်လျှောက်လုံး နေထိုင်သွားပါမည်ဟု ဆန္ဒပြုလိုက်မိပါသည်။ ။

# ပုဏ္ဏားကျွန်းမြို့နယ်၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းက မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ပုဏ္ဏားကျွန်း မတ် ၉**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးလက်တောရွာနေ ပြည်သူများအား မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် လက်နက်များ၏ ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ မြို့နယ်တပ်ဖွဲ့မှူး ဦးဝေသိန်းအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ယိုးငူ၊ ကျင်တလင်း၊ မှိုဟင်းတော၊ အထက်မြတ်လှဲ ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မြို့နယ်တပ်ခွဲမှူး ဦးဝေသိန်းအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးလက်တောရွာများနှင့် ကယ်ဆယ်ရေးစခန်းများသို့သွားရောက်ကာ မိုင်းအန္တရာယ် အသိပညာပေးဟောပြောပွဲ လုပ်ငန်းများ ဆောင်ရွက်ပေးပြီး မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဆိုင်းဘုတ်များကို စိုက်ထူကြသည်။

ယင်းမိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆိုင်းဘုတ်၌ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများသည် အန္တရာယ်ရှိသည့်ပစ္စည်းများ ဖြစ်ကြောင်း၊ ယင်းပစ္စည်းများ တွေ့ရှိပါက လုံးဝမကိုင်သင့်ကြောင်း၊ တွေ့ရှိပါက သက်ဆိုင်ရာ အာဏာပိုင်များထံ သတင်းပို့ကာ အကူအညီများ တောင်းခံနိုင်ကြောင်း၊ အဆိုပါ ပေါက်ကွဲစေတတ်သော ပစ္စည်းများကြောင့် ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်စေ ကိုယ်အင်္ဂါဆုံးရှုံးခဲ့ပါက ခြေတုသို့မဟုတ် ကိုယ်ကာယ ပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများရယူ



လိုပါက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ရခိုင်ပြည်နယ် စီမံချက်လုပ်ငန်းများ စီမံခန့်ခွဲမှုယူနစ်၊ ပြည်နယ်ကြက်ခြေ နီရုံးသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **နီထွန်းအောင် (ပြန်/ဆက်)**

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ဘားအံမြို့ပေါ်ရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဘားအံ မတ် ၉**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က ဘားအံမြို့ပေါ်ရှိ တည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုသည်။

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ)တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ အဆောက်အအုံအထူးအဖွဲ့ (၁၃)မှ တာဝန်ယူတည်ဆောက်နေသော အလျား ပေ ၁၂၀၊ အနံ ၅၆ ပေရှိ သံကူကွန်ကရစ် အမျိုးအစား သုံးထပ်တိုးချဲ့ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဘရန်အောင်နှင့် အဆောက်အအုံဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သူတို့က သုံးထပ်တိုးချဲ့ဆောင် တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဘားအံတက္ကသိုလ်၌ (၁၉၇x ၁၄၇x၄၈)ပေ အာစီ လေးထပ် ကျောင်းသူအိပ်ဆောင်နှင့် (၁၀၀x ၅၀)ပေ အာစီ တစ်ထပ် ထမင်းစားဆောင် တည်ဆောက်နေမှု၊ (၁၄၀x၄၀) ပေ ၆ ခန်းတွဲ သုံးထပ် ဆရာ/ဆရာမ နေအိမ် တည်ဆောက်မည့် မြေနေရာနှင့် (၂၁၆x ၃၈) ပေ သုံးထပ် စာသင်ဆောင် တည်ဆောက်ခြင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းသန်းမြင့်နှင့် တာဝန်ရှိသူများက အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ဆောက်လုပ်နိုင်ခြင်း မရှိသေးသည့် သုံးထပ်စာသင်ဆောင်တစ်ဆောင်ကို အမြန်ဆောက်လုပ်ရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မြန်မြန်ဆန်ဆန်ဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။



ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် နည်းပညာတက္ကသိုလ် ( ဘားအံ) ၌ (၁၃၀ x ၉၀) ပေ ဘက်စုံသုံး အားကစားခန်းမ တစ်လုံး တည်ဆောက်မည့်မြေနေရာနှင့် (၂၀၀ x ၃၅) ပေ နှစ်ထပ် ကျောင်းသား ကျောင်းသူ ၁၀၀ ဆံ့ အိပ်ဆောင်၊ ပေ(၆၀x ၄၀) တစ်ထပ် ထမင်းစား ဆောင်၊ (၁၀၀x ၂၅ x ၄၂)ပေ လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ် (ဘားအံ)၌ (၁၂၅x ၃၅)ပေ Canteen ဆောက်လုပ်ခြင်းနှင့် (၁၂၀x ၈၈ x ၂၇)ပေ ဘက်စုံသုံး အားကစားခန်းမ တစ်လုံး တည်ဆောက်ခြင်း လုပ်ငန်းခွင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

# စဥ့်ကူးမြို့ ကျေးရွာ ၁၅ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည်




**စဥ့်ကူး မတ် ၉**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကို ကျေးရွာ ၁၅ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ စီမံကိန်း၏ရည်ရွယ်ချက်များမှာ ကျေးလက်နေပြည်သူများကိုယ်တိုင် ကျေးရွာ၏ ပကတိ လိုအပ်ချက်များကို ဖော်ထုတ်ပြီး ဦးစားပေး အစီအစဉ်အလိုက် စီမံချက်ရေးဆွဲဖော်ထုတ်နိုင်ရန်၊ ကျေးရွာများ၏ ဦးစားပေး စီမံချက်များအပေါ် အခြေခံ၍ နှစ်စဉ်ရန်ပုံငွေများ လျာထားပြီး စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် ကျေးရွာမှ ထွက်ပေါ်လာသော စီမံချက်လုပ်ငန်းများအား မြို့နယ်အဆင့် ဦးစီးဌာန အသီးသီး၏ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ချိတ်ဆက်နိုင်စေရန်ဟူ၍ ဖြစ်သည်။

စီမံကိန်း၏ ရည်ရွယ်ချက်၊ အကောင်အထည်ဖော်သည့် နည်းလမ်း စသည်တို့ကို ရှင်းလင်းစွာ သိရှိနားလည်စေရန်နှင့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် ရည်ရွယ်၍ စဥ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ယနေ့နံနက်တွင် သင်တန်းဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာ ၁၅ ရွာမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# ၂၀၂၁ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2021) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု ပိုမိုအားကောင်းစေရေး၊ ဒေသတွင်းပေါင်းစည်းမှု မြှင့်တင်ရေး၊ အားလုံးပါဝင်မှုနှင့် ပြည်သူလူထုအကြား အာဆီယံနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတ မြှင့်တင်ရေးတွင် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခု ဖြစ်သော ၂၀၂၁ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာအာဆီယံဥက္ကဋ္ဌမှ သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောက်ဖော်ပြပါနယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများ ဖြစ်ရပါမည် –

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

( ခ ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ

( င ) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြား စွမ်းစွမ်းတမံဆောင်ရွက်ချက်များ

၃။ လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပမည့် (၃၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး ပြည်သူဗဟိုပြု အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူ ဖြစ်ရပါမည်။

၅။ ၂၀၂၁ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ယခုကြေညာသည့်အချိန်မှစ၍ ဧပြီလ ၂၃ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများသည် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည် ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-/ တွင် ရယူနိုင်ပါသည်။

၇။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆုစတင်ချီးမြှင့်ခဲ့သည့် အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဆုများကို အသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက် အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရ ယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၉**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ပြည်သူ့ဆေးရုံနှင့် တနိုင်းမြို့ ဟူးကောင်းခန်းမတို့၌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့များက ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား အဆိုပါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား အဆိုပါမြို့ရှိ ပြည်နယ်ခန်းမ၌ လည်းကောင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များနှင့် ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အရှေ့ခင်မကန်တိုက်၊ ချမ်းမြသာစည်မြို့နယ် ရွှေရေးကျောင်းတိုက်နှင့် ဘုရားကြီးတိုက်တို့မှ ဦးစီးပဓာန ဆရာတော်ကြီးများ အမှူးပြုသော သံဃာတော် စုစုပေါင်း ၁၈၈ ပါးအား အဆိုပါကျောင်းတိုက်များ၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ တိုင်းအကူရဲတပ်ဖွဲ့ခွဲရုံးနှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့မှ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၆၀၉ ဦးတို့အား ရဲတပ်ဖွဲ့မှူးရုံး၌ လည်းကောင်း တိုင်းစစ်ဌာနချုပ်မှ ဆေးအဖွဲ့များက ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နှင့် ရွှေတောင်မြို့တို့ရှိ ဌာနဆိုင်ရာဝန်ထမ်း ၄၀၀ တို့ကို ယမန်နေ့က ပြည်ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် ရွှေတောင်မြို့ ပြည်သူ့ဆေးရုံတို့၌ သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။




**သတင်းစဉ်**

# တောင်ငူ၌ မြို့နယ် ကိုဗစ် -၁၉ ကာကွယ်ဆေးများ ထိုးနှံပေး

**တောင်ငူ မတ် ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်း ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများအား ပထမအကြိမ်အဖြစ် ယနေ့ နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံးနှင့် နတ်သျှင်နောင်ခန်းမ၌ စတင်ထိုးနှံပေးသည်။




**ထပ်မံထိုးနှံပေးမည်**

ထိုသို့ထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးတစ်ပုလင်းလျှင် ၁၀ ဦးနှုန်းဖြင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများကို ကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်ပြီး ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူများအား လေးပတ်အကြာတွင် ဒုတိယအကြိမ် ကာကွယ်ဆေးကို ထပ်မံထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကော့ကရိတ်မြို့တွင် အသက် ၆၅နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်- ၁၉ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေး

**ကော့ကရိတ် မတ် ၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ပေါ် ရပ်ကွက် ခုနစ်ရပ်ကွက်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို မတ် ၈ ရက်က ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စတင်ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ဆရာဝန်ကြီး ဒေါက်တာကျော်ထိုက်ဦး ဦးဆောင်သောဆရာဝန်များ၊ သူနာပြုဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများက ကော့ကရိတ်မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်ရှိ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွား ၅၁ ဦးအား ပထမအကြိမ်နှင့် ကျန်းမာရေးဝန်ထမ်း ၄၃ ဦးအား ဒုတိယအကြိမ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လာရောက်ထိုးနှံမည့် သက်ကြီးဘိုးဘွားများအား ကြိုပို့ခြင်းနှင့် အခြားလိုအပ်သော ပံ့ပိုးကူညီမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**စောအောင်မျိုးလွင်**

**မြန်မာ့အလင်း အယ်ဒီတာ့ထံ ပေးစာ**

# ဆန္ဒပြပွဲတွေမှာ လိုက်ပါဆောင်ရွက်ဖို့ သွေးထိုးလှုံ့ဆော်ဖြားယောင်းနေသူတချို့ကို ဖော်ထုတ်အရေးယူပေးပါ

သို့
**အယ်ဒီတာရှင် -**

ပြည်သူတစ်ယောက်အနေနဲ့ရော မိဘတစ်ယောက်အနေနဲ့ပါ ကျွန်မကြုံတွေ့ရတဲ့ အဖြစ်အပျက်ကို တင်ပြလိုပါတယ်ရှင်။ ကျွန်မတွင် အရွယ်ရောက်နေပြီဖြစ်သည့် သားလေးတစ်ဦးနဲ့ သမီးလေးတစ်ဦးရှိပါတယ်။ ကျွန်မရဲ့ အလုပ်အကိုင်ကတော့ နေပြည်တော် သပြေကုန်းဈေးမှာ ဈေးရောင်းပါတယ်ရှင်။ တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်ပြီး နောက်ပိုင်းမှာလည်း နေပြည်တော်မှာရှိတဲ့ သပြေကုန်းဈေးနဲ့ မြို့မဈေးတွေမှာ ဈေးရောင်းချသူတွေရော ဈေးလာရောက်ဝယ်ယူသူတွေပါ စိတ်အေးချမ်းသာယာစွာနဲ့ ပုံမှန်အတိုင်း လှုပ်ရှားသွားလာနေကြပါတယ်။

ယခုရက်ပိုင်းအတွင်း မသမာသူ လူတစ်စုဟာ သပြေကုန်းဈေး အပြင်ဘက်ကနေပြီး ပြည်သူတွေ အထိတ်တလန့်ဖြစ်စေမယ့် စကားမျိုး အော်ဟစ်ပြောဆို ထွက်ပြေးသွားတဲ့အပြုအမူတွေ လုပ်ဆောင်လာပါတယ်။ ဒီလို အော်ဟစ်ပြောဆိုမှုတွေကြောင့် ကျွန်မအပါအဝင် ဈေးရောင်းချသူနဲ့ ဈေးဝယ်သူတွေအားလုံး ဘယ်ပြေးလို့ပြေးရမယ်မှန်းမသိ အထိတ်တလန့် ဖြစ်နေရပါတယ်ရှင့်။ မတ်လ ၈ ရက်နေ့ကလည်း မသမာသူများက ဈေးအပြင်ဘက်ကနေ “လုနေပြီ၊ လုနေပြီ ပြေးပြေး” ဆိုပြီး အော်ဟစ်ပြောဆိုမှုတွေကြောင့် ဈေးအတွင်းမှာရှိနေသူအားလုံး ကျွန်မတို့သက်ဆိုင်ရာ ပစ္စည်းတွေကိုထားပြီး ထွက်ပြေးကြရတဲ့ အဆင့်အထိ ရောက်နေရပါတယ်ရှင့်။ ဒီလို ဆောင်ရွက်မှုတွေကြောင့် ကျွန်မတို့ဈေးသည်တွေရော ဈေးလာရောက်ဝယ်ယူသူတွေပါ နေ့တိုင်းစိုးရိမ်ထိတ်လန့်စွာနဲ့ အရောင်းအဝယ်ပြုလုပ်နေရပါတယ်။ ဒါကြောင့် ပြည်သူတွေကို အထိတ်တလန့်ဖြစ်စေဖို့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေသူတွေကို ဖမ်းဆီးအရေးယူပေးဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေကို အယ်ဒီတာမှတစ်ဆင့် တင်ပြလိုပါတယ်။

နောက်ပြီး ကျွန်မရဲ့ သားနဲ့သမီးဟာ လူမှုကွန်ရက်စာမျက်နှာပေါ်မှ နိုင်ငံရေးသမားတချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် လမ်းပေါ်ထွက်ဆန္ဒပြပွဲတွေမှာ လိုက်ပါဆောင်ရွက်ဖို့ ဆန္ဒရှိနေကြပါတယ်။ ရပ်ကွက်အတွင်းက လူငယ်တချို့လည်း ဆန္ဒပြပွဲတွေ လိုက်ပါဆောင်ရွက်နေရာကနေ တချို့အိမ်ပြန်မလာကြခြင်းတို့ကြောင့် သူတို့ရဲ့မိဘတွေ စိတ်ဆင်းရဲမှုနဲ့ ကြုံတွေ့နေရပါတယ်ရှင့်။ ဒီလို ဆူပူအုံကြွမှုကိုဖြစ်ပေါ်စေတဲ့ ဆန္ဒပြပွဲတွေမှာ လိုက်ပါဆောင်ရွက်ဖို့ သွေးထိုးလှုံ့ဆော် ဖြားယောင်းနေသူတချို့ကိုလည်း ဖော်ထုတ်အရေးယူပေးဖို့ အယ်ဒီတာကတစ်ဆင့် ထပ်မံ တင်ပြလိုပါတယ်ရှင့်။

**မကလျာ(ဈေးရောင်းသူ)**

# အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

မြန်မာ့အလင်း သတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့်ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

**စာတည်းအဖွဲ့**

# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**



## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်

**နေပြည်တော် မတ် ၉**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနဝ္ဂနွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၊ ရန်ကုန်တိုင်းဒေသကြီးဗဟန်းမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၊ ချင်းပြည်နယ် မတူပီမြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များ စုစုပေါင်း ၁၀ ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကရင်ပြည်နယ် ဖာပွန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ ရခိုင်ပြည်နယ် အမ်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၊ ချင်းပြည်နယ် မတူပီမြို့၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၈ ကျောင်းရှိ သံဃာတော်များနှင့် သာသနဝ္ဂနွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့ တပ်ဦးဘုန်းတော်ကြီးကျောင်း၊ မြို့မဘုန်းတော်ကြီးကျောင်း၊ ခတ်စွမ်းဟုန်ဘုန်းတော်ကြီးကျောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ အသောကရာမကျောင်းတိုက်၊ ချင်းပြည်နယ် မတူပီမြို့ ဖနိုင်တပ်ဦးကျောင်းတိုက်တို့ရှိ ဆရာတော် သံဃာတော်များ၊ သာသနဝ္ဂနွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ **သတင်းစဉ်**

## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများဆောင်ရွက်လိုသည့် ပြည်သူများ လွယ်ကူလျင်မြန် ချောမွေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်သူများအနေဖြင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေခြင်းနှင့် လုပ်ငန်းသစ်များ ဆောင်ရွက်လိုပါက ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ် -၀၁-၈၃၀၁၃၉၇၅၊ ၀၁-၈၃၀၂၁၇၅

**ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ**

# မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်



**ဟိုင်းကြီးကျွန်း မတ် ၉**
မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၁ ရက်နေ့မှ စတင်ကာ တပေါင်းလပြည့်နေ့အထိ ၁၅ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း ဘုရားပွဲဖြစ်မြောက်ရေး ဆောင်ရွက်လျက်ရှိသည့် ဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်နှစ်များတွင် တပေါင်းလဆန်း ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ (၁၅) ရက်၊ တပို့တွဲလပြည့်ကျော် ၈ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ (၂၂) ရက်၊ တပို့တွဲလပြည့်နေ့မှ တပေါင်းလပြည့်နေ့အထိ ကျင်းပလာခဲ့သည်မှာ ကိုးနှစ်ခန့်ရှိခဲ့ကြောင်း၊ ယခုအခါတွင် ကိုဗစ်-၁၉ ရောဂါ အခြေအနေများကြောင့် ကြိုတင်ကာကွယ်မှုများနှင့်အညီ ၁၅ ရက် အကျဉ်းချုံး ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ဘုရားပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ၁၃၈၂ ခုနှစ် တပေါင်းလဆန်း ၁ ရက်နေ့ (၂၀၂၁ ခုနှစ် မတ်လ ၁၃) ရက်တွင် မြတ်မော်တင်ကမ်းခြေဒေသမှ ပင့်သံဃာတော် ၂၇ ပါးပင့်ဖိတ်ကာ ဘုရား အနေကဇာတင်ခြင်း၊ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး တပေါင်းလဆန်း ၉ ရက်နေ့တွင် ဩဝါဒါစရိယ ဆရာတော်အရှင်သူမြတ် ပင့်သံဃာ ၂၇ ပါးတို့က တပေါင်းလပြည့်နေ့အထိ အသံမစဲ ပဋ္ဌာန်းမြတ် ဒေသနာတော်များအား ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ပြီး တပေါင်းလပြည့်နေ့တွင် ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆရာတော် အရှင်သူမြတ်များအား ဆွမ်းဆန်တော်များ လောင်းလှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ**

## သောက်သုံးရေအခက်ကြုံနေသည့် ဘုန်းတော်ကြီးကျောင်းအတွက် သောက်သုံးရေများ သွားရောက်လှူဒါန်း




**ညောင်ဦး မတ် ၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပျဉ်ချောင်းကျေးရွာ ရွှေလင်းပင် ဘုန်းတော်ကြီးကျောင်းတွင် သောက်သုံးရေအခက်ကြုံတွေ့ နေရကြောင်း သိရ၍ ယမန်နေ့က ညောင်ဦးမြို့နယ် စဉ့်ကူနယ်မြေ မီးသတ်စခန်းမှ တာဝန်ခံမီးသတ်ဦးစီးမှူး တပ်ကြပ်ကြီးရဲမြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးသည်။

ထိုသို့ လှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် စဉ့်ကူနယ်မြေ မီးသတ်စခန်းမှ တာဝန်ခံမီးသတ်ဦးစီးမှူး တပ်ကြပ်ကြီးရဲမြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ပျဉ်ချောင်းကျေးရွာ ရွှေလင်းပင် ဘုန်းတော်ကြီးကျောင်းရှိ စေတီတော်အား ရေသပ္ပာယ်ခြင်းနှင့် သန့်ရှင်းရေး ပြုလုပ်ခြင်းများကို ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ကြပြီး ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များ၊ ကျောင်းသား ကျောင်းသူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေး သောက်သုံးရေဂါလန် ၁၆၀၀ ကို ရေလှောင်ကန်အတွင်း စနစ်တကျ ဖြည့်တင်းလှူဒါန်းပေးကြကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## စက်ကိရိယာဖြင့် အာလူးသီးနှံ တူးဖော်ခြင်းသရုပ်ပြ

**တပ်ကုန်း မတ် ၉**
နေပြည်တော် တပ်ကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၆၈) စက်မှုလယ်ယာစခန်းက ဦးစီးကျင်းပသည့် အာလူးသီးနှံကို စက်ကိရိယာဖြင့် တူးဖော်ခြင်း သရုပ်ပြအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကွင်းအမှတ် ၁၃၀၈(က)ကွင်း ခရမ်းစပ်ကုန်းကျေးရွာ တောင်သူ ဦးမြင့်ဇော်၏ အာလူးစိုက်ခင်းတွင် ကျန်းမာရေး ညွှန်ကြားချက်နှင့်အညီ ကျင်းပသည်။

အဆိုပါ သရုပ်ပြသပွဲသို့ ပြည်ထောင်စုနယ်မြေ စက်မှုလယ်ယာဦးစီးဌာန ခရိုင်၊ မြို့နယ် စက်မှု လယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံအာလူးစိုက်တောင်သူများ တက်ရောက်ကြည့်ရှု လေ့လာကြသည်။



အာလူးသီးနှံခင်းကို စက်ကိရိယာဖြင့် စိုက်ပျိုးခြင်း၊ ဆေးဖျန်းခြင်း၊ တူးဖော်ခြင်းလုပ်ငန်းများ သရုပ်ပြသ ဆောင်ရွက်ပေးရာတွင် ဒေသခံအာလူးစိုက် တောင်သူများ အနေဖြင့် မိရိုးဖလာသမားရိုးကျ စိုက်ပျိုးခြင်းထက် အချိန်ကုန်သက်သာမှုရှိခြင်း၊ လုပ်အားခများ အထိုက်အလျောက် သက်သာမှုရှိခြင်းကြောင့် အာလူးစိုက်တောင်သူများမှာ အာလူးခင်းများကို စက်ကိရိယာဖြင့် တူးဖော်ခြင်းကို နှစ်သက်လျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်**

## လဲချားမြို့နယ်ရှိ ကျေးရွာလေးရွာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**လဲချား မတ် ၉**
ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ်အတွင်းရှိ ကန်းအွမ်၊ ဖာဝေါင်၊ ကုန်းယိ၊ မက်မုန်ဆိုင်း ကျေးရွာလေးရွာတွင် သောက်သုံးရေဖူလုံစေရေးအတွက် စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကန်းအွမ်ကျေးရွာတွင် သောက်သုံးရေဖူလုံစေရေးအတွက် အရှည်ပေ ၅၂၈၀ ရှိ စိမ့်စမ်းရေပိုက်လိုင်း(အမြင့်တင်) သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၀၅၆ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီကလည်းကောင်း၊ ဖာဝေါင်ကျေးရွာတွင် အရှည် တစ်မိုင် သုံးဖာလုံရှိ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၂၃ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီကလည်းကောင်း၊ ကုန်းယိကျေးရွာတွင် အရှည် နှစ်မိုင်ရှိ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၂၄ ဒသမ ၁၈ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီကလည်းကောင်း၊ မက်မုန်ဆိုင်းကျေးရွာတွင် အရှည် နှစ်မိုင် လေးဖာလုံရှိ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၂၀၆ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီတို့က ယခုနှစ် ဇန်နဝါရီလအတွင်းမှ စတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာလေးရွာရှိ အိမ်ခြေ ၁၅၄ အိမ်မှ လူဦးရေ ၇၈၆ ဦးတို့၏ သောက်သုံးရေဖူလုံစေရေးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းစန္ဒာဝင်းက ပြောသည်။

အဆိုပါ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး အလေးထားဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

**ငြိမ်းသူ**



**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများကသွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့်သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့်သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အားစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့်ဒေသခံပြည်သူများကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သောလူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာခဲ့သည်။ ထို့ကြောင့် ယနေ့တွင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မှ တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများ ပါဝင်သော ဆေးအဖွဲ့အား အဆိုပါဆေးရုံသို့ စေလွှတ်ခဲ့ရာ



သံဃာတော်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက လှိုက်လှဲစွာကြိုဆိုခဲ့ကြကြောင်းနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံ ပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေးဆောင်ရွက်

**နေပြည်တော် မတ် ၉**

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။



ထားဝယ်မြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မူဆယ်မြို့နယ်အတွင်း လက်ပစ်ဗုံး သယ်ဆောင်လာသူတစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ဟိုနားရပ်ကွက် ခရိုင်ပြည်သူ့ဆေးရုံသစ်အနီး မြို့ရှောင်လမ်းဘေး၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ယနေ့နံနက် ၁၀ နာရီခွဲခန့်က မြို့ရှောင်လမ်းအတိုင်း OHC တိုးဂိတ်ဘက်သို့ လမ်းလျှောက်လာသူအား မသင်္ကာ၍ စစ်ဆေးခဲ့ရာ ကျုံစင်ဟိုက်(ဘ) ဦးတုန်ယုလင် မူဆယ်မြို့နေသူဖြစ်ပြီး ၎င်း၏ အနွေးထည်အင်္ကျီအတွင်းမှ ကြိုးဆွဲလက်ပစ်ဗုံး ၁ လုံး၊ ဓား ၁ ချောင်း၊ ဆိုင်ကယ်သော့ ဖွင့်ရာတွင် အသုံးပြုသော သုံးမြောက်ခွသော့အတု ၁ ချောင်းတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိသည်။



အဆိုပါ ဖမ်းဆီးရမိသူနှင့် သိမ်းဆည်းရမိ ပစ္စည်းများကို မူဆယ်မြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၉**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသ အသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း- စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်တွင် လည်းကောင်း၊ ရသေ့တောင်မြို့နယ် ကန်ပြင်ကျေးရွာတစ်ဝိုက်နှင့် ကျေးရွာချင်းဆက် လမ်းများတွင် လည်းကောင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်၌ ဆန္ဒပြလူစုလူဝေးဖြစ်ပွားမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲ

**နေပြည်တော် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် (၂/ က)ရပ်ကွက် ခရေပင်လမ်းမကြီးနှင့် သပြေပင်လမ်းထိပ်၌ အင်အား ၅၀၀၀ ခန့်ဖြင့် မတ် ၈ ရက် ည ၁၁ နာရီ မိနစ် ၄၀ ခန့်က ခရေပင်လမ်းမကြီးကို အတားအဆီးပြုလုပ်၍ ပိတ်ဆို့ဆန္ဒဖော်ထုတ်နေသဖြင့် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လူစုခွဲရန် ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း ဆက်လက်ဆန္ဒထုတ်ဖော်နေသဖြင့် ၁၂ ဗို့ကျည် ၈၂ တောင့်၊ Sound Six Bang ၁၅ လုံး၊ မျက်ရည်ယိုဗုံး ၂၅ လုံး၊ ၉ မမကျည်တောင့် ၃၄၀၊ ၇ ဒသမ ၆၂ ကျည် ၁၁ တောင့်တို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရာ ယနေ့နံနက် ၁ နာရီခန့်တွင် လူစုကွဲသွားခဲ့ပြီး ဆန္ဒဖော်ထုတ်သူများ အနက်မှ စိုးမင်း(ဘ) ဦးမြသောင်း၊ (၂/က)ရပ်ကွက် မင်္ဂလာဒုံမြို့နယ်နေသူတွင် ယာလက်မောင်း သွေးထွက်ဒဏ်ရာ (မစိုးရိမ်ရ)၊ ကိုမျိုးတွင် ဝဲတင်ပါးသွေးထွက်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်- ၁၀၀၀)သို့ ပို့ဆောင် ကုသပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# မန္တလေးမြို့ရှိ ဆူပူဆန္ဒပြမှုများတွင် အဓိကဦးဆောင်ပါဝင်သော အောင်မှိုင်းဆန်းအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၉**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် မန္တလေးမြို့ရှိ ဆူပူဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်သူ အောင်မှိုင်းဆန်းအား ဖမ်းဆီးရမိခဲ့သည်။ အောင်မှိုင်းဆန်းသည် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် မဟာအောင်မြေ မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်များတွင် ဖေဖော်ဝါရီ ၈ ရက်မှ ၂၆ ရက်အတွင်း ဆူပူဆန္ဒပြမှုများ၌ စုစုပေါင်း (၁၇) ကြိမ် ကိုယ်တိုင်ဦးဆောင်ပါဝင်ခဲ့ကြောင်း သိရှိရသည်။

အောင်မှိုင်းဆန်းသည် ဖေဖော်ဝါရီ ၁၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ ဈေးချိုနာရီစင်ရှေ့၌လည်းကောင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ချမ်းမြသာစည်မြို့နယ်ရှိ တရုတ်ကောင်စစ်ဝန်ရုံးရှေ့၌လည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ ဒိုင်းမွန်းအရောင်းစင်တာရှေ့၌လည်းကောင်း ပြည်သူများအခွန်မဆောင်ရန်၊ ဝန်ထမ်းများရုံးမတက်ဘဲ CDM ပြုလုပ်ကြရန်နှင့် အသစ်ခန့်အပ်ထားသော အုပ်ချုပ်ရေးမှူးများအား အသိအမှတ်မပြုကြရန် တိုက်တွန်းလှုံ့ဆော်ဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အောင်မှိုင်းဆန်းအား မတ် ၃ ရက်တွင် မဟာအောင်မြေမြို့နယ်၊ အမှတ် (၉) နယ်မြေရဲစခန်း၌ နိုင်ငံသားအစုအဖွဲ့ကိုဖြစ်စေ၊ အများပြည်သူကို ဖြစ်စေ၊ ကြောက်ရွံ့စေလျှင်၊ သို့မဟုတ် ကြောက်ရွံ့စေရန် ကြံရွယ်ခဲ့သောကြောင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ-၅၀၅(က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်သည်။

အောင်မှိုင်းဆန်း၏ ထွက်ဆိုချက်အရ ဆူပူဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်လှုပ်ရှားနေသည့် ဆက်စပ်တရားခံ ၂၃ ဦးအား အမှုဖွင့်ဖမ်းဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ တရားခံ ၂၃ ဦးမှာ-

(က) တေဇာဆန်း(ချမ်းမြသာစည်မြို့နယ်)
(ခ) စိုးမိုးနိုင် (ခ) ဒိန်းဒေါင်(ချမ်းအေးသာစံမြို့နယ်)
(ဂ) ရဲရင့်ကျော်(မဟာအောင်မြေမြို့နယ်)
(ဃ) သန်းထိုက်(ချမ်းအေးသာစံမြို့နယ်)
(င) အောင်ဇော်ဦး(မဟာအောင်မြေမြို့နယ်)
(စ) အိမ္မွန်ခင်(ရတနာပုံတက္ကသိုလ်)
(ဆ) တွတ်ပီ(ပုသိမ်ကြီးမြို့နယ်)
(ဇ) မြတ်သူ (ခ) မြတ်သူရအောင်(အောင်မြေသာစံမြို့နယ်)
(ဈ) အောင်မင်းခန့်(ပြည်ကြီးတံခွန်မြို့နယ်)
(ည) ဒေါ်ခင်သန်းမြင့်(အောင်မြေသာစံမြို့နယ်)
(ဋ) ဦးခင်မောင်သိန်း(အောင်မြေသာစံမြို့နယ်)
(ဌ) ဦးကောသလ(ဗားကရာကျောင်းတိုက်၊ အမရပူရမြို့နယ်)
(ဍ) ဦးအာစာရ(မြတောင်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်)
(ဎ) ဦးရေဝတ(အမယ်ဆိုင်ကျောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်)
(ဏ) ခိုင်မင်း(စဉ့်ကိုင်မြို့နယ်)
(တ) မျိုးဝင်း(ပုသိမ်ကြီးမြို့နယ်)
(ထ) သိန်းအောင်မြင့်(မဟာအောင်မြေမြို့နယ်)
(ဒ) ဖိုးဇေယျာ(မဟာအောင်မြေမြို့နယ်)
(ဓ) ဇော်ဇော်လတ်(မဟာအောင်မြေမြို့နယ်)
(န) ပွင့်ဖြူလတ်(ချမ်းအေးသာစံမြို့နယ်)
(ပ) ဇော်မိုးကျော်(မဟာအောင်မြေမြို့နယ်)
(ဖ) ဒေါ်မြင့်မြင့်ခိုင်(အောင်မြေသာစံမြို့နယ်)
(ဗ) ရန်နိုင်မင်း(မဟာအောင်မြေမြို့နယ်) တို့ဖြစ်ကြောင်း သိရှိရသည်။

မိဘပြည်သူများအနေဖြင့် အဆိုပါ ဆက်စပ်တရားခံ ၂၃ ဦးအား ဝိုင်းဝန်း ဖမ်းဆီးနိုင်ပါရန်နှင့် တွေ့ရှိပါက နီးစပ်ရာ နယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်ရှိ “စု”အသက်မွေး ဝမ်းကျောင်းသိပ္ပံအား လုံခြုံရေးအရစစ်ဆေးရန် ဆောင်ရွက်စဉ် သင်တန်းတာဝန်ခံတစ်ဦး နေအိမ်အပေါ်ထပ်မှ ခုန်ချထွက်ပြေးရာမှ သေဆုံးမှုဖြစ်ပွား

**နေပြည်တော် မတ် ၉**

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လုံခြုံရေးဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာ မြို့နယ်အတွင်း နယ်မြေလုံခြုံရေးအတွက် လှည့်ကင်းလှည့်လည် ဆောင်ရွက်လျက်ရှိသော လုံခြုံရေးပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် ည ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် အမှတ်(၁၂) ရပ်ကွက် နှင်းဆီလမ်း အမှတ်(၅၁၂)ရှိ “စု”အသက်မွေးဝမ်းကျောင်းသိပ္ပံရှေ့သို့ အရောက်၌ မသင်္ကာဖွယ် တွေ့ရှိသဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဆ)အရ စစ်ဆေးနိုင်ရန် ဆောင်ရွက်ခဲ့ရာ သင်တန်းတာဝန်ခံ ဦးဇော်မြတ်လင်း (၄၄ နှစ်)က တံခါးဖွင့်ပေးခြင်းမရှိဘဲ နေအိမ်မီးများပိတ်၍ အိမ်အပေါ်ထပ်သို့ တက်ပြေးသွားခဲ့ပြီး နေအိမ်အပေါ်ထပ်မှ အိမ်အနောက်ဘက်သို့ ခုန်ချထွက်ပြေးစဉ် ခြံစည်းရိုးတွင် ထောင်ထားသော ၂ လက်မခန့်ရှိ စတီးပိုက်ပေါ်သို့ မှောက်လျက်ကျသဖြင့် ဝမ်းဗိုက်ပေါက်ပြဲဒဏ်ရာ ရရှိခဲ့သည်။

ထိုသို့ ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဦးဇော်မြတ်လင်းအား မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီးသို့ အမြန်ဆုံး ပို့ဆောင်ပေးခဲ့သော်လည်း ဦးဇော်မြတ်လင်းမှာ ရရှိဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း သိရှိရပြီး သေဆုံးမှုနှင့်ပတ်သက်၍ ရွှေပြည်သာမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူ အား ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၉**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အစိုးရဝန်ထမ်းများအား CDM တွင် ပါဝင်လာစေရေး အဓိကကြိုးကိုင်ဆောင်ရွက်ခဲ့သူတစ်ဦး ဖြစ်သော နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၂ နာရီတွင် နေပြည်တော်၊ ဟိုတယ်ဇုန် (၂) ရှိ ရွှေဂုံတိုင် ဟိုတယ်၌ ဖမ်းဆီးရမိခဲ့ပြီး ထိန်းသိမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ဦးမင်းသူ၏ ဝန်ခံထွက်ဆိုချက်များအရ နေပြည်တော်ကောင်စီနယ်မြေအတွင်း နိုင်ငံ့ဝန်ထမ်းများအား တာဝန်ဝတ္တရားပျက်ကွက်စေရန် သွေးထိုးလှုံ့ဆော်နိုင်ရေးအတွက် ၈၈ မျိုးဆက်(ငြိမ်း/ပွင့်)မှ မင်းကိုနိုင်၊ ကျော်မင်းယု (ခ) ဂျင်မီတို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် NLD ပါတီဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်ဖြစ်သော ဦးအောင်ကြည်ညွန့်က **"CDM လှုပ်ရှားမှုတွင် ပါဝင်သည့်ဝန်ထမ်းများအား လှုံ့ဆော်စည်းရုံးနိုင်ရန် CDM Supporting Team များ ဖွဲ့စည်းကာ သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ NLD ပါတီဝင်များမှ ဝိုင်းဝန်းကူညီကြရန်"** ညွှန်ကြားချက်စာတစ်စောင် ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ကြောင့် ဦးမင်းသူသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ခရိုင်အလုပ်မှုဆောင်အဖွဲ့ဝင် ၁၀ ဦးခန့်ဖြင့် ပါတီခရိုင်ရုံးတွင် အစည်းအဝေးကျင်းပခဲ့ပြီး အစည်းအဝေး၌ CDM Supporting Team အား ဖွဲ့စည်းခဲ့ကြောင်း သိရှိသည်။

အဆိုပါ CDM Supporting Team တွင် ဦးမောင်မောင်ဆွေ (မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်-၉၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ ဦးကျော်ထွေး(ဇမ္ဗူသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း)၊ ဦးဝင်းနိုင်ဦး (ပျဉ်းမနားမြို့နယ် NLD ပါတီ၊ အတွင်းရေးမှူး)၊ ဦးကျော်မြင့်ဦး(မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်-၁၀၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ ဦးသန်းစိုးအောင် (ပျဉ်းမနားမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း) နှင့် ဦးဇော်မင်းဦး (စိုက်ပျိုးရေး ဦးစီးဌာန၊ အငယ်တန်းအင်ဂျင်နီယာ) တို့ပါဝင်ခဲ့ပြီး ၎င်းအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် နေပြည်တော်ရှိ CDM လုပ်ဆောင်နေသည့် ဝန်ထမ်းများအား ကူညီထောက်ပံ့ပေးရန် ဦးနေလင်း (Relax ဗီနိုင်း)၊ ဦးမြတင့်(NLD ပါတီ၊ ခရိုင်နာယက)၊ ဦးဇော်မင်းကျော် (ရန်ကုန်မြို့၊ ခေတ်ပြတိုက်စာပေတိုက် ပိုင်ရှင်)၊ ဦးလှမျိုး (မြန်မာနိုင်ငံ ဆရာများသမဂ္ဂ)နှင့် ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း) တို့ ပါဝင်ဆောင်ရွက်ခဲ့ကြောင်းနှင့် ပြည်တွင်း/ပြည်ပမှ ထောက်ပံ့ငွေများ ရရှိထားကြောင်း ဝန်ခံထွက်ဆိုထားသည်။

ထို့အပြင် ဦးမင်းသူသည် နေပြည်တော်ခရိုင်ပါတီရုံးတွင် ရုံးထိုင်၍ ဆန္ဒပြအဖွဲ့ ခေါင်းဆောင်များဖြစ်သည့် ဦးဝင်းနိုင်ဦး(ပျဉ်းမနားမြို့နယ် NLD ပါတီအတွင်းရေးမှူး)၊ ဦးမျိုးကိုဇင်မြင့်(NLD ပါတီ၊ နေပြည်တော် လူငယ်လုပ်ငန်းကော်မတီ အဖွဲ့ဝင်)၊ ဦးကျော်မင်းလှိုင် (ဥတ္တရသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း)၊ ဦးလှိုင်မင်းဦး (NLD ပါတီ၊ ဇမ္ဗူသီရိမြို့နယ် တွဲဖက်အတွင်းရေးမှူး)နှင့် အောင်အောင် (NLD ပါတီ၊ ပုဗ္ဗသီရိမြို့နယ်ဥက္ကဋ္ဌ) တို့နှင့်ချိတ်ဆက်၍ ဆန္ဒပြအဖွဲ့များ လှုပ်ရှားသွားလာနိုင်ရန် လမ်းကြောင်းထိန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အပြင် ဆန္ဒပြအဖွဲ့များနှင့် သွားရောက်ပူးပေါင်း၍ ဆူပူဆန္ဒပြစေရန်လှုံ့ဆော်မှုများပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ ဦးမင်းသူ၏ ထွက်ဆိုချက်များအရ ဆက်စပ်တရားခံများအား ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ မတ် ၁ ရက်တွင် ဦးကျော်မင်းလှိုင် အားလည်းကောင်း၊ မတ် ၂ ရက်တွင် ဦးသန့်ဇင်ထွန်းအားလည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး ကျန်ရှိသည့်ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း၊ မတ် ၇ ရက်တွင် ဖမ်းဆီးရမိတရားခံများဖြစ်သည့် ဦးမင်းသူအား ပုဗ္ဗသီရိမြို့နယ်၊ ပတ္တာနယ်မြေရဲစခန်း၌ (ပ)၃၀/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ဦးကျော်မင်းလှိုင်အား ဥတ္တရသီရိမြို့နယ်၊ ဘုရားကုန်းမြို့မရဲစခန်း၌ (ပ)၂၃/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ဦးသန့်ဇင်ထွန်းအား လယ်ဝေးမြို့နယ်၊ သာဝတ္တိနယ်မြေရဲစခန်း၌ (ပ)၂၄/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်လှစ်၍ ထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

မိဘပြည်သူများအနေဖြင့် အဆိုပါ ဆက်စပ်တရားခံ ၁၅ ဦးအား ဝိုင်းဝန်းဖမ်းဆီးနိုင်ပါရန်နှင့် တွေ့ရှိပါက နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

**သတင်းစဉ်**

# CDM လှုပ်ရှားမှုတွင် အဓိက ဦးဆောင်ပါဝင်သော ရန်ကုန်တက္ကသိုလ်၊ အရှေ့တိုင်းပညာဌာနမှ ပါမောက္ခ ဒေါက်တာ အာကာမိုးသူ အား ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၉**

၂၀၂၁ ခုနှစ်၊ မတ် ၂ ရက် နံနက် ၈ နာရီတွင် လှိုင်မြို့နယ်၊ ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ MICT ဝင်းအပေါက်ဝ၌ တက္ကသိုလ်ပေါင်းစုံ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများစုပေါင်းဆန္ဒပြရန် စုဝေးနေစဉ် CDM လှုပ်ရှားမှုတွင် အဓိကဦးဆောင်ပါဝင်သည့် ရန်ကုန်တက္ကသိုလ်၊ အရှေ့တိုင်းပညာဌာနမှ ပါမောက္ခ ဒေါက်တာ အာကာမိုးသူ အား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဒေါက်တာ အာကာမိုးသူ အား မတ်လ ၁ ရက်တွင် နိုင်ငံသားအစုအဖွဲ့တစ်ခုကိုဖြစ်စေ၊ အများပြည်သူကိုဖြစ်စေ၊ ကြောက်ရွံ့စေလျှင်၊ သို့မဟုတ် ကြောက်ရွံ့စေရန် ကြံရွယ်ခဲ့သောကြောင့် ရာဇသတ်ကြီးပုဒ်မ-၅၀၅ (က)ဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်း၌ အမှုဖွင့်လှစ်ခဲ့ပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ဒေါက်တာ အာကာမိုးသူသည် CDM ထောက်ပံ့ရေးကော်မတီတစ်ရပ်အား ၎င်းအပါအဝင် ပါမောက္ခ ၇ ဦးဖြင့် ၁၂-၂-၂၀၂၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့၊ သယ်ယူထောက်ပံ့ရေးအဖွဲ့၊ သတင်းနှင့် ပြန်ကြားရေးအဖွဲ့၊ မှတ်တမ်းနှင့် အချက်အလက်ပြုစုရေးအဖွဲ့၊ နည်းပညာနှင့် ဥပဒေအကြံပေးအဖွဲ့ဟူ၍ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန် အဝေးသင် တက္ကသိုလ်တို့မှ ပါမောက္ခနှင့် ကထိက ၁၅ ဦးဖြင့် ဦးဆောင်ဖွဲ့စည်းကာ CDM လှုပ်ရှားမှုကို ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

အဆိုပါ CDM ဦးဆောင်လှုပ်ရှားသူ ပါမောက္ခနှင့် ကထိက ၁၅ ဦးအနက် ဒေါက်တာ အာကာမိုးသူနှင့် ချိတ်ဆက်လှုပ်ရှားသည့် ကျန်ပါမောက္ခနှင့် ကထိက ၁၄ ဦး တို့အား ဆက်စပ်တရားခံအဖြစ် အမှုဖွင့် ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ တရားခံ ၁၄ ဦးမှာ-

(၁) ဒေါက်တာ ဝေယံလင်း (ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန)
(၂) ဒေါက်တာ နန်းနွယ် (တွဲဖက်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန)
(၃) ဒေါက်တာ အောင်ကျော်စွာ (တွဲဖက် ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာန)
(၄) ဦးကြည်ထင်ပေါ် (တွဲဖက်ပါမောက္ခ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ သင်္ချာဌာန)
(၅) ဒေါက်တာ ဝင်းပပထွန်း (တွဲဖက် ပါမောက္ခ၊ ရန်ကုန်အဝေးသင် တက္ကသိုလ်၊ စိတ်ပညာဌာန)
(၆) ဦးလှမျိုး (ကထိက၊ ဒဂုံတက္ကသိုလ်၊ မနုဿဗေဒဌာန)
(၇) ဒေါက်တာ ကျော်သန်းမိုး (ကထိက၊ ဒဂုံတက္ကသိုလ်၊ ရူပဗေဒဌာန)
(၈) ဒေါက်တာ ယဉ်ယဉ်ဝင်း (ကထိက၊ ရန်ကုန်တက္ကသိုလ်၊ ဥပဒေဌာန)
(၉) ဦးတင်အောင်မိုး (ကထိက၊ ရန်ကုန်တက္ကသိုလ်)
(၁၀) ဒေါက်တာ သန်းလွင်ဦး (ကထိက၊ ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးဌာန)
(၁၁) ဦးသန်းထိုက်အောင် (ကထိက၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၊ သမိုင်းဌာန)
(၁၂) ဦးအောင်ကျော်စိုး (ကထိက၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်၊ သတ္တဗေဒဌာန)
(၁၃) ဒေါက်တာ တိုးတိုးကျော် (ကထိက၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)။
(၁၄) ဒေါက်တာ သုလင်းဝေ (ကထိက၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) တို့ဖြစ်ကြောင်း သိရှိရသည်။

မိဘပြည်သူများအနေဖြင့် အဆိုပါ ဆက်စပ်တရားခံ ၁၄ ဦးအား ဝိုင်းဝန်းဖမ်းဆီးနိုင်ပါရန်နှင့် တွေ့ရှိပါက နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

**သတင်းစဉ်**

## အမြန်လမ်းမကြီးတွင် သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သူများအား အရေးယူ

**နေပြည်တော် မတ် ၉**

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၇ ရက် ညနေ ၅ နာရီမှ မတ် ၈ ရက် ညနေ ၅ နာရီအထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်း လှည်းကူးမြို့နယ်၊ အမှတ် (၃) တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ခုနစ်စီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် လေးစီး၊ ပလွေးတိုးဂိတ်၌ မော်တော်ယာဉ် ကိုးစီး၊ သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ် ငါးစီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် လေးစီး စုစုပေါင်း ၂၉ စီးအား ဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာ ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

# ပီအက်စ်ဂျီတို့ ဘာစီလိုနာကို အနိုင်ယူပြီး နောက်တစ်ဆင့် တက်ရောက် သွားနိုင်မလား



ပထမအကျော့အဖြစ် ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

■ မိုးဇက် - စုစည်းသည်

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်ကစားလျက်ရှိရာ ယနေ့တွင် လီဗာပူးနှင့် လိုက်ပ်ဇစ်၊ ပီအက်စ်ဂျီနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ပထမအကျော့မှာ ပြိုင်ဘက်ကို အရေးနိမ့်ခဲ့တဲ့ လိုက်ပ်ဇစ်နဲ့ ဘာစီလိုနာအသင်းတို့ ယနေ့ပွဲစဉ်မှာ ရလဒ်ကောင်းပိုင်ဆိုင်သွားနိုင်မလား စိတ်ဝင်စားဖွယ်ရာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## လီဗာပူး VS လိုက်ပ်ဇစ်

ပ_ကျော့ရလဒ် လိုက်ပ်ဇစ် ၀-၂ လီဗာပူး

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် လီဗာပူးအသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့ပွဲစဉ်ကို မတ် ၁၁ ရက် နံနက် ၂ နာရီခွဲတွင် လီဗာပူးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၇ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ပထမအကျော့ပွဲစဉ်မှာ လီဗာပူးအသင်းက နှစ်ဂိုး-ဂိုးမရှိနဲ့ လိုက်ပ်ဇစ်အသင်းကို အနိုင်ရရှိထားပါတယ်။ ဒါကြောင့် ယနေ့ပွဲစဉ်မှာ လိုက်ပ်ဇစ်အသင်းအနေနဲ့ ပထမအကျော့ရှုံးကြွေးပြန်ဆပ်ကာ နောက်တစ်ဆင့် တက်ရောက်သွားနိုင်မလား စိတ်ဝင်စားဖွယ်ရာပင်။

### ခြေစွမ်းအတက်ဘက်ရောက်နေ

လီဗာပူးအသင်းက ပြီးခဲ့တဲ့နှစ်ပွဲမှာ ချယ်ဆီးအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ကို ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကျဆင်းနေပါတယ်။ ဒါပေမယ့် လီဗာပူးအသင်းအနေနဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်ရေးအတွက် အားစိုက်ကစားလာမှာ ပါ။ လိုက်ပ်ဇစ်အသင်းက ပြီးခဲ့တဲ့ လေးပွဲမှာ လေးပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တာကြောင့် ခြေစွမ်းအတက်ဘက်ရောက်နေပါတယ်။ လိုက်ပ်ဇစ် အသင်းကလည်း နောက်တစ်ဆင့်တက်ရောက်နိုင်ရေးအတွက် အားစိုက်ကစားလာမှာပါ။ နှစ်သင်းစလုံးနိုင်ပွဲရရှိရေးကို ဦးတည်လာမှာဖြစ်သည့်အတွက် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ ယနေ့ပွဲစဉ်တွင် စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် လီဗာပူးအသင်းမှ ဆာလာနဲ့ လိုက်ပ်ဇစ်အသင်းမှ အင်ခွန်ကူတို့ရှိနေပါတယ်။ ဆာလာက ချန်ပီယံလိဂ် ခုနစ်ပွဲမှာ လေးဂိုးအထိ သွင်းယူထားနိုင်တာကို တွေ့ရတယ်။ အင်ခွန်ကူက ချန်ပီယံလိဂ် လေးပွဲမှာ တစ်ဂိုးသာ သွင်းယူထားနိုင်တာကို တွေ့ရတယ်။ ယနေ့ပွဲစဉ်မှာ လိုက်ပ်ဇစ်အနေနဲ့ လီဗာပူးကို နိုင်ဖွယ်ရာ ရှိပေမယ့် လီဗာပူးနောက်တစ်ဆင့်တက်မယ်။

## ပီအက်စ်ဂျီ VS ဘာစီလိုနာ

ပ_ကျော့ရလဒ် ဘာစီလိုနာ ၁-၄ ပီအက်စ်ဂျီ

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းနဲ့ ဘာစီလိုနာအသင်းတို့ပွဲစဉ်ကို မတ် ၁၁ ရက် နံနက် ၂ နာရီခွဲမှာ ပီအက်စ်ဂျီ အိမ်ကွင်း၌ ကျင်းပသွားမှာဖြစ်ပါတယ်။ ပထမအကျော့ ဘာစီလိုနာအိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ပီအက်စ်ဂျီအသင်းနဲ့ ဘာစီလိုနာအသင်းတို့တွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတာကြောင့် ယနေ့ပွဲစဉ်မှာ သွင်းဂိုးတွေ မြင်တွေ့ရဖို့ရှိနေပါတယ်။

### အင်အားအတောင့်တင်းဆုံးပုံစံဖြင့် ပွဲထွက်လာမည်

ယခုပွဲစဉ်မတိုင်မီ ဒဏ်ရာရကစားသမားအနေနဲ့ ပီအက်စ်ဂျီအသင်းမှာ ဖလော်ရန်ဇီ၊ ဘားနက်၊ ကိန်း၊ နေမာတို့ရှိနေပြီး ပါဝင်ကစားဖို့ မသေချာပါဘူး။ ဘာစီလိုနာအသင်းမှာ ဖာတီ၊ ပီကေး၊ ကော်တင်ဟို၊ ရော်ဘတ်တိုတို့ ဒဏ်ရာကြောင့် ယနေ့ပွဲစဉ်ကို ပါဝင်ကစားဖို့ မသေချာပါဘူး။ ပီအက်စ်ဂျီအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ သုံးပွဲမှာ သုံးပွဲစလုံးနိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းအကောင်းဘက်ဦးတည်နေပါတယ်။ ဘာစီလိုနာအသင်းကလည်း နောက်ဆုံးလေးပွဲမှာ လေးပွဲစလုံး နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းအတက်ဘက်ရောက်နေပါတယ်။ ဒါကြောင့် ဒဏ်ရာရနေတဲ့ကစားသမားတွေကို ချန်လှပ်ပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ရေးအတွက် နှစ်သင်းစလုံး အင်အားအတောင့်တင်းဆုံးပုံစံကို အသုံးပြုကာ ပွဲထွက်လာဖွယ်ရှိတာကြောင့် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ ဘာစီလိုနာအသင်းအနေနဲ့ ယနေ့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိနိုင်ပေမယ့် ပထမအကျော့မှာ ဂိုးပြတ်ရရှိထားတဲ့ ပီအက်စ်ဂျီအသင်းက နောက်တစ်ဆင့် တက်သွားနိုင်ပါတယ်။

## နောက်ဆုံးရ သတင်းတိုများ

■ အာဆင်နယ်အသင်းသည် မာဆေးလ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော အသက် (၂၆နှစ်) အရွယ် အက်စ်တွန်ဗီလာ ခံစစ်ကစားသမားဟောင်း ဂျော်ဒန် အမာဗီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ချိန်ရွယ်နေကြောင်း သိရသည်။ အာဆင်နယ်နည်းပြ အာတီတာသည် နွေရာသီတွင် ဘယ်ခံစစ် ကစားသမားတစ်ဦးခေါ်ယူရန် ဆန္ဒရှိနေသောကြောင့် အဆိုပါ အပြောင်းအရွှေ့မှာဖြစ်မြောက်လာဖွယ်ရှိနေသည်။ ၎င်းသည် ယခုနှစ်ရာသီ လီဂူးဝမ်းတွင် မာဆေးလ်အသင်းအတွက် ၁၁ ပွဲ ပါဝင်ကစားခွင့်ရရှိထားသည်။

■ ဥရုဂွေးတိုက်စစ်မှူး အီဒီဆင် ကာဗာနီသည် ရာသီကုန်တွင် မန်ယူအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားပြီး ဘိုကာဂျူနီယာအသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိကြောင်း စပိန်အခြေစိုက်သတင်းအရင်းအမြစ်များတွင် ဖော်ပြထားသည်။ အသက် (၃၄နှစ်) အရွယ်ရှိ ကာဗာနီသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် မန်ယူအသင်းအတွက် ၁၈ ပွဲတွင် ခြောက်ဂိုးသွင်းယူပေးထားနိုင်သည်။



■ မန်ယူ၊ စပါးနှင့် လီဗာပူးအသင်းတို့သည် အသက် (၂၃နှစ်) အရွယ် ဖီအိုရင်တီးနားခံစစ်ကစားသမား နီကိုလာ မီလန်ကိုဗစ်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

■ ဝက်စ်ဟမ်းအသင်းခေါင်းဆောင် နိုဘယ်သည် အသင်းနှင့် တစ်နှစ်သက်တမ်းတိုးရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ကစားသမား၏ လက်ရှိစာချုပ်သက်တမ်းသည် ယခုနှစ်ကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်။

■ စပိန်လာလီဂါပွဲစဉ် (၂၆) အဖြစ် ရီးရဲဘက်တစ်နှင့် အလာဗက်စ်အသင်းတို့ပွဲစဉ်ကို မတ် ၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲဘက်တစ် အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရီးရဲဘက်တစ်အသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် ၄၂ မှတ် ဖြင့် အဆင့် (၆) နေရာတွင် ရပ်တည်နေသည်။

# စကရီနီယာ၏ သွင်းဂိုးနဲ့ အတ္တလန္တာကို အနိုင်ရရှိခဲ့တဲ့ အင်တာမီလန်




အင်တာမီလန်ကစားသမားများ အတ္တလန္တာအသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံနေမှုကို တွေ့ရစဉ်။

အီတလီစီးရီးအေပွဲစဉ် (၂၆) အဖြစ် အင်တာမီလန်နှင့် အတ္တလန္တာအသင်းတို့ပွဲစဉ်ကို မတ် ၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်တာမီလန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အင်တာမီလန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၅၄ မိနစ်တွင် စကရီနီယာက သွင်းယူပေးနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် အင်တာမီလန်အသင်းသည် ဒုတိယနေရာမှ အေစီမီလန်အသင်းကို အမှတ်ဆက်လက်ဖြတ်ထားနိုင်ရန်အတွက် ဟန်ဒါနိုဗစ်၊ စကရီနီယာ၊ ဘတ်စ်တိုနီ၊ ဟာကီမီ၊ ဘာရယ်လာ၊ ဘရိုဇိုဗစ်၊ ဗီဒယ်၊ ပါရီဆစ်၊ လူကာကူ၊ မာတီနက်ဇ်စသည့်ကစားများဖြင့် ပွဲထွက်လာခဲ့သည်။ အတ္တလန္တာအသင်းကလည်း ပြီးခဲ့သည့်ပွဲစဉ်မှ လူစာရင်းကို သုံးဦးအထိအပြောင်းအလဲပြုလုပ်ပြီး စပေါ်တီလို၊ ရိုမီရို၊ ဒီရွန်၊ ဖရူလာ၊ ပက်စီနာ၊ ဇပါတာစသည့် ကစားသမားများဖြင့် အင်တာမီလန်အသင်းကို ရင်ဆိုင်လာခဲ့သည်။

ပထမပိုင်းပွဲကစားချိန်အတွင်းနှစ်သင်းစလုံးအပြန်အလှန်ထိုးဖောက်မှုများရှိသော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။ ဒုတိယပိုင်းတွင် လူစားပြောင်းလဲမှုကို အတ္တလန္တာအသင်းက စတင်ပြုလုပ်ခဲ့ပြီး မာလီနိုဗက်စကီး၏ နေရာကို အီလီဆစ် ဝင်ရောက်လာခဲ့သည်။ သို့သော်လည်း ပွဲချိန် ၅၄ မိနစ်တွင် အင်တာမီလန်အသင်း ဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို ဘတ်စ်တိုနီ၏ ဖန်တီးပေးမှုမှတစ်ဆင့် စကရီနီယာက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံးဂိုးကန်သွင်းခွင့် ရရှိခဲ့သော်လည်း ဂိုးပေါက်တည့်မတ်မှုမရှိခဲ့ခြင်း၊ ဂိုးသမားများ၏ ကာကွယ်နိုင်မှုတို့ကြောင့် လိုအပ်နေသည့် ဂိုးများကို မမြင်တွေ့ခဲ့ရခြင်းဖြစ်သည်။

အင်တာမီလန်အသင်းသည် ယနေ့ပွဲစဉ်တွင် အတ္တလန္တာအသင်းဘက်သို့ စုစုပေါင်းဂိုးကန်သွင်းမှု ငါးကြိမ်သာရှိပြီး တစ်ကြိမ်သာ ဂိုးပေါက်တည့်မတ်ခဲ့သည်ကို တွေ့ရသည်။ အတ္တလန္တာအသင်းက ဂိုးကန်သွင်းမှု စုစုပေါင်း ၁၃ ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု သုံးကြိမ်အထိ ရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ချေ။

အင်တာမီလန်အသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် စီးရီးအေ (၂၆) ပွဲကစားပြီးချိန်တွင် ဒုတိယနေရာမှ အေစီမီလန်အသင်းထက် ခြောက်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဆက်လက် ဦးဆောင်ထားနိုင်သည်။ အတ္တလန္တာအသင်းက ယနေ့ပွဲစဉ် ရှုံးနိမ့်မှုကြောင့် ၂၆ ပွဲကစားပြီး ၄၉ မှတ်ဖြင့် အဆင့် (၅) နေရာတွင် ရပ်တည်နေသည်။ ယနေ့ပွဲစဉ်တွင် ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့သော အင်တာမီလန်အသင်းမှ ဟန်ဒါနိုဗစ်သည် စီးရီးအေ (၂၆) ပွဲတွင် ဂိုးမပေးရသည့်ပွဲ ၁၀ ပွဲအထိ ရှိလာပြီဖြစ်သည်။ အင်တာမီလန်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် တိုရီနိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အတ္တလန္တာအသင်းက လာမည့်ပွဲစဉ်အဖြစ် စပီဇီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# လိဒ်စ်အသင်းကို အနိုင်ယူပြီး ချန်ပီယံလိဂ်ဝင်ခွင့် အားကောင်းလာတဲ့ ဝက်စ်ဟမ်းအသင်း

ပရီမီယာလိဂ်ပွဲစဉ် (၂၇) အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် လိဒ်စ်အသင်းတို့ပွဲစဉ်ကို မတ် ၉ ရက် နံနက်ပိုင်းက ဝက်စ်ဟမ်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်စ်ဟမ်းအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဝက်စ်ဟမ်းအသင်းအတွက် ဂိုးများကို လင်ဂတ်နှင့် ဒေါ်ဆင်တို့က သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော လင်ဂတ်သည် ဝက်စ်ဟမ်းအသင်းအတွက် ခြောက်ပွဲတွင် လေးဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိခဲ့မှုကြောင့် အဆင့် (၄) နေရာမှ ချယ်ဆီးအသင်းနှင့် ရမှတ်ကွာဟမှု နှစ်မှတ်သာရှိတော့သည်။ ချယ်ဆီးအသင်းက ဝက်စ်ဟမ်းအသင်းထက် တစ်ပွဲပိုကစားထားပြီး ရမှတ် ၅၀ ဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်နေခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်တွင် လိဒ်စ်အသင်းသည် ဝက်စ်ဟမ်းအသင်းဘက်သို့ ဖိအားပေးကစားနိုင်ခဲ့သော်လည်း လိုအပ်နေသည့် အနိုင်ရလဒ်ကို ဖော်ဆောင်နိုင်ခြင်း မရှိခဲ့ချေ။ ဝက်စ်ဟမ်းအသင်းသည် လာမည့်ပွဲစဉ်အဖြစ် မတ် ၁၅ ရက်တွင် အသင်းကြီး မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။




ဝက်စ်ဟမ်းအသင်းမှ လင်ဂတ် လိဒ်စ်အသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။

■ အောင်ဇော် – စုစည်းသည်




# နွေရာသီတွင် ရာဖင်ဟာကို ခေါ်ယူဖွယ်ရှိနေသည့် မန်ယူ

မန်ယူအသင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် လိဒ်စ် အသင်းမှ တောင်ပံကစားသမား ရာဖင်ဟာကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။ အသက် (၂၄နှစ်) အရွယ် ဘရာဇီးတောင်ပံကစားသမား ရာဖင်ဟာသည် ယခုနှစ်ရာသီ လိဒ်စ် အသင်းတွင် ခြေစွမ်းပြကစားနေသည့် ကစားသမားတစ်ဦးဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် လိဒ်စ်အသင်းအတွက် ၂၂ ပွဲပါဝင်ကစားခွင့်ရရှိထားပြီး ငါးဂိုးသွင်းကာ ဂိုးရရှိအောင် ငါးကြိမ်ထောက်ပံ့ပေးထားနိုင်သည်။ လိဒ်စ်အသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ၂၇ ပွဲကစားပြီး ၃၅ မှတ်ဖြင့် အဆင့် (၁၁) နေရာတွင် ရပ်တည်နေသည်။ လိဒ်စ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် မတ် ၁၃ ရက်တွင် ချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# တကယ်တော့ နိုင်ငံရေးခံယူချက်နဲ့ အစကတော့ ဒီCDM လှုပ်ရှားမှုမှာ ပါဝင်ခဲ့တာပါ။ အဲဒီအပေါ်မှာ နိုင်ငံရေးအမြတ်ထုတ်သူတွေက အခွင့်အရေးယူလာကြတယ်

ကိုမျိုးမြင့်

## အင်တာဗျူး – ထိုက်အောင်ဝင်း

CDM ( Civil Disobedience Move-ment) လှုပ်ရှားမှုကို အကြောင်းပြုကာ ပြည်သူအများသွားလာနေသော လမ်းမများပေါ်တွင် ပိတ်ပင်တားဆီးမှုများ လုပ်ဆောင်နေခြင်း၊ ရုံးတက်နေသော ဝန်ထမ်းအများစုနှင့် ပြည်သူများအား အနှောင့်အယှက်ပေးနေခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များ နှင့် ပတ်သက်၍ လတ်တလော ကြုံတွေ့ခံစားနေရသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကို ပြန်လည်မျှဝေရေးသားဖော်ပြလိုက်ပါသည်။

### အဖျက်အမှောင့်လုပ်ရပ်တွေကို အားမပေး

“ကိုဗစ် – ၁၉ ကပ်ရောဂါ ကာလရော၊ နိုင်ငံရေးဖြစ်စဉ် CDM လှုပ်ရှားမှုကာလတွေမှာပါ ကျွန်တော်တို့ ဆိုင်တွေက ပြည်သူတွေအတွက် ဖွင့်လှစ်ရောင်းချပေးနေပါတယ်။ တစ်ခုတော့ ရှိတာပေါ့၊ ကိုဗစ်–၁၉ ကပ်ရောဂါကာလမှာဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ရောင်းချပေးခဲ့တယ်။ အခု CDM လှုပ်ရှားမှုကာလမှာလည်း ဆိုင်အားလုံး လာမဖွင့်တောင် အများစုကတော့ လာဖွင့်ကြတာ တွေ့ရတယ်။ ပြီးတော့ ကျွန်တော်တို့ ဆိုင်ဝန်းကျင်လမ်းတွေက တခြားလမ်းတွေလို ကာဆီးပိတ်ထားတာမရှိတော့ အဆင်ပြေပါတယ်။ ကျွန်တော်တို့လို စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ကတော့ လမ်းတွေပိတ်၊ မီးတိုင်တွေ ချိုး၊ ဖုန်းကြိုးတိုင်တွေဖျက် အဲဒီလို အဖျက်အမှောင့်လုပ်ရပ်တွေကို အားမပေးပါဘူး။ နိုင်ငံရေးဖြစ်စဉ်နဲ့ ဒီလုပ်ငန်းတွေက ထိရာတခြား ရှရာတခြား ဖြစ်နေသလိုပဲ။ ဘယ်လူမျိုး၊ ဘယ်ဘာသာ၊ ဘယ်အယူဝါဒကပဲ ကြည့်ကြည့် လျော်ကန်မှုမရှိဘဲ တကယ်မလုပ်သင့်၊ မလုပ်ထိုက်တာပါ။

### အတူယှဉ်တွဲ ပေါင်းဖက်လုပ်ကိုင်

“တိုင်းပြည်တစ်ပြည် အရှိန်အဟုန်နဲ့ စီးပွားရေးကောင်းချင်တယ်၊ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ချင်တယ်ဆိုရင် ပြည်သူတွေအများစုက လိုက်ပါပြောင်းလဲမှ အဆင်ပြေမယ်လို့မြင်ပါတယ်။ ပြည်သူ အများစု လိုလားတောင့်တနေတာက ဒီမိုကရေစီ၊ အထူးသဖြင့် CDM လှုပ်ရှားမှုကို အားပေးအားထားပြုနေတဲ့သူတွေ လိုချင်နေတဲ့ ဒီမိုကရေစီ၊ ဒီမိုကရေစီနဲ့ တတွတ်တွတ် အော်ဟစ်နေပေမယ့် တကယ်တမ်းသူတို့လုပ်ရပ်တွေက ပြောင်းပြန်ဖြစ်နေတယ်။ ကျွန်တော့် တစ်ဦးတစ်ယောက်အမြင်ပြောရရင် တိုင်းပြည်တစ်ပြည်မှာ အုပ်ချုပ်မှုပိုင်းတာဝန်ယူထားတဲ့ အစိုးရအဖွဲ့ရော၊ ကာကွယ်ရေးအပိုင်းမှာ တာဝန်ယူထားတဲ့ အဖွဲ့အစည်းတွေဟာ မျဉ်းပြိုင်သဖွယ် တက်ညီလက်ညီ အတူ ယှဉ်တွဲပေါင်းဖက်လုပ်ကိုင်မှ အဆင်ပြေမယ်လို့ မြင်တယ်။ ကျွန်တော် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအနေနဲ့ စိတ်ထဲကဆန္ဒအမှန်ကို ပြောရရင်တော့ တိုင်းပြည်မြန်မြန် အေးချမ်းစေချင်တယ်။ အခုလို လမ်းတွေပိတ်၊ အဖျက်အမှောင့်လုပ်ရပ် တွေကို မမြင်ချင်၊ မတွေ့ချင်တော့ပါဘူး” ဟု ရန်ကုန်မြို့ရှိ လူသုံးကုန်ပစ္စည်းများ အရောင်းဆိုင်ပိုင်ရှင် ဟာဂျီ ဦးလှမြင့်သန်း (အမည်လွှဲ) က သူ၏အမြင်ကို ပြောပြသည်။

ယခုအခါ ရန်ကုန်မြို့၌ အရောင်းစင်တာများ၊ ဈေးများ ဖွင့်လှစ်ရောင်းချလျက်ရှိသော်လည်း CDM လှုပ်ရှားမှုနှင့်အတူ အဖျက်အမှောင့်လုပ်ရပ်များပါ တွဲပါလာမှုကြောင့် အချို့အရောင်းစင်တာများမှာ ပိတ်ထားသည်အထိ အခြေအနေဖြစ်ပေါ်နေသည်။ ယင်းအဖျက်အမှောင့်လုပ်ရပ်များမှ လမ်းမများနှင့် လမ်းသွယ်များအား ပိတ်ဆို့နေမှုသည် ကားများ၊ စက်ဘီးများ၊ အနေးယာဉ်များအပါအဝင် တချို့နေရာများ၌ ပြည်သူအများ သွားလို့ပင်မရအောင် တားဆီးပိတ်ပင်ထားသည်ကို တွေ့မြင်နေရသည်။

### အကြိမ်ကြိမ် စဉ်းစားပါသေးတယ်

များမကြာမီ ရက်ပိုင်းမှ CDM လှုပ်ရှားမှုထဲ ဝင်ရောက်လာသော ဌာနဆိုင်ရာတစ်ခုမှ ဦးစီးအရာရှိ ဒေါ်ခင်နွယ် (အမည်လွှဲ)ကလည်း “ ကျွန်မက CDM လှုပ်ရှားမှုမှာ ပါဝင်တာ အခုရက်ပိုင်းလေးပဲရှိသေးတယ်။ တစ်ကျော့ပြန်ဝင်တယ်လို့ ပြောရင်လည်းရပါတယ်။ ကျွန်မ ဖေဖော်ဝါရီလဆန်းပိုင်းတုန်းကစပြီး CDM လှုပ်ရှားမှုထဲ ဌာနတွင်း သူငယ်ချင်းတွေနဲ့ စဝင်လိုက်သေးတယ်။ နောက်ရက်မှာပဲ ကျွန်မလူကြီးက နားချလို့ ဖေဖော်ဝါရီလကုန်အထိ အလုပ်ပြန်ဆင်းဖြစ်ခဲ့တာ။ အခု CDM လှုပ်ရှားမှုမှာ တစ်ခါပြန်ဝင်တာပါ။ အကြိမ်ကြိမ် စဉ်းစားပါသေးတယ်။ ဝင်ရင်ကောင်းမလား၊ မဝင်ရင်ကောင်းမလားပေါ့။ နောက်ဆုံး သူငယ်ချင်းတွေကလည်း ဝိုင်းပြီးပြောဆိုကြတာနဲ့ အခုလို CDM လှုပ်ရှားမှုမှာ ပါဝင်ဖြစ်သွားတာပါ။ ရုံးမှာဆို ဒီအချိန်အလုပ်ဆင်းနေရပြီပေါ့။ ခုတော့ အိမ်မှာတစ်ယောက်တည်း ငေါင်တောင်တောင်ကြီး၊ ဒါတောင်ရက်ပိုင်းပဲ ရှိသေးတယ်။ နောက်တော့ ဘယ်လိုလာမလဲ မသိသေးပါဘူး။ အမေကလည်း ပြောပါတယ်။ နောင်မှ နောင်တမရနဲ့တဲ့။ ဒါပေမယ့် လွန်သွားပြီလေ။ အခုချိန်မှ ဌာနထဲပြန်ဝင်ရင်လည်း ဝိုင်းပြောကြတော့မယ်။

### တည်တည်တံ့တံ့အလုပ်လေးတစ်ခု

“တကယ်တော့ ခုချိန်မှာက ဆုပ်လည်းစူး၊ စားလည်းရှူးဖြစ်တော့မယ့် အခြေအနေ ရောက်နေတာ။ ကျွန်မ ဝန်ထမ်းဘဝကို တကယ်ပဲ မြတ်နိုးပါတယ်။ မြတ်နိုးလို့လည်း မရမက ဝန်ထမ်းဖြစ်အောင် ကြိုးစားခဲ့ရတာပါ။ ဒါပေမယ့် ခုချိန်မှာ သူများမိုးခါးရေ သောက်တော့လည်း လိုက်သောက်သလိုတော့ ဖြစ်သွားမိပြီ။ ကျွန်မရဲ့ အားနည်းချက်က သူများတွေ ဝိုင်းပြောကြတာ၊ ဝေဖန်ကြတာကို မခံစားနိုင်ဘူး။ အဲဒါကြောင့်လည်း နောက်ဆုံး အခုလိုအချိန်မျိုးမှ CDM လှုပ်ရှားမှုထဲ ဝင်မိသွားတာပါ။ အခုလို ဝင်ဖြစ်သွားတာကလည်း အွန်လိုင်းပေါ်မှာ လိုင်းဖွင့်လို့ သူငယ်ချင်းတွေနဲ့ စကားပြောလိုက်တာနဲ့ ဝိုင်းပြောကြတာကို မခံနိုင်ဖြစ်သွားတာ။ မတတ်နိုင်တော့ဘူးလေ။ ကျွန်မအလုပ်သစ်တစ်ခုကို ထပ်ရှာပြီး လုပ်ရတော့မှာပေါ့။ အိမ်က ပိုက်ဆံရတာ၊ မရတာထက် မိန်းကလေးဆိုတော့ တည်တည်တံ့တံ့ အလုပ်လေးတစ်ခုရှိစေချင်တာ။ အမေဆို ခဏခဏ ပြောတယ်။ အခုတော့ အမေ့စိတ်ကူးအိပ်မက်ကို ဖျက်ဆီးမိသလို ဖြစ်သွားခဲ့ပြီ။ တကယ်တော့ ဒီ CDM လှုပ်ရှားမှုက တော်တော်လေးကို စိတ်ဒုက္ခပေးပါတယ်” ဟု ဖွင့်ဟခဲ့သည်။

ယခုအခါ ဝန်ကြီးဌာနများအောက်ရှိ ဌာနအသီးသီးတွင် CDM လှုပ်ရှားမှု၌ ပါဝင်သော ဝန်ထမ်းများအား ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ နိုင်ငံရေးအမြတ်ထုတ်သူများ၏ CDM လှုပ်ရှားမှုသို့ လွဲမှားစွာ ဝင်ရောက်မှုမရှိစေရန်နှင့် သွေးဆောင်ဖြားယောင်းမှုကို မယုံကြည်ကြစေရန် နိုင်ငံတော်အဆင့် အကြီးအကဲများအပါအဝင် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက အကြိမ်ကြိမ်နားချခဲ့သည်။ တစ်ဖန် CDM လှုပ်ရှားမှုတွင် ပါဝင်ထားသူများကိုလည်း သတ်မှတ်ကာလ အတိုင်းအတာတစ်ခုအထိ ခွင့်ပြုထားပြီး လုပ်ငန်းခွင်အတွင်း အမြန်ဆုံးပြန်လည်ဝင်ရောက်လုပ်ကိုင်ကြရန် သည်းခံစောင့်ဆိုင်းမေတ္တာရပ်ခံခဲ့ပြီးဖြစ်သည်။

### နိုင်ငံရေးအမြတ်ထုတ်သူတွေက အခွင့်အရေးယူ

“ကျွန်တော်က အခု ရုံးမှာ အလုပ်ပြန်ဆင်းနေပါပြီ။ ပြောရရင် ရုံးဆင်းနေတာ တစ်ပတ်နီးပါးတောင် ရှိတော့မယ်။ CDM လှုပ်ရှားမှုကို ဖေဖော်ဝါရီလလယ်လောက်က ပါဝင်ခဲ့တာပါ။ ဒီကနေ့ CDM လှုပ်ရှားမှုကနေ တရားဝင်နုတ်ထွက်ခဲ့တယ်။ ဘာလို့လဲဆိုရင် ကျွန်တော်တို့ကို စပြောတုန်းက နေစရာဘယ်လိုလုပ်ပေးမှာ၊ ထောက်ပံ့ငွေက တစ်လကို ဘယ်လောက်ထိ ထောက်ပံ့မှာ၊ အခု အလှူရှင်တွေက ဘယ်လောက်ထိ ထောက်ပံ့ပေးထားပြီ။ အမျိုးမျိုးအဖုံဖုံပြောပြီး CDM လှုပ်ရှားမှုမှာ ပါဝင်ဖို့ပြောတယ်။ ပါဝင်ပြီးနောက်ပိုင်းလည်းကျရော အရေအတွက်ထပ်တိုးအောင် စည်းရုံးပါဦး၊ သူငယ်ချင်းတွေ ရုံးမတက်အောင် လုပ်ဖို့တွေကအစ ဇွတ်အတင်းလုပ်ခိုင်းတယ်၊ တကယ်တော့ နိုင်ငံရေးခံယူချက်နဲ့ အစကတော့ ဒီCDM လှုပ်ရှားမှုမှာ ပါဝင်ခဲ့တာပါ။ အဲဒီအပေါ်မှာ နိုင်ငံရေးအမြတ်ထုတ်သူတွေက အခွင့်အရေးယူလာကြတယ်။

“ရုံးပြန်တက်တော့ လူကြီးတချို့ကတော့ လှိုက်လှိုက်လှဲလှဲနဲ့ ကြိုဆိုကြပါတယ်။ တချို့ လုပ်ဖော်ကိုင်ဖက်တွေကျတော့လည်း အမြင်တစ်မျိုးဖြစ်သွားကြတာပေါ့။ ကျွန်တော်ကတော့ ဘယ်သူ့ကိုမှ အပြစ်မပြောလိုပါဘူး။ ဘယ်သူမပြု မိမိမှုပဲလေ။ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်မိတယ်။ အိမ်က အမျိုးသမီးနဲ့ မိသားစုကလည်း အစကတည်းက CDM လှုပ်ရှားမှုမှာ ပါဝင်တာကို သဘောတူခဲ့တာ မဟုတ်ဘူး။ သူတို့ကလည်း အိမ်ထောင်ဦးစီးဖြစ်တဲ့ ကျွန်တော့်ကိုပဲ အစစအရာအရာ အားကိုးနေရတော့ အခုလို အလုပ်ပြန်ဝင်တာကို တစ်မိသားစုလုံးက ဝမ်းသာနေကြတယ်။ တကယ်တော့ ကျွန်တော်တစ်ခုခုဖြစ်ရင် မိသားစုတစ်ခုလုံး ယိမ်းယိုင်သွားမှာ၊ အမှားသိလို့ အချိန်မီ အမှန်ကိုပြင်နိုင်ခဲ့တာ၊ ကျွန်တော်ကတော့ ကျေနပ်ပါတယ်” ဟု ဝန်ကြီးဌာနတစ်ခုမှ ဦးစီးမှူး ကိုမျိုးမြင့် (အမည်လွှဲ)က ရင်ဖွင့်ခဲ့သည်။

နိုင်ငံတစ်ဝန်း အဖျက်အမှောင့် လုပ်ရပ်များသည် ပြည်သူများလိုလားတောင့်တနေသော ဒီမိုကရေစီ လမ်းကြောင်းနှင့် ဆန့်ကျင်နေသည်။ အထူးသဖြင့် ဝန်ထမ်းများအား မက်လုံးအမျိုးမျိုးပေးကာ CDM လှုပ်ရှားမှုတွင် ပါဝင်ပါက ဘယ်လိုတွေ အကျိုးခံစားရမည်၊ ဘယ်လိုတွေ ထောက်ပံ့ပေးသွားမည်ဆိုသူများသည် နိုင်ငံရေးအမြတ်ထုတ်လုပ်စားသူများ၏ လယ်ပြင်မှာ ဆင်သွားသလို ထင်သာမြင်သာ တွေ့မြင်နေရသည်။

> “ပြည်သူအများစု လိုလားတောင့်တနေတာက ဒီမိုကရေစီ၊ အထူးသဖြင့် CDM လှုပ်ရှားမှုကို အားပေးအားထားပြုနေတဲ့သူတွေ လိုချင်နေတဲ့ ဒီမိုကရေစီ၊ ဒီမိုကရေစီနဲ့ တတွတ်တွတ် အော်ဟစ်နေပေမယ့် တကယ်တမ်းသူတို့ လုပ်ရပ်တွေက ပြောင်းပြန်ဖြစ်နေတယ်”

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၂၀၅၁)၊ ဧရိယာ ၀ဒသမ၀၈၂ ဧကရှိ ဦးကျော်မျိုးလင်း အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မြင့်မြင့်နိုင်(ဘ)ဦးကြင်စိန် ၁၂/မရက(နိုင်)၀၀၂၂၆၄ မှ မြေပေးမိန့် နှစ်ဦးသဘောတူ အရောင်းအ၀ယ်စာချုပ်၊ မြို့နယ်စည်ပင်သာယာ တရားရုံးကျမ်းကျိန်လွှာအမှတ်(၂၀၉/၂၀၂၁) နှစ်ဦးသဘောတူ ကတိ၀န်ခံချက်၊ လျှောက်ထားသူ၏ ၀န်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရား၀င်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**သင့် စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်း သတင်းစာ တွင် ကြော်ငြာစို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးစိန်လှိုင်(ငြိမ်း)
### ကြည်း-၁၀၂၆၉(OTS-30)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ သီရိမွန်ပလာဇာ(၄)လမ်း၊ အမှတ်(၁၁)နေ (ဒေါ်သန်းယဉ်)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးစိန်လှိုင်(ငြိမ်း)သည် ၇-၃-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၁၁:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS(30)ကျောင်းဆင်းအရာရှိများနှင့်ဇနီးများ**

---

## ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(မွမ်းမံ)ချန်လှပ်ရန်ပုံငွေနှင့် နိုင်ငံတော်ထောက်ပံ့(ယူနီဆက်ပူးပေါင်း) ရန်ပုံငွေများဖြင့် ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ကျောက်တော်၊ မောင်တော၊ သံတွဲ၊ တောင်ကုတ်မြို့နယ် (၆)မြို့နယ်တွင် ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု (မွမ်းမံ) ချန်လှပ်ရန်ပုံငွေနှင့် နိုင်ငံတော်ထောက်ပံ့ (ယူနီဆက်ပူးပေါင်း) ရန်ပုံငွေများဖြင့် မြို့နယ်(၆)မြို့နယ်တွင် တင်ဒါခေါ်ယူဆောင်ရွက်မည့် လုပ်ငန်းများစာရင်း-

| | | |
|---|---|---|
| (က) | လက်တူးတွင်း | - (၅) တွင်း |
| (ခ) | မြေသားရေကန်အနက်နှိုက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း | - (၅) ခု |
| (ဂ) | ရေပိုက်လိုင်းပြုပြင်သွယ်တန်းခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်း | - (၂) ခု |

၃။ တင်ဒါလျှောက်လွှာပုံစံများကို ၁၁-၃-၂၀၂၁ ရက်မှ ၇-၄-၂၀၂၁ ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၉-၄-၂၀၂၁ ရက် ညနေ၄:၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည် ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ကြိုတင်အကြောင်းကြားပေးမည် ဖြစ်ပါသည်။

၄။ တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာမှာ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၊ ဆတ်ရိုးကျရပ်ကွက်၊ ရွှေမင်းဂံဆိပ်ကမ်းသွားလမ်း၊ စစ်တွေမြို့ဖြစ်ပါသည်။

၅။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိပါက ၁၀-၃-၂၀၂၁ ရက်မှစ၍ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ဖုန်းနံပါတ်- ၀၉-၄၂၁၇၁၀၃၂၂၊ ၀၉-၅၆၈၀၃၆၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကယားပြည်နယ်၊ ဖရူဆိုမြို့နယ် အနောက်ဘက်ခြမ်းရှိ ဟိုယာကျေးရွာအုပ်စုမှ ကျေးရွာ(၆)ရွာတွင် ဆောင်ရွက်မည့်အောက်ပါလုပ်ငန်းအတွက် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **လုပ်ငန်းအမည်** | - (၁၀)ကျပ်သားအရွယ် ဝဥမျိုးဥ ပိဿာချိန်ပေါင်း(၁၂၀၀)ဝန်းကျင်ခန့် ဝယ်ယူခြင်းနှင့် စိုက်ပျိုးနည်းပညာ ပံ့ပိုးပေးခြင်း။ |
| (ခ) | **တင်ဒါစတင်ခေါ်ယူမည့်ရက်** | - ၁၁-၃-၂၀၂၁ ရက် |
| (ဂ) | **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၁၈-၃-၂၀၂၁ ရက် ညနေ (၄) နာရီ |

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်ဖုန်း- ၀၉-၄၄၈၁၀၇၄၈၃၊ ၀၉-၇၈၈၅၃၈၅၀၈

**တင်ဒါခေါ်ယူရေးကော်မတီ**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
### (ရေအရင်းအမြစ်)
### မကွေးတိုင်းဒေသကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ မကွေးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး နှစ်အတွင်း ပထမအကြိမ် တင်ဒါခေါ်ယူရာတွင် အောင်မြင်မှု မရှိခဲ့သော 7.5 MVA 66/11 kV Transformer (1-No)အား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

| | | |
|---|---|---|
| ၁။ | အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်ရက် | - ၁၂-၃-၂၀၂၁ရက်မှ ၂၅-၃-၂၀၂၁ရက်အထိ (ရုံးချိန်အတွင်း) |
| ၂။ | တင်ဒါပုံစံ ရောင်းချမည့်နေရာ | - ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(ရေအရင်းအမြစ်)မကွေးတိုင်းဒေသကြီးရုံး၊တောင်တွင်းလမ်းနှင့် အဝေရာလမ်းထောင့်၊ မကွေးမြို့ |
| ၃။ | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက် | - ၉-၄-၂၀၂၁ရက် ညနေ ၃နာရီ |

၄။ သတ်မှတ်ရက်၊ သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို မကွေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ရေအရင်းအမြစ်)တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ သော်လည်းကောင်း၊ ဖုန်း ၀၆၃-၂၀၂၃၁၈၇၊ ၀၉-၅၃၄၂၀၁၇နှင့် ၀၉-၈၇၁၄၀၄၅၁၄တို့သို့ ဆက်သွယ်၍ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## အမည်မှန်

မိုင်းခတ်မြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးစိုင်းရွက်၏သား စိုင်းဝန်းဟိန်း ၁၃/မခန(နိုင်)၀၂၅၂၃၀ သည် အိမ်ထောင်စုစာရင်းတွင် စိုင်းဝင်းဟိန်း ဖြစ်နေပါ၍ အမည်မှန်မှာ စိုင်းဝန်းဟိန်းဖြစ်ပါကြောင်း။ **စိုင်းဝန်းဟိန်း**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်းဒါယကာ
## ဦးယိုအင်စွန်(ခ)ဦးခွေးလေး
### (သီတာဦးပွဲရုံ)
### အသက်(၉၁)နှစ်

ဒေါ်ကျင်မေ၏ခင်ပွန်း၊ ဦးအောင်သောင်း- ဒေါ်Sandra Taikwel၊ ဒေါ်နွယ်နွယ်အေး၊ ဦးChau-ဒေါ်ခင်ဝင်းသူ၊ ဦးဝင်းကြည်-ဒေါ်သီတာမေ၊ ဦးအောင်မျိုးသိန်း(Adrian)-ဒေါ်ဥမ္မာဝေတို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ Dr. Lawrence Thawng Voom Thang၊ မောင် Andrew Bawi Lian Uk၊ Dr. Christopher San Mang၊ မဖွေးဆုသူ(Hilarie)နောက်ဆုံးနှစ် M.B.,B.S၊ မောင် Matthew A' Tike တို့၏ ချစ်လှစွာသော အဘိုးသည် ၈-၃-၂၀၂၁ ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၂၈ နာရီတွင် ပန်းလှိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိန်ဝင်း(ခ)ကောင်ကုန်လီ
### အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ အမှတ်(၅)၊ ဩဘာလမ်းနေ (ကောင်တီချင်း-စုအဝိန်)တို့၏သား၊ (ဦးစစ်ဆိုင်-ဒေါ်ကျင်ယူ)တို့၏သားသမက်၊ (ဒေါ်ခင်လှ)၏ခင်ပွန်း၊ ဦးကြင်သိန်း-ဒေါ်လှလှအေး၊ ဦးမြစိုး-ဒေါ်အေး အေးမူ၊ ဦးကျင်စိန်၊ ဒေါက်တာဒေါ်နွဲ့နွဲ့ဝင်း၊ ဦးသန်းကျော်-ဒေါ်လှလှညွန့်(၂၆၂၃၉၃) သိမ်ကြီးဈေး(ဘီ)ရုံ၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်မြမြဝင်း၊ ဦးလှသန်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး(၁၀)ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၈-၃-၂၀၂၁ရက် (တနင်္လာနေ့) ည၉:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဒေါ်တင်တင်ကြူ
### စား/ထွေ ကုန်သွယ်ရေး
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ်(၂၅၄)၊ အခန်း(၁၄)၊ အရှေ့ရန်ကင်း(၂)ရပ်ကွက်နေ (ဦးဟန်စိန်-ဒေါ်အန်ထို)တို့၏သမီး၊ သနပ္ပင်မြို့နယ်နေ (ဦးအေးဖေ-ဒေါ်မြ)၊ (ဒေါ်သန်းကြည်)တို့၏သမီးချွေးမ၊ ဦးခင်မောင်စိုး-ဒေါ်မာလွင်ဦး၊ ဒေါက်တာဘဟန် (ပါမောက္ခချုပ်၊ မိတ္ထီလာတက္ကသိုလ်)-ဒေါက်တာမြတ်လှဝေ (တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ကျောက်ဆည်တက္ကသိုလ်)၊ ဦးကျော်မင်းဟန်-ဒေါ်ဆင့်ဆင့်ထွေး၊ (ပတ္တမြားအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ စမ်းချောင်း)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ကောင်းမြတ်စံ၊ မရင်မြတ်နိုးခင်၊ မောင်လင်းထက်ဟန်တို့၏ ဘွားဘွားကြီး၊ ဦးစိန်လွင် မန်နေဂျာ(ငြိမ်း) စား/ထွေ ကုန်သွယ်ရေး၏ဇနီးသည် ၈-၃-၂၀၂၁ရက် ည၉:၄၅နာရီတွင် မိတ္ထီလာတက္ကသိုလ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၂၁ ရက် နံနက်၁၀နာရီတွင် ကြာအင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ရဟန်း ဒါယိကာမကြီး
## ဒေါ်ကြည်သိန်း
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြခင်းစုရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၅)နေ (ဦးချိတ်-ဒေါ်သန်းတင်)တို့၏သမီး၊ (ဒေါ်တရုတ်မ)၊ (ဒေါ်တင်မြင့်)တို့၏ညီမ၊ (ဦးစိုးလှိုင်)၊ ဒေါ်မြင့်သိန်း၊ ဦးဝင်းတင်-ဒေါ်မြမြတို့၏အစ်မ၊ ဘဒ္ဒန္တ ကဝိန္ဒ(ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ၊ စာချ ဓမ္မကထိက) စဥ့်ကိုင်မြို့နယ်၊ မင်းကိုင်း မဟာစည်သာသနာ့ရိပ်သာ၏ မယ်တော်၊ (ဦးထွန်းဟန်)၏ဇနီး၊ ဦးရဲလွင်-ဒေါ်နန်း ဟွမ်၊ ဒေါ်သီသီမာ၊ ဦးဝင်းလွင်ဦး-ဒေါ်ဆွေဆွေတင်၊ ဦးသိန်းသန့်သိန်း-ဒေါ်လွင်လွင်မာ၊ ဦးအောင်နိုင်ထွန်း-ဒေါ်လတ်လတ်မင်းတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၈-၃-၂၀၂၁ရက် (တနင်္လာနေ့) ည ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၂၁ရက်(သောကြာနေ့)နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ် (Stay at home)”တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)”**ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေ တပ်ဆင်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေး ပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှု ကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

---




**အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇-၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄-၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်**




**အိမ်တွင်း အကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်၍ ဥပဒေအကြံဉာဏ်ရယူလိုပါက ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ)၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ်အကူအညီ ရယူနိုင်ပါသည်**

# တိုင်းဒေသကြီး / ပြည်နယ်တို့၌ COVID- 19 ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**နေပြည်တော် မတ် ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ကာကွယ်ဆေးရရှိမှု အပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များ ရေးဆွဲပြီး ကာကွယ်ဆေး ထိုးနှံပေးမည့် လူအုပ်စုများ သတ်မှတ်၍ ထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။


မြန်မာနိုင်ငံသို့ ရောက်ရှိပြီးဖြစ်သော ကာကွယ်ဆေး အရေအတွက် ၃ ဒသမ ၅ သန်းအနက် ၁ ဒသမ ၆၄၄ သန်းကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေထားရှိပြီးဖြစ်သည်။

အဆိုပါကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကာကွယ်ဆေးများကို အအေးလမ်းကြောင်းမပျက် ထိန်းသိမ်းစီမံထုတ်ယူ၍ သိုလှောင်ဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးထိုး အဖွဲ့များဖွဲ့စည်း၍ ကာကွယ်ဆေးထိုးစုရပ်များစီစဉ်ခြင်း၊ ကာကွယ်ဆေး *စာမျက်နှာ ၁၁ ကော်လံ ၁* ❒



ဆရာတော်တစ်ပါးအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။

# ဒလမြို့နယ်သို့ နေ့စဉ်ရေဂါလန် ၃ ဒသမ ၃ သန်း ပေးဝေနိုင်ရေး ရန်ကုန်မြို့တော်စည်ပင်က ကြိုးပမ်းဆောင်ရွက်




**ရန်ကုန် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်သို့ ရေလုံလောက်စွာ ပေးဝေနိုင်ရေးစီမံကိန်းကို ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် အကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် ဒလမြို့နယ်ရှိ ရေသုံးစွဲသူပြည်သူများထံသို့ နေ့စဉ် ရန်ကုန် ပေါက်ရေပေးဝေရေးစခန်းမှ နေ့စဉ်ရေဂါလန် ၁ သန်းပေးဝေလျက်ရှိသည့် ရေပမာဏအပြင် ရေဂါလန် ၃ ဒသမ ၃ သန်း ပိုမိုပေးဝေနိုင်မည်ဖြစ်သည်။ ထို့ပြင် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးမြို့နယ်များသို့ သောက်ရေသန့်များကို ရေသန့်ဘူးများ၊ ရေကားများဖြင့်နေ့စဉ် ရေဂါလန် ၆၆၀၀၀ ကို ဖြန့်ဖြူး ရောင်းချပေးနိုင်မည်ဖြစ်သည်။

ဂျပန်အစိုးရထံမှ အထောက်အပံ့ ရရှိနိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ၂၀၁၅ ခုနှစ်မှစတင်၍ မြေပြင်ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများကို သုံးနှစ်ကြာဆောင်ရွက်ခဲ့သည်။ ဒလမြို့နယ် ရေပေးဝေရေးစီမံကိန်းသည် တွံတေးမြို့နယ် တွံတေးတူးမြောင်းဘေး ဘုရားကြီးစုကျေးရွာအနီးတွင် ရေသန့်စင်စက်ရုံတည်ဆောက်ပြီး တွံတေးတူးမြောင်းမှ ရေကိုရယူသန့်စင်မည်ဖြစ်သည်။

ဒလမြို့တွင် ရေဂါလန် ၃ ဒသမ ၃ သန်းဆံ့ Service Reservoir & Pumping Station တည်ဆောက်ပြီး ဒလမြို့အတွင်းသို့ ထပ်ဆင့်ဖြန့်ဖြူးပေးဝေသွားမည်ဖြစ်သည်။ ရေသန့်စင်စက်ရုံမှ ဒလမြို့သို့ ရေပိုက်လိုင်းဆက်သွယ်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆

## ဆီးရီးယားသမ္မတ အာဆတ်တို့ဇနီးမောင်နှံ ကိုဗစ်- ၁၉ ကူးစက်ခံရ

စာမျက်နှာ » ၁၂

................

## ကိုဗစ် - ၁၉ ကာကွယ်ဆေးများကို ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့၏ ဆေးဝန်ထမ်းများကို စတင်ထိုးနှံပေး

စာမျက်နှာ » ၁၃

# ပုံစံကောင်းရရှိနေတဲ့ ချယ်ဆီးအသင်း အဲဗာတန်အသင်းကို ဂိုးပြတ်အနိုင်ယူ



ပရီမီယာလိဂ်ပွဲစဉ် (၂၈) အဖြစ် ချယ်ဆီးအသင်းနှင့် အဲဗာတန်အသင်းတို့ပွဲစဉ်ကို မတ် ၉ ရက် နံနက်ပိုင်းက ချယ်ဆီးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်ဆီးအသင်းက နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ချယ်ဆီး အသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန်အတွက် အင်အားအတောင့်တင်းဆုံးပုံစံဖြစ်သည့် မန်ဒီ၊ အက်ပလီကျူတာ၊ ခရစ္စတန်ဆန်၊ ဇူးမား၊ ဂျိမ်းစ်၊ ဂျော်ဂျင်ဟို၊ ကိုဗာဆစ်၊ အလွန်ဆို၊ အိုဒွိုင်း၊ ဟာဗက်ဇ်၊ ဝါနာစသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ အဲဗာတန်အသင်းကလည်း ပစ်ဖို့ဒ်၊ ဂေါ့ဒ်ဖရေး၊ ကိန်း၊ ဟိုးဂိတ်၊ ဒစ်နီ၊ အယ်လန်း၊ ဂိုမက်စ်၊ အီယိုဘီ၊ ဆီဂတ်ဆန်စသည့် ကစားသမားများဖြင့် ချယ်ဆီးအသင်းကို ရင်ဆိုင်လာခဲ့သည်။

နည်းပြတူချယ် လက်အောက်တွင် ပုံစံကောင်းရရှိနေသည့် ချယ်ဆီးအသင်းသည် ယနေ့ပွဲစဉ်တွင် အဲဗာတန်အသင်းဘက်သို့ ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ကန်သွင်းမှု အသာဖြင့် ဖိအားပေး ကစားနိုင်ခဲ့သည်။ ပထမပိုင်းပွဲကစားချိန် ၃၁ မိနစ်တွင် အဲဗာတန်အသင်းမှ ဘင်ဂေါ့ဒ်ဖရေး ကိုယ့်ဂိုးကို သွင်းယူမိသလို ဖြစ်ခဲ့၍ ချယ်ဆီးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။

ထို့နောက် အဲဗာတန်အသင်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် ပထမ *စာမျက်နှာ ၁၁ ကော်လံ ၁* ●